# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ပြာသိုလဆန်း ၁၃ ရက်၊ စနေနေ့။ Saturday, 30 December 2017 ၉၁၅၄


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

# ငြိမ်းချမ်းရေးမရှိတာကြောင့် ကန့်သတ်နယ်မြေ တချို့တွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးမှုနောင့်နှေးနေ ငြိမ်းချမ်းရေးသာရှိခဲ့မယ်ဆိုရင် ကျွန်တော်တို့ပြည်နယ်ကြီးဟာ အများကြီးဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်း ကျင်းပ

**လွိုင်ကော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ငြိမ်းချမ်းရေး စကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ငြိမ်းချမ်းရေးစကားဝိုင်းကို လူငယ်တွေနဲ့ကျင်းပခဲ့တာ ၄၊ ၅၊ ၆ ခါ လောက်ရှိပါပြီ၊ နေရာအသီးသီးမှာ လူငယ်တွေနဲ့ ဒီလို ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ကျင်းပတဲ့နေရာမှာ တိုက်ပွဲတွေမဖြစ်ခဲ့တဲ့ ဒေသတွေမှာဆိုရင် ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ နားလည်မှု ဗဟုသုတရော၊ စိတ်ဝင်စားမှုရော နည်းနည်းနည်းတယ်ဆိုတာကို တွေ့ခဲ့ရပါတယ်။

"ဒါပေမယ့် တိုက်ပွဲတွေဖြစ်ခဲ့တဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ နောက်ပြီး အရင်တုန်းက မငြိမ်းချမ်းဘဲနဲ့ နောက်ငြိမ်းချမ်းသွားတဲ့အခြေအနေမှာ ဘယ်လိုအပြောင်းအလဲတွေ ရှိနေတယ်ဆိုတာကို ပိုပြီးတော့ နားလည်တယ်ဆိုတာ သတိပြုမိပါတယ်၊ ပိုပြီးတော့နားလည်တဲ့ ဒေသတွေမှာဆိုရင် ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးရတာ ပိုပြီးတော့ ထဲထဲဝင်ဝင်ရှိပါတယ်၊ ဒါကြောင့်မို့ ဒီကယားပြည်နယ်မှာလည်း လူငယ်တွေနဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ဆွေးနွေးတဲ့အခါ ပိုပြီးတော့ ထိထိရောက်ရောက် ဖြစ်နိုင်မယ်လို့ မျှော်လင့်ပါတယ်၊ ဒီကလူငယ်တွေရဲ့အသံကို တစ်တိုင်းပြည်လုံးက

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်း ဆွေးနွေးပွဲ ပြုလုပ်စဉ်။**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကယားပြည်နယ် ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံ

**လွိုင်ကော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈နာရီ မိနစ် ၅၀ တွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိလာရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်မြို့ရှိ သမိုင်းဝင် အထင်ကရ စေတီတော်များဖြစ်သည့် မြို့နာမ်စေတီတော်နှင့် သီရိမင်္ဂလာစေတီ(တောင်ကွဲစေတီ)တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ဆက်ကပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြို့နာမ်စေတီတော်ရှိ ဗုဒ္ဓမြတ်စွယ်တော်ကျောင်းတိုက်၌ ကယားပြည်နယ် သံဃမဟာနာယကဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာစက္က အား ဖူးမြော်ကြည်ညိုပြီး

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

**နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ၁၀၀ ကျပ်တန် အထူးထုတ်တံဆိပ်ခေါင်း သုံးမျိုးရောင်းချပေးမည်**

စာမျက်နှာ » ၁၂


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

## ကြေးမုံ

# မသန်သော်လည်း စွမ်းပါသည်

မသန်မစွမ်းဟူသော ဝေါဟာရမှာ ကိုယ်အင်္ဂါချို့ယွင်း(ပကတိအခြေအနေမှ ယုတ်လျော့ပျက်ယွင်းသူ) သူတို့အပေါ်တွင် နှိမ့်ချရာသဘောသက်ရောက်သည့် အသုံးအနှုန်းဖြစ်သည်။ အမှန်တကယ်တွင် ကိုယ်ခန္ဓာတစ်စုံတစ်ရာ ချို့ယွင်းနေသူတို့အနေဖြင့် ထိုချို့ယွင်းနေမှုကို အကြောင်းပြု၍ အားငယ်စိတ်ပျက်ခြင်း အလျှင်းမျှမရှိဘဲ သူတကာထက် ထူးချွန်အောင် စွမ်းဆောင်နိုင်ကြသောကြောင့် 'မသန်စွမ်း'ဟူသော ဝေါဟာရကို ပြောင်းလဲအသုံးပြုကာ "မသန်သော်လည်း စွမ်းနိုင်သူ"ဟု လေးနက်စွာ ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ၂ ဒသမ ၃ သန်းရှိသည်ဟု သိရသည်။ နိုင်ငံ၏လူဦးရေ သန်း ၅၀ ကျော်တွင် ၄ ဒသမ ၆ ရာခိုင်နှုန်းကျော်ရှိသည်။ မသန်စွမ်းသူအများစုသည် သန်စွမ်းသူများထက်ပင်ပို၍ ၎င်းတို့၏ဘဝအတွက် ပိုမိုရုန်းကန်ကြိုးစားကြရသည်။ မသန်စွမ်းမှုအမျိုးမျိုးအနက် မျက်မမြင်များ၊ စကားမပြောနိုင်သူများ၊ လက်ခြေတစ်မျိုးမျိုး ဆုံးရှုံးနေသူများ၊ နှစ်မျိုးစလုံး ဆုံးရှုံးနေသူများမှာ ၎င်းတို့၏ဘဝများအတွက် စိတ်ပျက်လက်လျှော့ခြင်းမပြုဘဲ ကျန်ရှိသည့် ကိုယ်အား၊ ဉာဏ်အားဖြင့် အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြပြီး ထူးချွန်ပြောင်မြောက်သူများ အမြောက်အမြားရှိသည်။ အချို့လည်း ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်နေမှုကို အကြောင်းပြု၍ သူတစ်ပါးအပေါ် မှီခိုအားထားကြသူ အနည်းငယ်ရှိသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံရှိ မသန်စွမ်းသူ လူဦးရေ နှစ်သန်းကျော်အတွက် ဖေးမကူညီစောင့်ရှောက်မှုပေးနိုင်ရန်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို အသိအမှတ်ပြု ဆောင်ရွက်သည့်အနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထို့နောက် နိုင်ငံတော်အစိုးရက မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ဖွဲ့စည်းပေးခဲ့သည်။

မြန်မာနိုင်ငံရှိ မသန်စွမ်းသူများကို အားပေးမြှင့်တင်ပေးနေသော်လည်း ၎င်းတို့၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အခြားနိုင်ငံသားများကဲ့သို့ တန်းတူညီမျှ ရရှိခံစားနိုင်ရေးအတွက် အခက်အခဲနှင့် စိန်ခေါ်မှုများ ဆက်လက်ကြုံတွေ့နေရဆဲဖြစ်သည်ဟု သိရသည်။ မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင်ဖန်တီးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အမျိုးအစားအလိုက် ရုပ်ဝတ္ထုပစ္စည်းဆိုင်ရာ ဖြည့်ဆည်းပေးမှု အားနည်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဖြည့်ဆည်းပေးမှု မရှိခြင်းနှင့် မသန်စွမ်းသူများအပေါ် နားလည်သဘောပေါက်မှု အမြင်သဘောထားဆိုင်ရာ အတားအဆီးများအား ယနေ့ထက်တိုင် မြင်တွေ့ကြားသိနေရဆဲဖြစ်သည်ဟု သိရသည်။

မသန်စွမ်းမှုသည် လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့် အကြောင်းအရာတစ်ခုမဟုတ်ဘဲ မသန်စွမ်းမှုဆိုင်ရာ အရေးကိစ္စတို့ကို လျစ်လျူရှုထားခြင်းနှင့် မသန်စွမ်းသူများကို ချန်လှပ်ထားခြင်းသာလျှင် လူအဖွဲ့အစည်း၏ ရေရှည်တည်တံ့မှုရှိသော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို လျှောက်လှမ်းရာတွင် ထိခိုက်၊ နှောင့်နှေး၊ ကြန့်ကြာစေနိုင်သည့်အတွက် မသန်စွမ်းသူများအားလုံး တန်းတူအခွင့်အရေးရရှိစေရန်၊ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အားလုံးပူးပေါင်းမြှင့်တင် ဆောင်ရွက်သွားရန် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တိုက်တွန်းပြောကြားထားသည်။

သို့ဖြစ်ရာ မသန်စွမ်းသူများ ဂုဏ်သိက္ခာရှိစွာဖြင့် ရပ်တည်ရေးနှင့် အမှီအခိုကင်းစွာ နေထိုင်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးကြရမည်ဖြစ်သည်။ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုတို့ကို အသိအမှတ်ပြုရန် လိုအပ်သည်။ လုပ်ငန်းခွင်နေရာများတွင် မသန်စွမ်းသူများအတွက် အဆင်ပြေသင့်လျော်သည့် ပတ်ဝန်းကျင်ဖန်တီးပေးရေးနှင့် လိုအပ်သောနည်းပညာများ ထောက်ပံ့ဖြည့်ဆည်းပေးရန် လိုအပ်သည်။ ဤသို့ဆောင်ရွက်ပေးမှသာ မသန်စွမ်းသူများ စိတ်ဓာတ်နှင့် ခွန်အားများ တိုးတက်လာပြီး မသန်သော်လည်း စွမ်းနိုင်သူများ စစ်စစ်ပေါက်ပေါက် ထွန်းကားလာမည်ဖြစ်ပါသည်။ ။




## ဦးမြင့်ဆွေအား နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေအား ၎င်း၏လက်ရှိတာဝန် ဝတ္တရားများအပြင် ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယား ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

**သတင်းစဉ်**

## တန်ဖိုးမြင့် လယ်ယာထွက်ကုန်များ တင်ပို့နိုင်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် Japan External Trade Oragnization မှ မန်နေဂျင်းဒါရိုက်တာ မစ္စတာ ဟီရိုကာဂိုကဇူယာမိုကာနှင့် တိုကျိုရုံးချုပ်မှ မစ္စတာ ကာဇူဖူမိတာနာကာတို့ အဖွဲ့အား ယမန်နေ့ နံနက် ၁၁ နာရီက ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးစဉ် သမဝါယမအသင်းလုပ်ငန်းစုများတွင် ဂျပန်ထုတ်ကုန်ပစ္စည်းများ ထည့်သွင်းပြသရောင်းချခြင်းအားဖြင့် မြန်မာနိုင်ငံ ကုန်ပစ္စည်းများ၊ အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းစဉ်တွင် အထောက်အကူဖြစ်စေရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ဂျပန်နိုင်ငံ စီးပွားရေးမစ်ရှင်အဖွဲ့များနှင့် မြန်မာနိုင်ငံ လုပ်ငန်းရှင်များပူးပေါင်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်ကိစ္စရပ်များ၊ စံသတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကုန်ပစ္စည်းများ ပြည်ပသို့ ချိတ်ဆက်တင်ပို့ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန်များ၊ လယ်ယာလုပ်သားရှားပါးမှုပြဿနာ ဖြေရှင်းနိုင်ရန် စက်မှုလယ်ယာစနစ် ကူးပြောင်းဆောင်ရွက်မှုများ၊ မျိုးကောင်းမျိုးသန့်များ တင်သွင်းရေးဆိုင်ရာများနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အဆင့်မြင့်နည်းပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားရေး၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အရည်အသွေးမီ ထွက်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်ပြီး ခိုင်မာသောဈေးကွက်ရရှိရေး၊ တန်ဖိုးမြင့် လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်တင်ပို့ရောင်းချသည့်အဆင့်အထိ ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဆေးဝါးသုံးစွဲရာတွင် လုံခြုံစိတ်ချမှုရှိစေရေး စစ်ဆေး

**စစ်တွေ ဒီဇင်ဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန စစ်တွေမြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဦးဆောင်၍ အများပြည်သူတို့ ဆေးဝါးသုံးစွဲရာတွင် လုံခြုံစိတ်ချမှုရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက စစ်တွေမြို့ပေါ်ရှိ ဆေးဆိုင်များတွင် ဆောင်ရွက်ခဲ့ကြသည်။



စစ်ဆေးရာတွင် ဆေးရောင်းချခွင့်လုပ်ငန်းလိုင်စင် ရှိ၊ မရှိ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိ ဆေးဝါးအတုများ၊ စံမညီဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ၊ ပျက်စီးနေသောဆေးဝါးများ၊ ရောနှောဆေးဝါးများ၊ ကျန်းမာရေးဝန်ကြီးဌာနက သုံးစွဲရန်မသင့်ဟု အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၃၀၀၀ | - | ၉၃၃၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၃၀၀၀ | - | ၉၃၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၇၅/၇၉၅ ကျပ်၊ | ၈၃၀/၈၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၂၅/၈၃၅ ကျပ်၊ | ၉၁၀/၉၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၀/၇၉၅ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၉၅/၈၁၅ ကျပ်၊ | ၈၅၀/၈၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၅၀/၇၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၇/၇၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၅/၇၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၆. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၈. ၄၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၆၉၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၅. ၃၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၂၅၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၆. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇. ၅၄ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၁. ၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၈. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

☆ ရှေ့ဖုံးမှ

နားထောင်ပြီးတော့ စိတ်ဝင်စားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

"ဒီထဲမှာ ဝန်ထမ်းတွေလည်းပါတယ်၊ ဝန်ထမ်းမဟုတ်တဲ့ ပုဂ္ဂိုလ်တွေလည်းပါတယ်၊ အဲဒီတော့ ဝန်ထမ်းတွေရဲ့ အနေအထားနဲ့ ဝန်ထမ်းမဟုတ်တဲ့ ပုဂ္ဂလိကလုပ်ငန်းလုပ်နေတဲ့ လူငယ်တွေရဲ့ အနေအထားကတော့ မတူပါဘူး၊ မတူပေမယ့်လည်း အားလုံးက အတူလက်တွဲပြီးတော့ လုပ်ရမှာပါပဲ။

**စိတ်ဝင်စားစရာ**

"တချို့တွေက ဒီမိုကရေစီ အခွင့်အရေးဆိုတာ ကိုယ်ပြောချင်သလောက် ပြောလို့ရတယ်လို့ ထင်နေတယ်၊ ဒါပေမယ့် ဒီမိုကရေစီ အခွင့်အရေးဆိုတာ တခြားသူတွေရဲ့ အခွင့်အရေးတွေကိုလည်း လေးစားရမယ်၊ ကိုယ်တစ်ယောက်တည်း ဖိပြီးပြောလို့ မရပါဘူး၊ တခြားသူတွေလည်းပြောဖို့ အချိန်ရှိရမယ်ဆိုတာကိုတော့ သတိပြုစေချင်ပါတယ်၊ ပြောစရာတွေကို ပြင်ဆင်ပြီးယူလာခဲ့တာ ကောင်းပါတယ်၊ ဒါပေမယ့် ကိုယ့်စိတ်ထဲကို ရောက်တာကိုလည်း ပွင့်ပွင့်လင်းလင်း အလွတ်သဘောမျိုးလည်း ပြောလို့ရပါတယ်၊ တစ်ခါတလေ အဲဒါက ပိုပြီးတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်"ဟု နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကယားပြည်နယ်မှ ဒေသခံလူငယ် ရှစ်ဦးက တရားမျှတမှုနှင့် ငြိမ်းချမ်းရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ တန်းတူညီမျှမှု၊ လူ့အခွင့်အရေး၊ ဖက်ဒရယ်ကို အခြေခံသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်ရေး၊ လက်နက်ကိုင်ပဋိပက္ခ၊ စစ်ကြောင့် တွေ့ကြုံခဲ့ရသည့် ဒုက္ခများ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ လယ်ယာမြေကိစ္စ၊ NCA စာချုပ်၊ အမျိုးသမီး၏ အခန်းကဏ္ဍနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ရေးနှင့် ရိုးရာယဉ်ကျေးမှုစာပေများ ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဦးသျှားရယ် (နိုင်ငံ့ဝန်ထမ်း)**က "အရင်က ငြိမ်းချမ်းမှုမရှိသေးဘူး၊ ဒီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုတာလည်း လုံလောက်စွာ မရသေးတဲ့အချိန်မှာ ကျွန်တော့်မိသားစုတွေဖြစ်တဲ့ ကျွန်တော့် အဘိုး၊ ဦးလေးတွေ၊ အစ်ကိုဝမ်းကွဲတွေဆိုရင် အဲဒီမှာပဲ အသက်ဆုံးရှုံးသွားခဲ့ရပါတယ်၊ တိုက်ပွဲတွေကြားမှာ ရှောင်ရင်းတိမ်းရင်း ပြေးရင်းလွှားရင်းနဲ့ တောခိုရင်းနဲ့ အသက်ပါသွားကြပါတယ်၊ ဒါတင်မကသေးပါဘူး၊ အခုမြင်တွေ့နေရတဲ့ တခြားတိုင်းရင်းသားတွေရော ခံစားကြရလိမ့်မယ်လို့ ထင်ပါတယ်၊ ဒီအဖြစ်အပျက်ဟာ ကျွန်တော့်ရင်ထဲမှာ ကြောက်လန့် ထင်ကျန်နေဆဲပါပဲ၊ ဒါဟာအရင်က အဖြစ်အပျက်တွေပါ။

**တိုးတက်လာမယ်**

"အခုမျက်မှောက် လက်ရှိအခြေအနေမှာဆိုရင် ငြိမ်းချမ်းရေးမရှိတာကြောင့် ကန့်သတ်နယ်မြေတချို့ရှိနေဆဲပါ၊ တချို့ကန့်သတ်နယ်မြေဆိုရင် ငြိမ်းချမ်းရေးမရရှိတာကြောင့် ဒီပြည်နယ်အတွင်းမှာ ပညာရေးဖြစ်ဖြစ်၊ ကျန်းမာရေးဖြစ်ဖြစ်၊ စီးပွားရေးဖြစ်ဖြစ် ဖွံ့ဖြိုးမှုနှောင့်နှေးနေတာကို ကျွန်တော်တို့ အသိပဲဖြစ်ပါတယ်၊ နိုင်ငံတော်အစိုးရဘက်မှာလည်း ဖွံ့ဖြိုးမှုကို ဆောင်ရွက်တဲ့နေရာမှာ ငြိမ်းချမ်းရေးမရှိတာကြောင့် လွှမ်းခြုံမှုမရှိပါဘူး၊ လွှမ်းခြုံမှုမရှိတာကြောင့် အဟန့်အတား၊ အတားအဆီးကြီးတစ်ခု ဖြစ်နေတယ်ဆိုတာကို သိရပါတယ်။

"တကယ်လို့များ ငြိမ်းချမ်းရေးသာရှိခဲ့မယ်ဆိုရင် ကျွန်တော်တို့ ပြည်နယ်ကြီးဟာ ဒီထက်အများကြီး မြို့ပြတွေမှာသာမက ကျေးလက်တွေမှာလည်း အများကြီး ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်၊ ကျွန်တော့်ရင်ထဲမှာ မေးခွန်းတစ်ခု ထွက်လာပါတယ်။

"ငြိမ်းချမ်းရေး အသီးအပွင့် မခံစားရသေးတဲ့ ကျွန်တော်တို့ ဒေသတွေအတွက် ဘယ်လိုစဉ်းစား အဖြေရှာကြမလဲပေါ့၊ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ဆောင်ရွက်တဲ့နေရာမှာလည်း ပြည်သူလူထုတွေ ပိုမိုသိသာထင်ရှားလာအောင် ဘယ်လိုချပြရမလဲဆိုတဲ့ မေးခွန်းထွက်လာပါတယ်၊ နောက်ဆုံးတင်ပြလိုတာက ပြည်သူလူထုတွေတောင်းဆိုတဲ့ ငြိမ်းချမ်းရေးကို လိုချင်တယ်ဆိုရင် တရားမျှတမှုကို လုပ်ဆောင်ပါဆိုတဲ့ စကားဖြစ်ပါတယ်။

"ငြိမ်းချမ်းရေး မရှိသရွေ့ကတော့ ဒီအမှန်တရားဆိုတာ ဖြစ်လာမှာမဟုတ်ပါဘူး၊ တရားမျှတမှုဆိုတာလည်း ရှိလာမှာ မဟုတ်ပါဘူး၊ ဘာလို့လဲဆိုတော့ နိုင်ငံတစ်နိုင်ငံမှာ ငြိမ်းချမ်းရေးသာမရှိဘူးဆိုရင် တည်ငြိမ်အေးချမ်းမှုမရနိုင်ဘူး၊ တည်ငြိမ်အေးချမ်းမှု မရှိတော့ တရားမျှတမှုဆိုတာ ပျောက်ကွယ်နေဦးမှာပဲ ဖြစ်ပါတယ်ဆိုတာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေကို သိစေချင်တယ်။

**အားလုံးအတူတူ**

"ငြိမ်းချမ်းရေးကို လိုချင်တယ်ဆိုရင် တရားမျှတမှုကို အရင်ဆုံးရအောင်လုပ်ရမယ်၊ ကျွန်တော်တို့ဘက်မှာလည်း ကြိုးစားရမှာရှိသလို ပြည်သူလူထုတွေအထဲမှာ တရားမျှတမှုကို မျှော်လင့်နေတဲ့ ပြည်သူလူထုတွေအနေနဲ့လည်း ငြိမ်းချမ်းရေးကို လိုလားတောင့်တတဲ့စိတ် ရှိဖို့လိုပါတယ်၊ အထူးသဖြင့် ကျွန်တော်တို့လူငယ်တွေ ဖြစ်ပါတယ်၊ ကျွန်တော်တို့ လူငယ်တွေလည်း ပါဝင်ဆွေးနွေးစေချင်ပါတယ်။

"အဓိကပြောချင်တာက ငြိမ်းချမ်းရေးကို ဖော်ဆောင်တဲ့နေရာမှာ ဦးစီးဦးဆောင်နေတဲ့ အမေစုတို့လို ခေါင်းဆောင်ကြီးမှာလည်း တာဝန်ရှိသလိုပဲ ကျွန်တော်တို့ လူငယ်တွေကိုယ်တိုင်ရော၊ တခြား တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံးရော တာဝန်ရှိတဲ့အတွက် အားလုံးအတူတူ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စေလိုပါတယ်လို့ ကျွန်တော်တင်ပြချင်ပါတယ်"ဟု ဆွေးနွေးသည်။

**ဒေါ်အဲလစ်ထွန်း (Level Up Academy ကိုယ်ပိုင်သင်တန်းကျောင်း-ကျောင်းအုပ်)**က "ကျွန်မဆွေးနွေးချင်တဲ့ အကြောင်းအရာကတော့ ငြိမ်းချမ်းရေးနဲ့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးလို့



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံလူငယ်များ၏ စကားဝိုင်းကို လာရောက်နားထောင်နေကြသည့် ဒေသခံပြည်သူများကို တွေ့ရစဉ်။**

ပြောတဲ့နေရာမှာ နှစ်မျိုးရှိတယ်လို့ မှတ်သားဖူးပါတယ်၊ ပထမတစ်ခုကတော့ အနုတ်လက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေး ဖြစ်ပါတယ်၊ ဒုတိယတစ်ခုက အပေါင်းလက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေး ဖြစ်ပါတယ်။

**ငြိမ်းချမ်းရေး**

"အနုတ်လက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးဆိုတာ ဘယ်လိုဆိုလိုတာလဲဆိုတော့ အကြမ်းဖက်မှုတွေ၊ စစ်မက်တွေမရှိတဲ့ အခြေအနေဖြစ်တဲ့ ငြိမ်းချမ်းရေးလို့ ပြောပါတယ်၊ အပေါင်းလက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးကျတော့ ကျွန်မတို့ရဲ့ အခြေခံလိုအပ်ချက်တွေ၊ လူတွေရဲ့စိတ်ကျေနပ်မှုတွေ ရှိနေပြီးတော့ အေးချမ်းသာယာတဲ့ ငြိမ်းချမ်းရေးလို့ မှတ်သားသိရှိရပါတယ်။

"အနုတ်လက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးမရှိတဲ့အတွက်ကြောင့် ဘယ်လိုတွေ ခံစားခဲ့ရလဲ၊ ရှိလာတဲ့အတွက်ကြောင့် ဘယ်လိုကောင်းကျိုးတွေ ရှိလာမလဲဆိုတာကို အများအားဖြင့် သိကြပါတယ်။

"ကျွန်မတို့ပြည်နယ်မှာလည်း အနုတ်လက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးလို့ ပြောတဲ့ အကြမ်းဖက်မှုတွေ၊ စစ်မက်တွေ လျော့ကျလာတဲ့အတွက် ဖွံ့ဖြိုးရေးတွေ များစွာ ဖြစ်လာပါတယ်၊ လူမှုကူညီမှုအဖွဲ့တွေဖြစ်တဲ့ NGO, INGO တွေ ဝင်လာပါတယ်၊ ကူညီလုပ်ဆောင်ပေးမှုတွေ အများကြီးရှိလာပါတယ်၊ ပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေလည်း ဝင်လာပါတယ်၊ ဒါကတော့ ဒေသအတွက် ဖွံ့ဖြိုးတိုးတက်ရေးတွေ ဖြစ်လာပါတယ်။

**စားဝတ်နေရေး**

"တစ်ဖက်မှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျတော့ အပေါင်းလက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးကို ပိုပြီးတော့ ဦးတည်တယ်လို့ ကျွန်မမြင်ပါတယ်၊ ဘက်စုံဖွံ့ဖြိုးရေးလို့ ပြောတဲ့နေရာမှာ အလွန်ကျယ်ပြန့်ပါတယ်၊ လူမှုဖွံ့ဖြိုးရေးကို အဓိကပြောချင်ပါတယ်၊ ကျွန်မတို့ရဲ့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတွေ ပါမယ်၊ တရားမျှတမှု၊ လူ့အခွင့်အရေးတွေ၊ တန်းတူညီမျှမှုတွေ ရနေတယ်ဆိုရင် ပိုပြီးတော့ ငြိမ်းချမ်းနေမှာ ဖြစ်ပါတယ်၊ ကျွန်မတို့က ငြိမ်းချမ်းရေးရပြီ၊ တိုးတက်လာပြီ ပြောပေမယ့် ဒေသခံတွေကနေ လက်ရှိအခြေအနေကို မကျေနပ်ဘူးပေါ့နော်။

"ကျွန်မတို့ရဲ့ သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးကုန်မယ်၊ တန်းတူအခွင့်အရေးတွေမရဘူး၊ အကျိုးအမြတ်တွေ ခံစားလို့မရဘူးဆိုရင် ကျွန်မတို့ မငြိမ်းချမ်းနိုင်ပါဘူး၊ အဲဒါကြောင့် ကျွန်မတို့ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားတဲ့အခါမှာ ဒေသခံတွေရဲ့ ကျေနပ်မှုတွေ၊ ပူးပေါင်းပါဝင်မှုတွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတွေကိုလည်း စဉ်းစားရမှာဖြစ်ပါတယ်၊ ရေရှည်မှာလည်း အားလုံးပျော်ရွှင်စွာ နေထိုင်သွားရမှာဖြစ်တဲ့အတွက် အမျိုးသားရင်ကြားစေ့ရေးကလည်း အရေးကြီးတယ်လို့ မြင်ပါတယ်။

"အချုပ်အနေနဲ့ ကျွန်မတို့အနာဂတ်မှာ မငြိမ်းချမ်းရတဲ့ အကြောင်းအရင်းတွေ အခုအချိန်မှာ မဖန်တီးမိစေဖို့၊ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးတွေကို အလေးပေး စဉ်းစားဖို့လိုပါတယ်လို့ မြင်ပါတယ်၊ ဘယ်လိုဖွံ့ဖြိုးရေးမျိုးကိုပဲ လုပ်လုပ် ဖက်ဒရယ်ကို အခြေခံတဲ့ ဖွံ့ဖြိုးရေးတွေကို လုပ်မယ်ဆိုရင် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးတွေရမယ်လို့ ကျွန်မအနေနဲ့ သုံးသပ်မိပါတယ်"ဟု ဆွေးနွေးသည်။

**ဦးမာရီးယို (တောင်သူ)** က "ကျွန်တော်က လယ်ယာသမားတစ်ဦးပါ၊ ပညာအရည်အချင်းလည်း မရှိပါဘူး၊ စာပေလေ့လာရေးမှာလည်း သိပ်အတွေ့အကြုံ မရှိပါဘူး၊ ကျွန်တော့်ရင်ထဲကအတိုင်း ခံစားနေရတဲ့ဟာတွေကိုပဲ ပြောပြမှာပါ၊ ကျွန်တော်အခုဆွေးနွေးလိုတဲ့ အခန်းကဏ္ဍကတော့ ငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားတို့ရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။

"တကယ်တော့ ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍမှာ အလွန်အရေးပါပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နှစ်(၆၀) လောက် ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်မီး တောက်လောင်မှုကြောင့် ကျွန်တော်တို့ တိုင်းရင်းသားတွေ အခုထိ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်၊ တောင်သူမဲ့၊ လယ်ယာမဲ့ ဖြစ်ခဲ့ရပါတယ်၊ ဒါကြောင့် ကျွန်တော်ငယ်ငယ်ကတည်းက အဲဒီစစ်ဖြစ်ပွားမှုအတွင်းမှာပဲ ကြုံလာခဲ့ရတယ်၊ ကြောက်လည်း ကြောက်ခဲ့ရတယ်၊ ညဆိုလည်း အိမ်အောက်မှာ အိပ်ရတယ်၊ အိမ်ပေါ်မှာ မအိပ်ရဘူး၊ ကျောင်းတက်ပြီဆိုတော့လည်း စာလည်းမကျက်ခဲ့ရဘူး၊ ကျောင်းရောက်ပြန်တော့လည်း ဆရာမကတုတ်နဲ့ ခြိမ်းခြောက်ပြန်ရော၊ အဲဒီ အတွေ့အကြုံလေးတွေ ခံစားခဲ့ရတယ်၊ ကျွန်တော်အခုအချိန်ထိ အမေစုနား၊ အမေစုရှေ့မှာ ရောက်နေလည်း ကြောက်စိတ်တွေနဲ့ပဲ အသက်ရှင်နေရတာပါ။

**တိုင်းရင်းသားတွေ**

"ကျွန်တော်နဲ့တကွ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားအားလုံးပါပဲ၊ အခုအချိန်အထိ ကျွန်တော်တို့ရင်ထဲမှာ အမြစ်တွယ်နေတာဟာ ကြောက်စိတ်တစ်ခုပါပဲ၊ ဒါကို နားလည်ပေးပါလို့ ကြုံပြီး မေတ္တာရပ်ခံချင်ပါတယ်၊ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ အင်မတန်ရိုးသားပါတယ်၊ ဘယ်လောက် ရိုးသားသလဲဆိုရင် ကျွန်တော်တို့တိုင်းရင်းသားတွေ ကိုယ်တိုင်လုပ်တဲ့ ထမင်း၊ ဟင်းတွေကိုတောင်မှ ကျွန်တော်တို့ မကောင်းတဲ့ဟာပဲစားပြီး လူကြီးတွေ၊ အစိုးရတွေကို ကျွန်တော်တို့ ထမင်းကောင်းကောင်းလေးနဲ့ ရောင်းချပေးနေပါတယ်။

"ဒါကြောင့် ကျွန်တော်တို့ ထမင်း၊ ဟင်းကောင်းတဲ့ဟာကို ဝယ်စားတာနဲ့အတူတူ မကောင်းတဲ့ ထမင်း၊ ဟင်းကိုလည်း ဝယ်စားပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်၊ ပြည်တွင်းစစ်ကြောင့်လည်း ကျွန်တော်တို့ လူငယ်တွေ၊ ဒေသခံတိုင်းရင်းသားတွေ၊ တောင်ပေါ်ဒေသသားတွေ ကြောက်စိတ်နဲ့ ကျွန်တော့်လိုမျိုးပဲ အများကြီးကြုံနေရပါတယ်၊ ဒါတွေကို ကျွန်တော်တို့ တိုင်းရင်းသားလူငယ်တွေနဲ့တကွ တိုင်းရင်းသားရဲ့ အခန်းကဏ္ဍနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကို ဆွဲဆောင်၊ ဆွဲခေါ်ပေးဖို့၊ ပြီးတော့ ကျွန်တော်တို့ရဲ့ ပြည်တွင်းစစ်အနေနဲ့ ဒီပြောင်းလဲချိန်တန်ပြီဆိုတာကို ဒီအဖွဲ့အစည်းတွေ၊ ဒီလက်နက်ကိုင် တပ်ဖွဲ့တွေလည်း ကျွန်တော်တို့ရဲ့ ပြောင်းလဲချိန်မတန်သေးဘူးလားလို့ဆိုတာကို ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေကိုယ်စား မေးချင်ပါတယ်"ဟု ဆွေးနွေးသည်။

**ပွင့်လင်းမြင်သာမှုရှိ**

**ဒေါ်နှင်းနုဝေ (စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ)** က "ကျွန်မဆွေးနွေးမယ့် အကြောင်းအရာကတော့ ပြည်နယ်အတွင်း ငြိမ်းချမ်းရေးဖြစ်စဉ် ဖြစ်ပါတယ်၊ ပထမဆုံးအနေနဲ့ ငြိမ်းချမ်းရေးဆိုတာ နိုင်ငံအတွင်းမှာ ဖြစ်စေ၊ ပြည်နယ်အတွင်းမှာ ဖြစ်စေ မတူကွဲပြားတဲ့ အသင်းအဖွဲ့တွေ၊ လူငယ်တွေအချင်းချင်း အပြန်အလှန် ယုံကြည်လေးစားမှု၊ ပွင့်လင်းမြင်သာမှုရှိမှသာလျှင် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မယ်လို့ ကျွန်မယုံကြည်ပါတယ်။

"ပြီးရင် ပြည်နယ်၊ တိုင်း ငြိမ်းချမ်းမှ တိုင်းပြည် အေးချမ်းမယ်ဆိုတဲ့ အတွက်ကြောင့်လည်း စစ်ပွဲတွေ ရပ်ပေးနိုင်ရင်လည်း အကောင်းဆုံးပဲဖြစ်ပါတယ်၊ ပြီးတော့ လူတိုင်း၊ လူတိုင်းဟာ ငြိမ်းချမ်းရေးကို လိုချင်နေကြတယ်၊ ဒါပေမယ့် တစ်ဖက်မှာလည်း တစ်ကိုယ်ကောင်းဆန်မှုတွေ၊ အာဏာတပ်မက်မှုတွေ၊ အကျိုးစီးပွားတွေ ယှဉ်ပြိုင်နေတဲ့အတွက်ကြောင့်လည်း ငြိမ်းချမ်းရေးဟာ လူတွေနဲ့ ဝေးကွာသွားခဲ့ရတယ်၊ ဒါကြောင့်မို့ ဒီလိုမျိုး နာကြည်းမှုတွေ၊ မုန်းတီးမှုတွေ ရှိနေသရွေ့တော့ ငြိမ်းချမ်းရေးကို ဘယ်တော့မှ ရရှိနိုင်မှာမဟုတ်ပါဘူး။

"ဒါကြောင့်မို့ ပြည်သူတွေအချင်းချင်း ချစ်ခြင်းမေတ္တာတွေပွားပြီးမှ တစ်ဦးအပေါ်တစ်ဦး ချစ်ခြင်းမေတ္တာတွေပွားပြီး အချစ်တွေမျှဝေပေးဖို့လည်း လိုအပ်ပါတယ်၊ ပြီးတော့လည်း အခုအချိန်မှာဆိုရင် အမေစုဦးဆောင်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့ အသင်းအဖွဲ့တွေ၊ ပြီးရင် ငြိမ်းချမ်းရေးစကားဝိုင်းတွေ အများကြီးပြုလုပ်လာတဲ့အတွက်ကြောင့်လည်း ပြည်နယ်အတွက်သာမကဘူး

**စာမျက်နှာ ၄ သို့ »»**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**

»»» **စာမျက်နှာ ၃ မှ**

နိုင်ငံအတွက်လည်း ငြိမ်းချမ်းရေးကို ဦးတည်သွားနေပြီဆိုတာလည်း ပြည်သူတွေ အသိပဲ ဖြစ်မှာပါ။

"ပြီးတော့လည်း အမှန်တကယ်ကို ငြိမ်းချမ်းရေး ဖော်ဆောင်မယ်ဆိုရင် ကျွန်မတို့ပြည်သူအချင်းချင်း စည်းလုံးညီညွတ်ဖို့လိုတယ်၊ ပြီးတော့ ယုံကြည်လေးစားမှုလည်းလိုတယ်၊ ပြီးရင် အပြန်အလှန်ဆွေးနွေးရင်း ညှိနှိုင်းမှုနဲ့ အမှန်တကယ် အလုပ်လုပ်မှသာလျှင် ငြိမ်းချမ်းရေးကို အကောင်အထည် ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

**အစဉ်အမြဲကာကွယ်**

"အခုခေတ်အရ ကြည့်မယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ ဒီမိုကရေစီအသွင် ကူးပြောင်းနေပြီဖြစ်တဲ့အတွက်ကြောင့်လည်း NCA ဟာ ပြည်သူတစ်ရပ်လုံး အတွက် အတော်ကို အရေးပါလာခဲ့ပါတယ်၊ အခုဆိုရင် NCA မှာ လက်မှတ်ရေးထိုးပြီးတဲ့ အဖွဲ့ ၈ ဖွဲ့နဲ့ မရေးထိုးရသေးတဲ့ အဖွဲ့ ၁၃ ဖွဲ့ဆိုပြီး ရှိပါတယ်၊ ပြီးတော့ ကယားပြည်နယ်မှာဆိုရင်တော့ KNPP က လက်မှတ်မရေးထိုးရသေးတဲ့အဖွဲ့ဖြစ်ပါတယ်၊ ဒါပေမယ့်လည်း ဒီနိုင်ငံမှာရှိတဲ့ တပ်မတော်အနေနဲ့လည်း တပ်မတော်ဆိုတာ မိမိနိုင်ငံနဲ့ ပြည်သူတွေကို အစဉ်အမြဲ ကာကွယ်ပေးသွားမယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။

"ဒါ့အပြင် NCA မှာပါဝင်တဲ့ သဘောတူညီချက်တွေကိုလည်း အများပြည်သူသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ချပြပေးဖို့လည်း လိုအပ်တယ်လို့ ထင်ပါတယ်၊ ကျွန်မ အခုလို ငြိမ်းချမ်းရေးစကားဝိုင်းမှာ ဆွေးနွေးခွင့်ရတဲ့ အတွက်ကြောင့်လည်း အလွန်ကို ဝမ်းသာပါတယ်၊ ဒီထက်ပိုပြီးတော့လည်း တပ်မတော်သား လူငယ်တွေ၊ တိုင်းရင်းသား လက်နက်ကိုင်လူငယ်တွေ၊ တကယ့်ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်တဲ့ လူငယ်တွေလည်း အများကြီးရှိပါသေးတယ်၊ အဲဒီလူငယ်တွေကိုလည်း ဒီငြိမ်းချမ်းရေးစကားဝိုင်းမှာ ပါဝင်ဆွေးနွေးစေချင်ပါတယ်၊ ဒါမှသာလျှင် ကျွန်မတို့အားလုံးလိုလားတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီလမ်းစဉ်ကို ကျွန်မတို့ လျှောက်လှမ်းသွားမယ်လို့ ယုံကြည်ပါတယ်"ဟု ဆွေးနွေးသည်။

**ဝါဒဖြူစင်မှုတွေ**

**ဦးစိုးရာဇာဝင်း(စာရေးဆရာ)**က "နိုင်ငံတော်သီချင်းမှာ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည် ဆိုတာ ပါပါတယ်၊ မငြိမ်းချမ်းခြင်းရဲ့ ရင်းမြစ်ကိုရှာလိုက်ရင် မငြိမ်းချမ်းတာဟာ ခွင့်တူညီမျှတွေ မရှိခဲ့ကြဘူး၊ သာတူညီမျှတွေ မရှိခဲ့ကြဘူး၊ နိုင်ငံရေးမူဝါဒတွေ မဖြူစင်ခဲ့ကြဘူးလို့ အနက်ကောက်လို့ရပါတယ်၊ ငြိမ်းချမ်းလာတဲ့အခါမှာ ငြိမ်းချမ်းလာတာနဲ့ တစ်ပြိုင်နက် ခွင့်တူညီမျှမှုတွေ ရှိလာမယ်၊ ဝါဒဖြူစင်မှုတွေနဲ့အတူ အားလုံးလိုလားနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မယ်လို့ အောက်မေ့ပါတယ်။

"လွန်ခဲ့တဲ့ရက်ပိုင်းက ကျွန်တော်တို့ပြည်နယ်မှာ ဖြစ်သွားခဲ့တဲ့ လက်နက်ကိုင်အဖွဲ့နဲ့ တပ်မတော်ရဲ့ ပဋိပက္ခအဖြစ်အပျက်ဆိုရင် ပြည်သူလူထုကြားထဲမှာ တော်တော်လေးကို စိုးရိမ်ကြောက်လန့်မှုတွေ ဖြစ်သွားပါတယ်၊ ငြိမ်းချမ်းရေး ရောင်နီသမ်းခါမှ ပြန်ပြီးမိုးချုပ်သွားမလားတောင် စိုးရိမ်မှုတွေရှိလာတာလည်း ရှိပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ ငြိမ်းချမ်းလာပြီဆိုတာနဲ့ တစ်ပြိုင်နက် ပထမဦးဆုံး ခံစားရမှာက အကြောက်တရားတွေ ကင်းစင်မယ်၊ နောက်တစ်ခါ တရားဥပဒေစိုးမိုးမှုပါပဲ၊ ငြိမ်းချမ်းခြင်းနဲ့ တရားဥပဒေစိုးမိုးမှုကင်းမဲ့ခြင်းဟာ တိုက်ရိုက်အချိုးကျနေတယ်လို့ အောက်မေ့ပါတယ်။

**တိုးတက်မှုနှုန်းမရှိ**

"ဒါကြောင့် ကျွန်တော်တို့ ပြည်နယ်မှာဆိုရင် ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တာတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ပြည်နယ်တော်တော်လှတာ အမေလည်း သိပါတယ်၊ ကျွန်တော်တို့ ဒီပြည်နယ်မှာ တစ်ဖက် ထိုင်းနိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတယ်၊ ထိစပ်တဲ့အခါမှာ မယ်စဲ့နဲ့ ထိုင်းနိုင်ငံကို နယ်စပ်ကုန်သွယ်ရေး စခန်း ဖွင့်ထားတယ်၊ သို့သော်လည်း တိုးတက်မှုနှုန်း မရှိပါဘူး။

"တစ်ဖက်က ရင်းနှီးမြှုပ်နှံမှုတွေ မရောက်လာပါဘူး၊ နောက်တစ်ခါ သံလွင်မြစ်ကမ်းပေါ်၊ ရှားတောမြို့ကနေ တံတားတစ်ဖက် ထိုင်းနိုင်ငံနဲ့ အလွယ်တကူ သွားလို့ရနိုင်တဲ့တံတားမျိုး ဆောက်နိုင်တဲ့အခွင့်အရေးတွေရှိပါတယ်၊ ငြိမ်းချမ်းမှု၊ လုံခြုံမှုမရှိတဲ့အတွက် ဒီလိုဖွံ့ဖြိုးမှုတွေ နှောင့်နှေးနေတယ်၊ ဆရာကြီးဦးအောင်သင်း ပြောဖူးတာရှိပါတယ်၊ စစ်ပွဲဖြစ်ရင် ပထမဦးဆုံး ပိတ်လိုက်ရတာ စာသင်ကျောင်း၊ နောက်ဆုံးမှပိတ်တာ ရဲစခန်း၊ စစ်ပွဲတွေ ပြီးသွားရင် ပထမဦးဆုံးပြန်ဖွင့်တာ ရဲစခန်း၊ နောက်ဆုံးမှဖွင့်တာ စာသင်ကျောင်းဆိုတော့ ပညာရေးနဲ့ပတ်သက်ပြီး နှောင့်နှေးခဲ့ရတာဟာ ငြိမ်းချမ်းမှုဖြစ်စဉ်တွေ မရှိခဲ့ကြလို့ဖြစ်ပါတယ်။

**အခွင့်အလမ်းတွေ**

"တကယ်လို့ ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းရေးရသွားပြီဆိုရင် လွိုင်ကော်မြို့ တင်မက အနီးအနားမြို့ရွာများပါ မိမိနယ်ကနေ နေ့ချင်းပြန် လွိုင်ကော်မြို့ကို လာပြီးတော့ ကျောင်းတက်နိုင်တဲ့ ပညာသင်ယူနိုင်တဲ့ အခွင့်အလမ်းတွေ ရလာမယ်လို့ အောက်မေ့ပါတယ်။

"ငြိမ်းချမ်းမှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး ပြည်ထောင်စုတစ်ခုလုံး ခံစားရမယ့် အသီးအပွင့်တစ်ခုကတော့ အားလုံးလိုလားနေတဲ့ ဖက်ဒရယ်ပြည်ထောင်စု စနစ်ကြီးကို တည်ဆောက်နိုင်မယ်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့ ဆိုတာကလည်း ငြိမ်းချမ်းမှုဖြစ်စဉ်မရဘဲနဲ့ ဘယ်လိုနည်းနဲ့မှ တည်ဆောက်ဖို့ မရနိုင်ဘူးဆိုတာလည်း ကျွန်တော် ပြည်သူတစ်ယောက်အနေနဲ့ ဒီလိုခံယူပါတယ်။

**တာဝန်ရှိတယ်**

"ဒါကြောင့် ဒီနေ့ အမေစုဦးဆောင်ပြီးတော့ အစိုးရအဖွဲ့၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဟာ ဒီနေ့ ငြိမ်းချမ်းမှုကို ဖော်ဆောင်ပေးနိုင်မယ်ဆိုရင် ဒီနေ့ အနာဂတ်ဟာ မျိုးဆက်သစ်တွေကို မကြုံစဖူး အကောင်းဆုံး လက်ဆောင်မွန်ကြီးကို ပေးလိုက်နိုင်မယ်၊ နှစ်ပေါင်း ၆၀ လောက် မျက်စိလည်လမ်းမှားနေတဲ့ ငြိမ်းချမ်းရေးချိုးဖြူငှက်ကြီးဟာ ဒီနေ့ ဒီအချိန်မှာ ကျွန်တော်တို့ မြင်ချင်တဲ့ သံလွင်ခက်ကြီးကို ကိုက်ချီပြီးတော့ ကျွန်တော်တို့ဆီ သယ်ဆောင်လာဖို့ဆိုရင် ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိတယ်လို့ အောက်မေ့ပါတယ်" ဟု ဆွေးနွေးသည်။

**လင်တစ်ကွဲ၊ သားတစ်ကွဲ**

**ဒေါ်မို့မို့ထင်ဇော်မွန်(ပုဂ္ဂလိကလုပ်ငန်းမှ ဝန်ထမ်း)**က "ကျွန်မဆွေးနွေးမယ့် အကြောင်းအရာကတော့ အမျိုးသမီးနှင့် ငြိမ်းချမ်းရေးကဏ္ဍ ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးကဏ္ဍတွေမှာဆိုရင် ကျွန်မတို့အမျိုးသမီးတွေပါဝင်မှု အင်အားတွေ နည်းပါးနေပါတယ်၊ ကျွန်မတို့ ပြည်နယ်အနေနဲ့ ကြည့်မယ်ဆိုရင် ပြည်နယ် မငြိမ်းချမ်းလို့ရှိရင် ဒုက္ခအရောက်ဆုံးကတော့ အမျိုးသမီးတွေပဲဖြစ်ပါတယ်၊ စစ်တွေဖြစ်လာခဲ့လို့ရှိရင် စစ်ဘေးဒဏ်ကြောင့် ဒုက္ခိတတွေ ဖြစ်ကြတယ်၊ အမျိုးသမီးတွေ လင်တစ်ကွဲ၊ သားတစ်ကွဲဖြစ်ကြတယ်၊ အမျိုးသမီးငယ်တွေ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ ခံရပါတယ်၊ အခု ကျွန်မတို့ ကယားပြည်နယ်မှာ ငြိမ်းချမ်းရေးကို အပြည့်အဝ မရရှိသေးပါဘူး၊ ကန့်သတ်နယ်မြေတွေ အခုထိရှိသေးပါတယ်။

"အရင်က ကျွန်မတို့ပြည်နယ်မှာ ငြိမ်းချမ်းရေး အပြည့်အဝ မရရှိတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေက တိုးတက်မှုတွေ နိမ့်ကျခဲ့တဲ့ အခါကျတော့ ကျွန်မတို့ အမျိုးသမီးလူငယ်တွေအတွက် အလုပ်အကိုင်တွေ မပေးနိုင်ပါဘူး။

**ငြိမ်းချမ်းရေး**

"နောက်တစ်ခါ ပညာရေးသင်တန်းတွေ ဖွင့်ထားပေးပေမယ့် လမ်းပန်းဆက်သွယ်ရေးမကောင်းလို့ အမျိုးသမီးငယ်တွေအတွက် လုံခြုံရေးမရှိတဲ့ အခါကျတော့ ကျွန်မတို့ခေတ်တုန်းက ဘွဲ့ရအလုပ်လက်မဲ့တွေ များပါတယ်၊ တချို့ဆိုရင် ပညာကို ဆုံးခန်းတိုင်အောင် မသင်ရပါဘူး၊ အဲဒီလိုမျိုးတွေ ရှိခဲ့ပါတယ်၊ ယခုအခါ ဝန်ကြီးချုပ် ဦးဆောင်ပြီးတော့ သင်တန်းတွေ ဖွင့်ထားပေးပါတယ်၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ထားပေးတယ်၊ ကျွန်မတို့ ပြည်နယ် တိုးတက်အောင် ငြိမ်းချမ်းရေး အဓိကလိုအပ်တယ်။

"ကျွန်မတို့ ပြည်နယ်တိုးတက်အောင်လုပ်ဖို့ ပြည်နယ်သားတိုင်းမှာ တာဝန်ရှိပါတယ်၊ အမျိုးသမီးတွေပါဝင်နိုင်ဖို့ အဓိက အခက်အခဲက အလုပ်အကိုင်အခွင့်အလမ်းတွေလို့ မြင်ပါတယ်၊ ကျွန်မတို့ မြို့ပေါ်မှာ ကြည့်မယ်ဆိုရင် လူငယ်တွေက အလုပ်လက်မဲ့တွေများပါတယ်၊ ဆွေးနွေးပွဲ အတွက် ပါဝင်နိုင်မှုအင်အားတွေလည်း နည်းပါတယ်၊ အမျိုးသမီးတွေအတွက် ဘယ်လိုမျိုးလဲဆိုရင် နိုင်ငံရေးလုပ်တယ်၊ ခေါင်းဆောင်လုပ်မယ်၊ ငြိမ်းချမ်းရေး အတွက် ဆွေးနွေးမယ်ဆိုရင် ရှေးလူကြီးတွေက နိုင်ငံရေးတွေမလုပ်နဲ့ နိုင်ငံရေး က အမျိုးသမီးနဲ့မသက်ဆိုင်ဘူး။

"ကယားပြည်နယ်က အမျိုးသမီးတွေ ပြောချင်တာက အမေစုလို ခေါင်းဆောင်ကောင်းတွေဖြစ်လာအောင်၊ ခေါင်းဆောင်နိုင်တဲ့ အမျိုးသမီးတွေ ဖြစ်လာအောင် လမ်းတွေဖွင့်ထားပေးဖို့ ဝင်ရောက်ပါဝင်ဆွေးနွေးတာဖြစ်ပါတယ်"ဟု ဆွေးနွေးသည်။

**ရှေ့တန်းတင်ထား**

**ဦးဖရားရယ်ရီးလို (ပြည်နယ်လွှတ်တော်ဝန်ထမ်း)**က "ကျွန်တော်ဆွေးနွေးချင်တဲ့အကြောင်းက အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအကြောင်းပါ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးပြောပြော၊ အမျိုးသားစည်းလုံးညီညွတ်ရေးပဲပြောပြော၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးပြောပြော ဒါတွေက ငြိမ်းချမ်းရေးလုပ်တဲ့အခါမှာ အရေးကြီးတယ်ဆိုတဲ့အကြောင်းကို ဆွေးနွေးချင်ပါတယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းမှာ အမျိုးသားရေးကို ရှေ့တန်းတင်ထားတာလည်း သိထားတာရှိပါတယ်။


"နောက်တစ်ခုက တကယ့်လက်တွေ့မှာလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးက အရေးကြီးတယ်ဆိုတဲ့အကြောင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဥက္ကဋ္ဌအနေနဲ့ ဦးဆောင်ပြီးဖွဲ့ထားတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန(NRPC)ကို ကြည့်ခြင်းအားဖြင့်လည်း သိနိုင်ပါတယ်။


**ကိုယ်ပိုင်အတွေးအခေါ်**

"အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဟာ ပြည်ထောင်စုအဆင့်မှာ အရေးကြီးသလို ပြည်နယ်တွေမှာလည်း အရေးကြီးပါတယ်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်း အရေးကြီးတယ်၊ ပြည်ထောင်စုအဆင့်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် သို့မဟုတ် တခြားပုဂ္ဂိုလ်တွေရှိသလိုမျိုး ကျွန်တော်တို့ ပြည်နယ်တွေ၊ ဒေသတွေမှာ ရှိသင့်ပါတယ်၊ ဥပမာ- ဒေသတွေကို တစ်စိတ်တစ်ပိုင်း ငြိမ်းချမ်းရေးပတ်သက်တဲ့အခါမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ပတ်သက်တဲ့အခါမှာ ဒေသတွေ၊ အစိုးရတွေကို အာဏာရှိတဲ့ပုဂ္ဂိုလ်တွေကို တစ်စိတ်တစ်ပိုင်း တာဝန်ပေးသလိုမျိုး ဘတ်ဂျက်တွေရေးဆွဲတဲ့အခါမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ ဘတ်ဂျက်ထည့်သွင်းရေးဆွဲမလား၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ပတ်သက်တဲ့ ဘတ်ဂျက်ရေးဆွဲမလား ဒါတွေက ကျွန်တော့်ရဲ့ ကိုယ်ပိုင်အတွေးအခေါ်တွေပါ၊ ဒီထက်ကောင်းတဲ့ အတွေးအခေါ် လမ်းစဉ်တွေ အများကြီးရှိမယ်လို့လည်း မျှော်လင့်ပါတယ်။


"ကျွန်တော်တို့ ဒေသမှာလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လုပ်နေတဲ့ အဖွဲ့အစည်းတွေ၊ လုပ်နေတဲ့လူပုဂ္ဂိုလ်တွေ ရှိပါတယ်၊ ဥပမာ- ဒီဇင်ဘာလ ၁၆ ရက်က ပါတီတစ်ခုဖြစ်တဲ့ ကယန်းအမျိုးသားပါတီရဲ့ ထုတ်ပြန်ကြေညာချက်ထဲမှာ အမျိုးသားစည်းလုံးညီညွတ်ရေးဆိုတာမျိုးပါပြီး ထုတ်ပြန်ကြေညာထားပါတယ်။

**စာမျက်နှာ ၅ သို့** ❑









# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွိုင်ကော်မြို့၌ ကျင်းပသည့် ငြိမ်းချမ်းရေးစကားဝိုင်းတွင် အွန်လိုင်းမှ မေးမြန်းလာသည့် မေးခွန်းများအား ပြန်လည်ဖြေကြား

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ယနေ့နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပသည့် ငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အွန်လိုင်းမှမေးမြန်းလာသည့် 'ငြိမ်းချမ်းရေးရပြီးတဲ့ ဒေသတွေတိုးတက်အောင် ဘယ်လို စီစဉ်ဆောင်ရွက်မည်ကို သိလိုကြောင်း' မေးခွန်း၊ 'ပြည်တွင်းစစ်တာရှည်နေတာဟာ မြန်မာပြည်တွင် ငြိမ်းချမ်းရေးကို မလိုလားတဲ့သူတွေရှိနေတယ်ဆိုတာ ထင်ရှားပါတယ်။ ဒီလိုငြိမ်းချမ်းရေးကို မလိုလားတဲ့ အဖွဲ့အစည်းတွေ၊ လူတွေကို ဘယ်လိုနည်းနဲ့ စည်းရုံးမှ အဆင်ပြေမယ်လို့ယူဆပါသလဲ' မေးခွန်း၊ 'ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်အလုပ်အကိုင်တိုးတက်ရေး၊ အသိဉာဏ်မြင့်မားရေးတို့အတွက် ဘယ်လိုစီစဉ် လုပ်ဆောင်ပေးသွားမည်ကို သိလိုကြောင်း'မေးခွန်းတို့နှင့် စပ်လျဉ်းပြီး ဖြေကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "တိုးတက်တယ်ဆိုတာ အမျိုးမျိုးရှိပါတယ်။ ပညာရေးဘက်၊ ကျန်းမာရေးဘက်၊ စီးပွားရေးဘက်၊ ပညာရေးနဲ့ ကျန်းမာရေးဘက်ကတော့ အစိုးရရဲ့အဓိက တာဝန်ဖြစ်ပါတယ်။ နောက်လမ်းပန်းဆက်သွယ်ရေးဆိုတာလည်း အစိုးရရဲ့တာဝန်ဖြစ်ပါတယ်။

"စီးပွားရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုကတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ စွမ်းအင်ဖြစ်ပါတယ်။ ဒီနှစ်ခုကို လုပ်တဲ့အခါမှာ အစိုးရရဲ့ အခန်းကဏ္ဍကလည်း တော်တော်ကြီးပါတယ်။ ဒါပေမယ့် စီးပွားရေးကျယ်ကျယ်ပြန့်ပြန့် တိုးတက်ဖို့ဆိုတာ ပုဂ္ဂလိကပိုင်းတွေ ဝင်လာမှဖြစ်မှာပါ။ အစိုးရစီးပွားရေးလုပ်ငန်းတွေဆိုတာ သိပ်ပြီးတော့ အောင်မြင်ခြင်းမရှိပါဘူး။ ဒီနေ့ခေတ်နဲ့လည်း မလျော်ညီပါဘူး။ ဒီတော့ ဒီဒေသဖွံ့ဖြိုး တိုးတက်အောင် ဘယ်လိုများစီစဉ်ဆောင်ရွက်မလဲဆိုတာ သိချင်ပါတယ်ဆိုတော့ အခုစပြီးဆောင်ရွက်တာ ကျန်းမာရေးနဲ့ ပညာရေးဘက်မှာတော့ တတ်နိုင်သလောက်လုပ်မယ်။ နောက်ပြီးတော့ ငြိမ်းချမ်းရေးမရသေးတဲ့ဒေသတွေမှာ အထူးသဖြင့် ကယားဘက်မှာလည်း စွမ်းအင်တွေကလည်း ဒီနှစ်ပိုင်းအတွင်းမှာ တော်တော်ပိုများသွားပါပြီ။ နောက်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးပေါ့။ လမ်းပန်းဆက်သွယ်ရေး ကောင်းသွားပြီ၊ လျှပ်စစ်မီးရပြီဆိုရင် စီးပွားရေးက နောက်ကနေပြီး လိုက်လာတတ်ပါတယ်။ အကြမ်းဖျင်းပြောရမယ်ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စ၊ နောက်စီးပွားရေးနဲ့ ပတ်သက်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်၊ ရင်းနှီးမြှုပ်နှံမှုတွေကို အလေးထားပြီး လုပ်နေပါတယ်"ဟု ဆွေးနွေးဖြေကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ငြိမ်းချမ်းရေးကိုမလိုလားတဲ့ အဖွဲ့အစည်းတွေ၊ လူတွေကို ဘယ်လိုနည်းနဲ့ စည်းရုံးမှ အဆင်ပြေမယ်လို့ယူဆပါသလဲ မေးခွန်းအား ဖြေကြားရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ပြည်သူတွေပဲ စည်းရုံးကြပါ။ ဒါပြည်သူတွေနဲ့ အဓိကဆိုင်တဲ့ကိစ္စဖြစ်တယ်။ ငြိမ်းချမ်းရေးကို မလိုလားတဲ့သူတွေရဲ့ အဓိကပြဿနာက ငြိမ်းချမ်းရေးရဲ့ တန်ဖိုးကို မသိသေးလို့ပဲ။ ငြိမ်းချမ်းရေးရရင် မိမိတို့အပါအဝင် အားလုံးအတွက် ဘယ်လိုအကျိုးအမြတ်တွေ ရှိနိုင်သလဲဆိုတာကို သဘောမပေါက်သေးလို့။ အခုအခြေအနေနဲ့စာရင် ငြိမ်းချမ်းရေးရရင် ပိုကောင်းမယ်ဆိုတာကို နှလုံးမသွင်းနိုင်သေးလို့ ငြိမ်းချမ်းရေးကို မလိုလားတာပေါ့။

"တကယ်ပဲ ငြိမ်းချမ်းရေးရရင် ပိုပြီးတော့ အကျိုးအမြတ်၊ အသီးအပွင့်တွေဟာ တခြားသူတွေအတွက်တင် မဟုတ်ဘူး၊ မိမိတို့အတွက်ပါ များလာမယ်ဆိုတာကို သဘောပေါက်သွားရင်တော့ ငြိမ်းချမ်းရေး လိုလားမှာပါပဲ။ ဒါကြောင့် အားလုံးအတွက် အကျိုးအမြတ် ရှိနိုင်တယ်ဆိုတဲ့ဟာကို ထင်ရှားအောင်လို့ ပြည်သူတွေကလည်း ဝိုင်းပြီးတော့လုပ်ပေးရမယ်။ ကိုယ်တိုင်ကလည်းဖြစ်အောင် လုပ်ရမယ်။

"ငြိမ်းချမ်းရေးရပြီးတဲ့နေရာတွေမှာ အထူးအရေးကြီးတယ်။ ငြိမ်းချမ်းရေးရပြီးတဲ့နေရာမှာ ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲဖို့။ ငြိမ်းချမ်းရေးကို သိပ်ပြီး မလိုလားသူတွေဟာလည်း ကျွန်မတို့ ပြည်သူတွေရဲ့ တစ်စိတ်တစ်ပိုင်းပါ။ အဲဒီတော့ ကိုယ့်အချင်းချင်း ကိုယ်ပြန်ပြီးတော့ အားလုံးကနေစည်းရုံးပြီး အတူတူတွဲခေါ်ဖို့ အရေးကြီးပါတယ်"ဟု ဖြေကြားသည်။

ကယားပြည်နယ် ဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး ဖြေကြားရာတွင် "အလုပ်အကိုင်တိုးတက်ရေးအတွက် ပညာလိုတယ်၊ လမ်းပန်းဆက်သွယ်ရေးလိုပါတယ်။ ဒီမှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အလုပ်သမားတွေလိုမယ်။ အလုပ်သမားတွေက အတိုင်းအတာတစ်ခုအထိတော့ လုပ်တတ်ရမယ်။ ဒါမှ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေက လမ်းကောင်းတယ်၊ လျှပ်စစ်မီးရတယ်ဆိုရင် ရင်းနှီးဖို့စဉ်းစားမယ်။

"အဲဒီမှာ အလုပ်လုပ်ဖို့ လူတွေလိုမယ်။ အလုပ်လုပ်ဖို့ အရည်အချင်းရှိတဲ့သူတွေလိုမယ်။ အားလုံးက တစ်ခုခုနဲ့တစ်ခု ဆက်သွယ်နေပါတယ်။ ပညာတတ်ပြီးတော့ ကျန်းမာရေးမကောင်းရင်လည်း အလကားပဲ။ ကျန်းမာရေးလည်းကောင်းဖို့လိုတယ်။ ဒါကြောင့်မို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုတာ အဲဒါကိုပြောတာပါ။ ကိုယ်နေတဲ့နေရာက ဘယ်မှလည်း ဆက်သွယ်လို့မရဘူး၊ လျှပ်စစ်မီးလည်း မရှိဘူးဆိုရင် စီးပွားရေးလုပ်ငန်းတစ်ခု ဖော်ဆောင်ဖို့ဟာ အင်မတန်မှခက်ပါတယ်။ ဘက်စုံအားလုံး လုပ်ဆောင်သွားရမှာဖြစ်ပါတယ်"ဟု ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

**သတင်းစဉ်**









❑ စာမျက်နှာ ၄ မှ

"အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်နယ်အစိုးရတွေက အများကြီးမဟုတ်ရင်တောင်မှ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဟာ အရေးကြီးနေတယ်ဆိုတာကို နည်းနည်းထည့်စဉ်းစားပေးမယ်ဆိုရင် ကျွန်တော်တို့လုပ်ဆောင်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေး ဒီထက်ပိုပြီးတော့မှ ခရီးပေါက်မယ်၊ ဒီထက်ပိုပြီးတော့ ခိုင်မာမယ်လို့ ယုံကြည်ပါတယ်။

**အမျိုးသားပြန်လည်သင့်မြတ်ရေး အရေးကြီး**

"အမျိုးသားပြန်လည်သင့်မြတ်ရေးက ဘာလို့အရေးကြီးတယ်လို့ ပြောနေရတာလဲဆိုရင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပျက်ပြားစေတဲ့ အပြုအမူမျိုးတွေ၊ လုပ်ဆောင်ခြင်းမျိုးတွေ သမိုင်းနဲ့ချီပြီးရှိခဲ့လို့ပါ၊ အခုလည်း ရှိနေပါတယ်၊ ဥပမာ ရှမ်းပြည်နယ်မှာ နိုင်ငံရေးဆွေးနွေးပွဲလုပ်တဲ့ ကိစ္စတွေပဲဖြစ်ဖြစ်၊ ပြည်နယ်မှာပဲဖြစ်ဖြစ် အခုလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပျက်ပြားစေတဲ့ အပြုအမူတွေလည်း တွေ့နေရပါတယ်၊ ဒါတွေက အမျိုးသားပြန်လည်သင့်မြတ်ရေးကို လျစ်လျူရှုဖို့ မသင့်ဘူး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆွဲခေါ်ဖို့သင့်တဲ့ အကြောင်းပြချက်ဖြစ်ပါတယ်၊ တကယ်လို့ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေရှိလာမှပဲ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးမှုတွေရှိလာမယ်၊ တိုင်းရင်းသားတွေ လိုလားတောင့်တနေကြတဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတွေလည်း ပိုပြီးတော့မှ အားကောင်း ခိုင်မာလာမယ်လို့ ဆွေးနွေးချင်ပါတယ်။

"ငြိမ်းချမ်းရေးသွားတဲ့လမ်းကြောင်းမှာ ဒါမှမဟုတ် ငြိမ်းချမ်းရေးလုပ်တဲ့အခါမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ အရေးကြီးတယ်၊ လျစ်လျူရှုဖို့ မသင့်ဘူးလို့ ကျွန်တော် ဆွေးနွေးချင်ပါတယ်"ဟု ဆွေးနွေးသည်။

**ဒေါ်အော်လေးဗီယာ(ကယောစာပေနှင့်ယဉ်ကျေးမှုတာဝန်ခံ)**က "ကျွန်မတို့ပြည်သူတွေလိုချင်တာက ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးရေးကို အဓိက လိုချင်တာပေါ့၊ ကျွန်မအဓိက ပိုပြီးဆွေးနွေးချင်တာက စာပေနဲ့ယဉ်ကျေးမှုမှာ တိုင်းရင်းသားအသီးသီးမှာ စာပေနဲ့ ယဉ်ကျေးမှုရှိပါတယ်၊ စာပေနဲ့ ယဉ်ကျေးမှုလို့ပြောလိုက်ရင် နားထောင်လို့ အလွန်ကောင်းတယ်၊ ဒါပေမယ့် မလုပ်ချင်ကြဘူး။

**ပံ့ပိုးပေးဖို့လိုအပ်**

"စာပေနဲ့ ယဉ်ကျေးမှုလုပ်ရင် တော်တော်လေးကို ကြိုးစားရတယ်၊ အစိုးရဝန်ထမ်းလိုမျိုးလည်း လစာမရဘူး၊ ကိုယ့်လူမျိုးကို ချစ်လို့သာပဲ စာပေမပျောက်အောင်လို့ လုပ်ပေးနေရတာဖြစ်ပါတယ်၊ ဒီလိုမျိုးလုပ်နေတဲ့အချိန်မှာ နိုင်ငံတော်အနေနဲ့ တိုင်းရင်းသားစာပေသင်ကြားခွင့်ဆိုပြီးတော့မှ ရှိလာပြီ၊ ကျွန်မတို့အားမရတာက စာပေသင်ကြားခွင့်ရှိလာပေမယ့် ကျွန်မတို့ကို သင်ကြားရေးအပိုင်းမှာ၊ စာပေကိုပြုစုတဲ့နေရာမှာ နည်းပညာရှင်ကို များများပံ့ပိုးပေးဖို့လိုတယ်၊ ကျွန်မတို့ တိုင်းရင်းသားစာပေသင်ကြားတဲ့အချိန်မှာလည်း လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေ၊ ကလေးတွေကို ကိုယ့်တိုင်းရင်းသားစာပေတွေကို ထိထိမိမိ ရနိုင်မယ့်အခွင့်အရေးမျိုးတွေ သင်ကြားရေးအထောက်အကူပစ္စည်းမျိုးတွေ ပံ့ပိုးပေးဖို့လိုအပ်ပါတယ်။

**ကြံဖန်ပြီးတော့ လုပ်နေရ**

"အခုလက်ရှိအခြေအနေဆိုရင် သင်ကြားခွင့်ရရင်ပြီးရောဆိုတဲ့သဘောမျိုးဖြစ်နေတာ၊ ဒါကကျွန်မရဲ့အမြင်ပေါ့၊ တချို့ကျောင်းတွေမှာဆိုရင် ကျောင်းပြင်ပအချိန်မှာဖြစ်တဲ့အတွက် ဆရာ ဆရာမတွေက ပိုလို့တောင် တိုင်းရင်းသားစာပေကို အလေးမထားဘူး၊ တိုင်းရင်းသားစာသင်နေတဲ့အချိန်မှာ အခန်းတော့ပေးတယ်၊ ဆော့ပင်တွေ၊ လိုတာတွေတော့မပေးဘူး၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ဆို စာပေနဲ့ယဉ်ကျေးမှုတွေက ဘာဝင်ငွေမှမရှိပါဘူး၊ ကျွန်မတို့ ကိုယ့်ရဲ့လူမျိုးထဲမှာရှိတဲ့ တတ်နိုင်တဲ့ လူတွေကိုပဲ အလှူခံပြီး ဒီကလေးတွေအတွက်၊ လူမျိုးအတွက် ကြံဖန်ပြီးတော့ လုပ်နေရတာပါ။

"မြန်မာပြည်မှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ကိုယ်စား တိုင်းရင်းသားစာပေကိုလည်း ထိထိမိမိ ပံ့ပိုးပေးပါ၊ နည်းပညာအပိုင်းမှာပဲဖြစ်ဖြစ်၊ သင်ထောက်ကူအပိုင်းမှာပဲဖြစ်ဖြစ်၊ ဆရာမတွေကို အရည်အချင်းပြည့်ပြည့်ဝဝဖြစ်ဖို့ ပံ့ပိုးပေးပါလို့ ကျွန်မအနေနဲ့ဆွေးနွေးချင်ပါတယ်ရှင့်"ဟု ဆွေးနွေးသည်။

ကယားပြည်နယ် ဒေသခံလူငယ်များ၏ ဆွေးနွေးမှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အွန်လိုင်းမှ မေးမြန်းလာသည့်မေးခွန်းများကို ဖြေကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငြိမ်းချမ်းရေးစကားဝိုင်းသို့ တက်ရောက်ဆွေးနွေးကြသည့် ကယားပြည်နယ် ဒေသခံလူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်သည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတောနှင့် ဘောလခဲမြို့နယ်တို့မှ ဒေသခံများ၊ NGOs၊ INGOs များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကင်းထောက်လူငယ်၊ သူနာပြု၊ သားဖွားနှင့် အဆင့်မြင့်ပညာမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။




**ပြည်သူရဲ့ ထောက်ခံမှု၊ ပြည်သူရဲ့ ယုံကြည်မှု၊ ပြည်သူရဲ့ ညီညွတ်မှုနဲ့ နှိုင်းယှဉ်နိုင်တဲ့ ဘာအင်အားမှ မရှိပါဘူး။ ဘယ်လို အခက်အခဲတွေနဲ့ပဲ ကြုံတွေ့ရပါစေ၊ ပြည်သူရဲ့ ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။**

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၂-၁၀-၂၀၁၇ ရက်နေ့ ပြည်သူသို့ တင်ပြချက်မှ ကောက်နုတ်ချက်)

# လွတ်လပ်ခြင်းအရသာ

ဒေါက်တာခိုင်ခိုင်ဝင်း

နှစ်စဉ် ဇန်နဝါရီလ ၄ ရက်နေ့သည် ကျွန်မ မွေးဖွားကြီးပြင်းရာ၊ ကျွန်မနေထိုင်ရာ အမိမြန်မာပြည်ကြီး၏ လွတ်လပ်ရေးနေ့ဖြစ်ပါသည်။ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှသည် ယနေ့ ၂၀၁၈ ခုနှစ်အထိ နှစ်ပေါင်း (၇၀) လွတ်လပ်ရေးအရသာကို နိုင်ငံအတွင်း စီးပွားရေး၊ နိုင်ငံရေးများ မည်သို့ပင်ရှိနေစေကာမူ ပြည်သူ ပြည်သားအားလုံးသည် လွတ်လွတ်လပ်လပ်ဖြင့် လွတ်လပ်ရေးအရသာကို ခံစားကြရပါသည်။ ကျွန်မကိုယ်တိုင် လွတ်လပ်ရေးနေ့ရောက်တိုင်း လွတ်လပ်ရေးနေ့ အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများကို မြင်တွေ့ခံစားရတိုင်း လွတ်လပ်ရေး၏ အရသာ၊ လွတ်လပ်ခြင်း၏ ခံစားမှုများဖြင့် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်ဆိုင်ရခြင်း၏ ပီတိများကို ပြည်သူတစ်ဦးအနေနှင့် ရင်ထဲထိ ခံစားသိမြင်ရလေ့ရှိပါသည်။

မြန်မာပြည်ကြီးသည် အလုံးစုံပြီးပြည့်စုံသည့် နိုင်ငံဖြစ်ပါသလား။ သေချာသည်က မဟုတ်ပါ။ မြန်မာနိုင်ငံသည်လည်း အခြားအခြားသော နိုင်ငံများနည်းတူ သဘာဝဘေး၊ စီးပွားရေးနှင့် နိုင်ငံရေး စသည်တို့နှင့် စပ်လျဉ်းပြီး အခက်အခဲ၊ ပြဿနာများစွာ ရင်ဆိုင်ဖြေရှင်းဆောင်ရွက်နေရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ UNDP အချက်အလက်စာရင်းများအရ မြန်မာနိုင်ငံ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းသည် သုည ဒသမ ၅၅၆ ဖြစ်ပြီး အဆင့်(rank)သည် ၁၄၅၊ လာဘ်ပေးလာဘ်ယူ အညွှန်းကိန်းမှာ ၂၀၁၆ ခုနှစ် စာရင်းအရ ကမ္ဘာတွင် ၁၃၆၊ သဘာဝဘေးနှင့်စပ်လျဉ်းပြီး Global Climate Risk Index အဆင့် ၂၊ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းပြီး 2017 Global Peace Index report အရ မြန်မာနိုင်ငံသည် ၁၆၃ နိုင်ငံတွင် အဆင့် ၁၀၄ ဟု လေ့လာသိရှိရပါသည်။ အချက်အလက်စာရင်းများအရ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျပြီး လာဘ်ပေးလာဘ်ယူများသောနိုင်ငံ၊ သဘာဝဘေးဒဏ် ကြုံတွေ့ခံရမှု အများဆုံးဖြစ်လာနိုင်သည့် နိုင်ငံအဖြစ် သုံးသပ်ရမည် ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေကာမူ ကျွန်မတို့၏ နိုင်ငံကြီးသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ပါသည်။ ယနေ့ကြုံတွေ့နေရသည့် ပြဿနာများ၊ အခက်အခဲများသည် ဖြေရှင်းဆောင်ရွက်နိုင်သည့် ကိစ္စရပ်များသာဖြစ်ပါသည်။ စည်းလုံးမှုရှိမည်၊ စနစ်များကောင်းမွန်မည်၊ အုပ်ချုပ်မှုကောင်းမွန်မည်၊ တည်ငြိမ်အေးချမ်းမည်ဆိုပါက အစိုးရနှင့်ပြည်သူ ညီညီညွတ်ညွတ်လက်တွဲပြီး ပြဿနာတိုင်းကို ဖြေရှင်းနိုင်မည်သာဖြစ်သည်။ အရေးကြီးသည်မှာ တိုင်းရင်းသားများစွာ စုပေါင်းနေထိုင်ပြီး ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများပြားစုံလင်လှသည့် အမိမြန်မာပြည်ကြီးတွင် တိုင်းရင်းသားပြည်သူများသည် လွတ်လပ်ခြင်းအရသာကို ညီတူညီမျှ ခံစားရရှိကြ၍ နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ပြည်သူ့ရေးရာ အခွင့်အရေးများကိုလည်း တန်းတူညီမျှ ခံစားရရှိဖို့ရာဖြစ်သည်။

ကျန်းမာရေး၏ ကောင်းကျိုးကို မကျန်းမာသည့်အချိန်မှ သိရှိနိုင်မည်ဆိုသလို လွတ်လပ်ခြင်း၏အရသာကို လွတ်လပ်ခြင်းများ ပျောက်ဆုံးသွားမှ ခံစားသိရှိနိုင်မည်ဟု ဆိုကြပါသည်။ ကျန်းမာရေး ချို့တဲ့သည့်အချိန်တွင် မိမိလုပ်ချင်သည်များ မလုပ်ရ၊ စားချင်တာ မစားရ၊ သွားချင်သည့်နေရာ မသွားရ စသည့် အရာရာ အားနည်းချို့ယွင်းလာခြင်းများ ဖြစ်ပေါ်ခံစားလာရသည့်အတွက် ယင်းအချိန်ရောက်မှ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ပါလားဟု ခံစားသိမြင်လာရသည့်နည်းတူ လွတ်လပ်ခြင်းမရှိတော့ပါမှ လွတ်လပ်ရေး၏အရသာကို ပြန်ပြောင်းအောက်မေ့ခံစားရခြင်းမျိုးမဖြစ်စေရေး ပြည်သူအားလုံးသည် လွတ်လပ်ရေး၏ အရသာကို ခံစားသိရှိ သတိပြုမိကြရန် လိုအပ်ပါသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် နှစ် (၇၀)ပြည့် မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅)ချက်တွင် ပထမဆုံးအချက်ဖြစ်သည့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး"သည် အရေးကြီးဆုံးအချက်ဖြစ်ပါသည်။ အဆိုပါ ပထမဆုံးအချက် လျော့ရဲအားနည်းမည်ဆိုလျှင် ကျန်သည့်အချက် လေးချက်လုံးသည်လည်း လျော့ရဲအားနည်းစေမည်သာဖြစ်သည်။ မိမိတို့ ပြည်ထောင်စုကြီး မပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေမှသာ လွတ်လပ်ရေး၏ အနှစ်သာရ၊ လွတ်လပ်ရေး၏ အဓိပ္ပာယ် ပြည့်ဝပေါ်လွင် ခံစားမိစေမှာဖြစ်ပါသည်။

ကျွန်မတို့အတွက် အရေးကြီးဆုံးဖြစ်သည့် လွတ်လပ်ရေးကို လွန်ခဲ့သည့် နှစ်ပေါင်း (၇၀)က နိုင်ငံ့ခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူအပေါင်းက အရယူပေးခဲ့ကြပြီ။ တာဝန်ကျေခဲ့ကြပါသည်။ ကျွန်မတို့လက်ထက်မှာ ရရှိထားသည့် လွတ်လပ်သည့် မြန်မာပြည်ကြီး၏ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ကျွန်မတို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကာကွယ်ကြရပါမည်။ နောင်လာနောက်သားတို့အတွက် ကျွန်မတို့ တာဝန်ကျေဖို့လိုပါသည်။ လွတ်လပ်သော နိုင်ငံတစ်ခုအနေဖြင့်သာမဟုတ်ဘဲ စည်းကမ်းပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတစ်ခုအဖြစ် အမိမြန်မာပြည်ကြီးကို နောင်လာနောက်သားတို့အတွက် လက်ဆောင်အမွေ ထားခဲ့ကြရပါမည်။

> **အရေးကြီးဆုံး အခက်ခဲဆုံးဖြစ်သည့် လွတ်လပ်ရေးကို ဘိုးဘွားများ အရယူပေးခဲ့ပြီးဖြစ်ပါသည်။ ယနေ့ လွတ်လပ်သည့်နိုင်ငံ၊ အမိမြန်မာပြည်ကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်နှင့် တည်ငြိမ်မှုများရရှိအောင် ကြိုးပမ်းဆောင်ရွက်မှုများသည် လွတ်လပ်ရေး အရယူခဲ့သည်လောက် ခက်ခဲကြမ်းတမ်းမည်ဟု ကျွန်မ မထင်ပါ။ ကျွန်မတို့ လုပ်နိုင်ပါသည်။**

အရေးကြီးဆုံး အခက်ခဲဆုံးဖြစ်သည့် လွတ်လပ်ရေးကို ဘိုးဘွားများ အရယူပေးခဲ့ပြီးဖြစ်ပါသည်။ ယနေ့ လွတ်လပ်သည့်နိုင်ငံ၊ အမိမြန်မာပြည်ကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်နှင့် တည်ငြိမ်မှုများရရှိအောင် ကြိုးပမ်းဆောင်ရွက်မှုများသည် လွတ်လပ်ရေးအရယူခဲ့သည်လောက် ခက်ခဲကြမ်းတမ်းမည်ဟု ကျွန်မ မထင်ပါ။ ကျွန်မတို့ လုပ်နိုင်ပါသည်။ စည်းလုံးမှု၊ အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုများသာ လိုပါသည်။ ကျွန်မတို့ချစ်သည့် လွတ်လပ်သည့်တိုင်းပြည်ကြီး သာယာဝပြောစည်ပင်ရေးအတွက် ကျွန်မတို့အားလုံးတွင် တာဝန်ရှိပါသည်။

ဆင်းရဲနေပါစေ၊ ဖွံ့ဖြိုးမှုနောက်ကျနေပါစေ၊ အမိမြန်မာပြည်မှ လူတိုင်း လူတိုင်းသည် ၎င်းတို့နေထိုင်ရာ လွတ်လပ်သည့်တိုင်းပြည် မြန်မာပြည်ကို ချစ်ခင်လေးစားကြရပါမည်။ ပြည်သူပြည်သားအားလုံးသည် လွတ်လပ်သည့် အမိမြန်မာပြည်ကြီးကို ချစ်ခင်ကြပြီး လွတ်လပ်ရေးအနှစ်သာရ၊ လွတ်လပ်ရေး၏ တန်ဖိုးကို သိရှိကြရန် အရေးကြီးပါသည်။ နေထိုင်ရာ လွတ်လပ်သည့် နိုင်ငံတော်ကြီးကို လေးစားချစ်ခင်ကြသလို တိုင်းရင်းသား ညီအစ်ကိုမောင်နှမ အချင်းချင်း လေးစားချစ်ခင်ကြရန်လည်း အရေးကြီးပါသည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု ဆိုသလို လွတ်လပ်ခြင်း၊ အချုပ်အခြာအာဏာပိုင်ခြင်းကိုလည်း လာဘ်တစ်ပါးကဲ့သို့ မှတ်ယူကာ လွတ်လပ်ခြင်း တန်ဖိုး သိရှိရပါမည်။

မည်သို့ပင် အခက်အခဲ၊ အကျပ်အတည်းများနှင့် ဖွံ့ဖြိုးမှုနောက်ကျနေသည့် နိုင်ငံဖြစ်နေပါစေ၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာ ကိုယ်ပိုင်ရှိသည့် ကျွန်မတို့နေထိုင်ရာ အမိမြန်မာပြည်ကြီးအတွက် စည်းလုံးညီညွတ်စွာဖြင့် အခက်အခဲများ ကျော်ဖြတ်ကြိုးပမ်းကြရန်နှင့် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်နိုင်ပါစေကြောင်း ဆုမွန်ခြွေလျက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# လူငယ်တွေကနေပြီးတော့ အပြောင်းအလဲကို ပြောင်းသင့်တဲ့နေရာမှာ ပြောင်းဖို့ သတ္တိရှိရှိနဲ့ လုပ်ရဲကိုင်ရဲဖို့ အရေးကြီး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ငြိမ်းချမ်းရေးစကားဝိုင်းတွင် ကယားပြည်နယ် ဒေသခံလူငယ်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ဆွေးနွေးရာတွင် ဦးသျှားရယ်၏ ဆွေးနွေးမှုနှင့် စပ်လျဉ်း၍ "တရားမျှတမှုဆိုတာ ဘာလဲဆိုတာကို တစ်ယောက်ချင်းတစ်ယောက်ချင်းက စဉ်းစားရမယ်။ တရားမျှတမှုဆိုတာ ဟိုဘက်ဒီဘက် ကြည့်ရပါမယ်။ ငြိမ်းချမ်းရေးရဖို့ ခက်ခဲနေတာ ကလည်း ဟိုဘက်ဒီဘက် အဘက်ဘက်ကိုကြည့်တဲ့ အမြင်ကအားနည်းနေသေးတယ်လို့ပဲမြင်တယ်။ တစ်ဖက်နဲ့တစ်ဖက်နားလည်မှုရှိတယ်ဆိုရင် တခြားသူရဲ့ လိုအပ်ချက်တွေ၊ စိုးရိမ်ချက်တွေကိုပါ နားလည်တယ်ဆိုရင် ပိုပြီးတော့ အဖြေရှာဖို့ လွယ်တယ်။

## ပြည်သူလူထုအားလုံးနဲ့ဆိုင်

"လူငယ်တွေရဲ့ အားသာချက်က ဘဝမှာ စာမျက်နှာတွေက များသေးတယ်။ စာမျက်နှာအလွတ်တွေပေါ်မှာ ကိုယ်လိုချင်သလို ကိုယ့်ဘဝဇာတ်လမ်းကို ရေးဖို့က အခွင့်အလမ်းတွေရှိသေးတယ်။ လူကြီးတွေက စာမျက်နှာလွတ်တွေနည်းသွားပြီ။ ကိုယ့်ဘဝအတွက် စာမျက်နှာသစ်တွေ ရေးဖို့ဆိုတာ အခွင့်အလမ်းတွေက နည်းလာတယ်။ လူငယ်တွေက ကိုယ့်ရဲ့အားသာချက်တွေ စာမျက်နှာလွတ်တွေကို မှန်မှန်ကန်ကန် ကန်သုံးဖို့က အများကြီးလိုတယ်။ ငြိမ်းချမ်းရေးရဖို့က ပြည်သူလူထုအားလုံးနဲ့ဆိုင်တယ်။ ငြိမ်းချမ်းရေးစားပွဲဝိုင်းမှာထိုင်ပြီး ဆွေးနွေးတဲ့လူတွေနဲ့ပဲ ဆိုင်တာမဟုတ်ပါဘူး"ဟု ပြန်လည်ဆွေးနွေးပြောကြားသည်။

ဒေါ်အဲလစ်ထွန်း၏ ဆွေးနွေးချက်နှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "အနုတ်သဘောဆောင်တဲ့ ငြိမ်းချမ်းရေးနဲ့ အပေါင်းသဘောဆောင်တဲ့ ငြိမ်းချမ်းရေးဆိုတာ တကယ်တော့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကို ပြောနေတာပါ။ ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးရေးကို ခွဲလို့မရပါဘူး။ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးရေးရှိနိုင်မယ်။ ဖွံ့ဖြိုးရေးရှိမှ ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မယ်။ ဖွံ့ဖြိုးရေးမရှိလို့ ပဋိပက္ခဖြစ်ပြီး ငြိမ်းချမ်းရေးပျက်စီးတာလည်းရှိတယ်။ ငြိမ်းချမ်းရေးမရှိနိုင်လို့ ဖွံ့ဖြိုးရေးကို ဘယ်လိုမှ အားမစိုက်နိုင်လို့ ဖွံ့ဖြိုးတိုးတက်မှုမရှိတာလည်းရှိတယ်။ ဒီဟာနှစ်ခုကို ခွဲပြီးတော့ မြင်ရမယ်။ ခွဲပြီး ဆောင်ရွက်လို့တော့ မရပါဘူး။ ဒီနှစ်ခုက လက်တွဲပြီးတော့ သွားရမှာ ဖြစ်ပါတယ်။

## မျှမျှတတထား

"ကျွန်မတို့က အခွင့်အရေးချည်းပဲပြောလို့ မရပါဘူး။ အခွင့်အရေးလို့ပြောတာနဲ့ တစ်ခါတည်းတာဝန်ဆိုတာကို ပြောရမယ်။ ပေးသင့်သလောက်ပဲပေးပြီး ယူသင့်သလောက်ပဲယူရပါမယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တာဝန်သိစိတ်နဲ့ ကိုယ့်ရဲ့လုပ်ပိုင် ခွင့်တွေကို မျှမျှတတနဲ့ မြင်ရမယ်။ ငြိမ်းချမ်းရေးရဖို့အတွက် ဖွဲ့စည်းနေတဲ့ အဖွဲ့အစည်းအသီးသီးဟာ ကိုယ့်ရဲ့တာဝန်ကိုလည်း သဘောပေါက်ရမယ်။ အလေးထားရမယ်။ တခြားသူရဲ့ ရပိုင်ခွင့်တွေလည်း သဘောပေါက်ရမယ်။ အလေးထားရမယ်။ မျှမျှတတထားမှုဖြစ်မယ်"ဟု ဆွေးနွေးပြောကြားသည်။

ဦးမာရီးယို၏ ဆွေးနွေးချက်နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားရာတွင် "ကြောက်စိတ်ဆိုတာက လူကို မဟုတ်တာတွေ အများကြီးလုပ်စေတယ်။ ကြောက်လို့ခိုင်းတိုင်းလုပ်တယ်။ မဟုတ်မှန်းသိပေမယ့် မလုပ်ရင် အထက်လူကြီးကနေ ငြိုငြင်မှာစိုးလို့၊ ဒဏ်ပေးမှာစိုးလို့၊ ဒုက္ခပေးမှာစိုးလို့ စသဖြင့် မလုပ်သင့်တာကို လုပ်တယ်။ အဲဒီတော့ လုပ်သင့်တာကိုလည်း မလုပ်ဘူး။ ကြောက်ခြင်းတရားဆိုတာကလည်း လမ်းမှားပေါ်ကို ပို့တတ်တယ်။ ကြောက်ပြီးတော့ လုပ်ရမှာကိုသိရက်နဲ့ မလုပ်ဘဲ နေတာတွေလည်း ရှိတာပေါ့။ ဒီကြောက်ခြင်းတရားတွေ ပပျောက်ဖို့ဆိုတာ ပြည်သူတွေကို လုပ်ပိုင်ခွင့်တွေပေးရတယ် ဆိုတာလည်း အဲဒါပဲ။

## လုပ်ထိုက်တာကိုလုပ်

"အစိုးရကလည်း ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲလုပ်တယ်။ အစိုးရလုပ်တဲ့ သူတွေကလည်း ပြည်သူတွေကို ကြောက်ရတယ်။ တော်ကြာမဲမပေးမှာလည်း စိုးလို့။ သူတို့ကလည်း ကိုယ့်ကို ကြောက်တယ်ဆိုတာ သဘောပေါက်ပါ။ အဲဒါကို သဘောပေါက်ပြီး လုပ်သင့်လုပ်ထိုက်တာကိုလုပ်ပါ"ဟု ဆွေးနွေးသည်။

ဒေါ်နှင်းနုဝေ၏ ဆွေးနွေးချက်အပေါ် ပြန်လည်ဆွေးနွေးရာတွင် "တကယ်ငြိမ်းချမ်းရေး မရှိတာတော့ မေတ္တာတရားတွေ ခေါင်းပါးနေလို့ပဲ။ မေတ္တာတရားတွေ များနေတဲ့နေရာမှာ ငြိမ်းချမ်းရေးမရှိစရာ အကြောင်းမရှိပါဘူး။ သုတေသနလုပ်တဲ့သူတွေ ပြောတာကတော့ ပုထုဇဉ်လူသားတွေသဘာဝအရ မုန်းစိတ်က သိပ်ပြီးဆွပေးဖို့ လွယ်တာပဲတဲ့။ လူတွေက သူတို့လုပ်ချင်တာလုပ်ဖို့၊ သူတို့လိုအပ်တာဖြည့်ဖို့ဆိုရင် မေတ္တာတရားကို ပိုပြီးတော့ ပွားများတဲ့နည်းမဟုတ်ဘဲနဲ့ အမုန်းတရားကိုဆွဖို့နည်းက ပိုပြီးတော့ လွယ်တယ် ထိရောက်တယ်ဆိုတာကို တွေ့ရတာတွေ ပိုပိုများလာတယ်။ ပိုပိုများလာတော့ မေတ္တာတရားလည်း ခေါင်းပါးလာတယ်ဆိုပြီးတော့ ပြောပါတယ်။ ဒါကြောင့် မေတ္တာတရားပွားများတယ်ဆိုတာက လွယ်တဲ့ကိစ္စမဟုတ်ဘူး။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကယားပြည်နယ်မှ ဒေသခံလူငယ်များ စကားဝိုင်း ဆွေးနွေးနေစဉ်။**

## အစုအဖွဲ့နဲ့ လုပ်တတ်ဖို့လို

"ကျွန်မတို့နိုင်ငံသူ၊ နိုင်ငံသားတွေက ဘောလုံးပွဲဆိုရင် သိပ်ပြီး ဝါသနာပါကြတယ်။ အချိန်မတော် ညကြီးထကြည့်ဆိုလည်း ကြည့်ကြတာပဲ။ အဲဒီလောက် ဝါသနာပါတဲ့အခါ ဘောလုံးအသင်းတစ်သင်းက နိုင်ဖို့ဆိုတာ သူတို့အစုအဖွဲ့အနေနဲ့ လုပ်တတ်မှ နိုင်တယ်ဆိုတာ အားလုံးသဘောပေါက်ကြမှာပဲ။ အသင်းထဲက တစ်ယောက်ထောင်ပြီး သူတစ်ယောက်တည်း တော်ချင်တဲ့သူတွေ ကြာကြာမခံကြဘူး။ သူ့ကြောင့် တခြားသူတွေလည်း နစ်နာတယ်၊ မကျေနပ်မှုတွေလည်းဖြစ်တယ်။ အားလုံးအစုအဖွဲ့နဲ့ လုပ်တတ်ဖို့လိုတယ်။ ငြိမ်းချမ်းရေးရဖို့ဆိုတာ အရေးကြီးဆုံးကိစ္စတစ်ခုပဲ။ အဲဒါအိမ်ထဲမှာစပြီး သင်ယူရမယ်။ ကျောင်းမှာစပြီးသင်ရမယ်။ ပညာရေးကနေစပြီးတော့ ဒါကို အားပေးသွားရမယ်။ အသက်ကြီးလာမှ နိုင်ငံရေးအရ ပြုပြင်တယ်ဆိုတာက ဒီလောက်မလွယ်ဘူး"ဟု ဆွေးနွေးပြောကြားသည်။

ဦးစိုးရာဇာဝင်း၏ ဆွေးနွေးချက်နှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးရာတွင် "တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်းချမ်းရေးဟာ ဆက်နွယ်နေတယ်ဆိုတာ ဟုတ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အခြေခံမူ ၃ ခုက အမြဲတွဲထားပါတယ်။ တရားဥပဒေ စိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး။ တချို့တွေက တရားဥပဒေစိုးမိုးရေးကို ဘာဖြစ်လို့ရှေ့မှာထားသလဲလို့ မေးပါတယ်။ တကယ်တော့ ပြည်တွင်းငြိမ်းချမ်းရေးဟာ ပိုပြီးတော့ အရေးမကြီးဘူးလားဆိုတော့ တရားဥပဒေစိုးမိုးရေးမရှိဘဲနဲ့ ငြိမ်းချမ်းရေးကို ထိန်းထားလို့မရဘူး၊ တရားတဲ့ဥပဒေဘောင်အတွင်းကနေ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုတော့ငြိမ်းချမ်းရေးကို တရားဥပဒေနဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့က ထိန်းထားတယ်။

## ငြိမ်းချမ်းရေးမရှိ

"ပညာရေးနဲ့ ပတ်သက်လို့ ဒီနိုင်ငံဟာ သိပ်ပြီးတော့ အဆင့်အတန်း နိမ့်သွားတာဟာ အကြောင်းနှစ်ခုရှိပါတယ်။ တစ်ခုက ပညာရေးစနစ်ကိုက မကောင်းလို့နိမ့်သွားတာ။ နောက်တစ်ခုက ငြိမ်းချမ်းရေးမရှိလို့။ အဲဒါကတော့ နယ်စွန်နယ်ဖျား မငြိမ်းချမ်းတဲ့ ဒေသတွေမှာ မှန်ပါတယ်။ ကျောင်းမတက်နိုင်လို့၊ ကျောင်းတွေမဖွင့်နိုင်လို့၊ ပညာမတတ်တာက တစ်မျိုး၊ ရန်ကုန်၊ မန္တလေးတို့လို မြို့ကြီးတွေမှာ ကျောင်းတွေက ပိတ်ရတာမှ မဟုတ်ဘဲ။

"အများအားဖြင့် ကျောင်းတွေက ပိတ်ရလို့ မဟုတ်ဘဲနဲ့ ကျောင်းမှာသင်တဲ့ ပညာရေးစနစ်က မမှန်လို့။ တစ်ချိန်တစ်ခါတုန်းက မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်က အရှေ့တောင်အာရှမှာတင်မဟုတ်ဘူး၊ အာရှတိုက်တစ်ဝန်းမှာဆိုရင် နံပါတ်တစ်ပြေးတာပဲ။ အခု အဲဒီလိုမဟုတ်ဘဲနဲ့ နံပါတ်နောက်ဆုံးလောက်ကနေဖြစ်နေတယ်။ အဲဒါကတော့ ပညာရေးစနစ်မမှန်ကန်ခဲ့လို့။ အဲဒီတော့ ပြင်ယူရမှာပဲ။ သို့သော်လည်း ပညာရေးစနစ်တစ်ခုကို ပြင်တယ်ဆိုတာ နေ့ချင်းညချင်းလုပ်လို့မရဘူး၊ တချို့တွေက ဒီကာလရဲ့ ၁၀ စုနှစ်တွေကြားထဲမှာ ကျောင်းသား လူငယ်တွေခံခဲ့ရတဲ့ ကိစ္စတစ်ခုကတော့ အစမ်းသပ်ခံဖြစ်သွားတာပေါ့၊ ပညာရေးနဲ့ ပတ်သက်လို့ မူတစ်ခုချလို့ရှိရင် တကယ်တော့ အနည်းဆုံး ၁၀ နှစ်လောက်တော့ ဦးတည်ပြီးကြည့်ရမယ်။

"အဲဒါကို မကြည့်ဘဲနဲ့ တစ်နှစ် နှစ်နှစ်လောက်ပဲ ကြည့်ပြီးတော့ တစ်နှစ် နှစ်နှစ်တည်း လုပ်ပြီးကြည့်တဲ့ဟာက ခြောက်လနဲ့ အဆင်မပြေရင်လည်း ကိုးလနဲ့ပြောင်းရင် ပြောင်းလိုက်တာပဲ။ ဒီလိုလုပ်လို့မရဘူး။ ရေရှည်ကို ကြည့်ရမယ်။ ပညာရေးစနစ်တစ်ခု ပြောင်းဖို့ဆိုတာက အခု ကျွန်မတို့နိုင်ငံမှာ ဘယ်လိုဖြစ်နေလဲဆိုတော့ ဥပမာ- အားလုံးသိတဲ့ အင်္ဂလိပ်ဘာသာစကားမှာ ညံ့နေတဲ့ကိစ္စ၊ အားနည်းနေတဲ့ကိစ္စ။ အခုအင်္ဂလိပ်ဘာသာစကားက မသုံးချင်လို့မရဘူး၊ တစ်ကမ္ဘာလုံးမှာ သုံးတယ်၊ တစ်ကမ္ဘာလုံးနဲ့ ယှဉ်ပြီးတော့ လုပ်မယ်ဆိုလို့ရှိရင် ဘာသာစကားကို ကျွမ်းကျင်ဖို့လိုတယ်။ ၁၀ စုနှစ်ပေါင်းများစွာ အင်္ဂလိပ်ဘာသာစကား သင်ကြားမှုဟာ အားနည်းတဲ့အခါကျတော့ သင်နိုင်တဲ့ ဆရာ ဆရာမတွေတောင်မရှိတော့ဘူး ဖြစ်နေတယ်။

## သတ္တိရှိရှိနဲ့ လုပ်ရဲ ကိုင်ရဲ

"ဆရာ ဆရာမတွေကိုယ်တိုင်က အားနည်းတဲ့စနစ်ထဲမှာ ကြီးလာပြီးတော့ ပညာသင်ယူခဲ့ရတာဆိုတော့ ဘယ်လိုလုပ်ပြီး မှန်မှန်ကန်ကန်ပြန်သင်နိုင်မလဲ။ ဆရာ ဆရာမတွေကို တစ်ချိန်တည်းမှာ ပြုစုပျိုးထောင်ရတယ်ဆိုတာ မလွယ်တော့ဘူး။ တချို့တွေက လုပ်လို့မရတော့ဘူး၊ နည်းနည်းနောက်ကျသွားပြီ။ လုပ်လို့ရတဲ့ အငယ်ပိုင်း လူငယ်တွေတော့ရှိသေးတာပေါ့။ ကျောင်းသားတွေကို သာကြည့်ရတာ မဟုတ်ဘဲနဲ့ ဆရာ ဆရာမတွေကိုပါ ပြန်သင်နေရ၊ မိဘတွေကိုပါ သင်နေရပါတယ်။ မိဘတွေကိုက အရင်တုန်းက မမှန်မကန်တဲ့စနစ်တွေမှာနေခဲ့ရတယ်ဆိုတော့ တချို့တွေက မပြောင်းချင်ကြဘူး။ အပြောင်းအလဲကို မလိုလားကြဘူး၊ အဲဒါကြောင့် လူငယ်တွေက နေပြီးတော့ အပြောင်းအလဲကို ပြောင်းသင့်တဲ့နေရာမှာ ပြောင်းဖို့ကိုတော့ သတ္တိရှိရှိနဲ့ လုပ်ရဲ ကိုင်ရဲဖို့ကတော့ အရေးကြီးပါတယ်"ဟု ဆွေးနွေးပြောကြားသည်။

## ကိုယ့်ဘဝ ကိုယ်ကျောင်း

ဒေါ်မို့မို့ထင်ဇော်မွန်၏ ဆွေးနွေးချက်အပေါ် ဆွေးနွေးရာတွင် "အခုဒီနိုင်ငံမှာ တက္ကသိုလ်ရောက်တဲ့နှုန်းကို ကြည့်လိုက်ရင် မိန်းကလေးတွေက များလာပြီးတော့ ယောကျ်ားလေးတွေက ရာခိုင်နှုန်းအနေနဲ့ နည်းနည်းသွားတယ်။ အဲဒါကြောင့်မို့လို့ ယောကျ်ားလေးတွေ အဆင့်မြင့်ပညာသင်အောင်လို့ ဘယ်လိုလုပ်ရမလဲပေါ့။ အဓိက အစိုးရအနေနဲ့ အလေးထားတာကတော့ အသက်မွေးဝမ်းကျောင်းပညာ၊ ပညာဆိုတာဟာ ကိုယ့်ဘဝကို ကိုယ်ကျောင်းနိုင်ဖို့ ပညာသင်တာပဲ။ ပညာတွေ သင်ထားပြီး ဘာမှမလုပ်နိုင်ရင်၊ စာအုပ်ကြီးတွေကိုင်ပြီးတော့ တစ်နေကုန်အိမ်မှာပဲ ထိုင်နေရင် ဘာမှအသုံးမကျဘူး။ ကိုယ့်ဘဝကိုယ်ကျောင်းနိုင်အောင်လို့ဆိုတော့ အသက်မွေးဝမ်းကျောင်းပညာဟာ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒါကို ကြုံတုန်းလူငယ်တွေ အားလုံးကို အားပေးချင်ပါတယ်။

## ရင်းနှီးမြှုပ်နှံဖို့ငွေ

"စီးပွားရေးနဲ့ ပတ်သက်လို့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်လို့ မိန်းကလေးတွေမှာ၊ အမျိုးသမီးတွေမှာ အခွင့်အလမ်းအများကြီး ရှိပါတယ်။ ကမ္ဘာ့အတွေ့အကြုံအရ ဒီလို အသေးစားနဲ့ အလတ်တန်းစား စီးပွားရေးလုပ်ငန်းတွေ စတင်ဖို့ ငွေချေးတဲ့အခါမှာ အမျိုးသားတွေထက် အမျိုးသမီးတွေဟာ အားကိုးရတယ်။ အမျိုးသားတွေကို ပိုက်ဆံချေးလိုက်တဲ့အခါ တချို့က အရက်သောက်ရင်လည်း သောက်ပစ်လိုက်တယ်။ သူတို့အတွက် ပစ္စည်းပစ္စယတွေဝယ်ရင်လည်း ဝယ်လိုက်တယ်ပေါ့၊ အမျိုးသမီးတွေက မိသားစုအတွက် စဉ်းစားပြီးတော့ သေသေချာချာ ရင်းနှီးမြှုပ်နှံပြီးတော့ လုပ်ငန်းတစ်ခု လုပ်တယ်ဆိုတာ အဲဒါ တစ်ကမ္ဘာလုံးရဲ့ အတွေ့အကြုံအရ အမျိုးသမီးတွေကို ရင်းနှီးမြှုပ်နှံဖို့ငွေ ပံ့ပိုးပေးတာဟာ ပိုထိရောက်တယ်ဆိုတာ မြင်ခဲ့ရတယ်"ဟု ပြန်လည်ဆွေးနွေးသည်။

ဦးဖရားရယ်ရီးလို၏ ဆွေးနွေးချက်နှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်က "အမျိုးသားပြန်လည်ရင်ကြားစေ့ရေးက နည်းနည်းပိုပြီးတော့ အချိန်ယူရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြန်လည်ရင်ကြားစေ့ရေးဆိုတာဟာ အစုအဖွဲ့တွေ ကြားထဲမှာတင်မဟုတ်ဘူး။ တစ်ယောက်ချင်းတစ်ယောက်ချင်းကြားထဲမှာလည်း ရင်ကြားစေ့ဖို့ လိုတာတွေပါလာတယ်။ အစုအဖွဲ့အလိုက်တင် မဟုတ်ဘဲနဲ့ ဥပမာ-နိုင်ငံရေးပါတီတွေဆိုရင် ငြိမ်းချမ်းရေးရနေတာပဲ။ နိုင်ငံရေးပါတီတွေက တစ်ခုနဲ့တစ်ခု လက်နက်ကိုင်ပြီး တိုက်ခိုက်နေတာ မဟုတ်ဘူး။ ဒါပေမယ့် တချို့နိုင်ငံရေးပါတီ တွေကတော့ ပြန်လည်ပြီးရင်ကြားစေ့ဖို့ လိုတယ်။ ပြန်ပြီးရင်ကြားစေ့ဖို့ လိုတယ်ဆိုတာ တိုင်းပြည်ရဲ့ အကျိုးအတွက် ပြန်ပြီးတော့ ရင်ကြားစေ့ဖို့ လိုတယ်။ တိုင်းပြည်ရဲ့ အကျိုးအတွက် ညီညွတ်မှုရှာဖို့ လိုတယ်။

## နိုင်ငံ့အကျိုးအတွက်

"တချို့က အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ လုပ်တဲ့ကိစ္စလို့ ထင်ပါတယ်။ မဟုတ်ပါဘူး။ ဥပမာလေးနဲ့ ပြောရမယ်ဆိုရင် ကျွန်မတို့နိုင်ငံမှာ ကျွန်မတို့ စပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ မူဝါဒကို လက်ကိုင်ပြီးတော့ နိုင်ငံရေးအရ လှုပ်ရှားလာတုန်းက ဘာကိုဦးတည်တာလဲဆိုတော့ ဒီမိုကရေစီကို ယုံကြည်တဲ့ ပုဂ္ဂိုလ်များနဲ့ ဒီမိုကရေစီကို မယုံကြည်တဲ့ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် အာဏာရှင်စနစ်ကို ယုံကြည်တဲ့ ပုဂ္ဂိုလ်များအကြား နိုင်ငံ့အကျိုးအတွက် ရင်ကြားစေ့ဖို့ဟာကို ဦးတည်ပြီး ပြောတာပါ"ဟု ဆွေးနွေးသည်။

## အသီးအပွင့်တွေကို ခံစား

ဒေါ်အော်လေးဗီယာ၏ ဆွေးနွေးချက်အပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "တစ်ကမ္ဘာလုံးရဲ့ အတွေ့အကြုံအရဆိုရင် တိုင်းရင်းသားလူမျိုးစုငယ်တွေက မိမိတို့ရဲ့ စာပေယဉ်ကျေးမှုကို ထိန်းသိမ်းရတာ အမြဲတမ်း ရုန်းကန်ရပါတယ်။ အမြဲတမ်း အခက်အခဲရှိပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပိုပြီးတော့ ကိုယ့်ရဲ့ ယဉ်ကျေးမှု၊ ကိုယ့်ရဲ့ ဘာသာစကားကို စိတ်ပါဝင်စားလာပြီးတော့ ပံ့ပိုးကြတယ်ဆိုတာကိုလည်း တွေ့ရပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးရင်၊ ပြည်နယ်ဖွံ့ဖြိုးရင် ယဉ်ကျေးမှုနဲ့ စာပေဘက်က ဖွံ့ဖြိုးလာမှာပါ။

ကိုယ့်ရဲ့ တိုင်းရင်းသားစာပေ၊ ကိုယ့်ရဲ့ ယဉ်ကျေးမှုဒါတွေက စားဝတ်နေရေးကို အထောက်အကူမပြုဘူးဆိုရင် အဲဒီဘက်ကို အာရုံမစိုက်နိုင်ဘူး။ သို့သော် ဖွံ့ဖြိုးတိုးတက်လာပြီဆိုရင် ဒါတွေကိုပိုပြီးတော့ တန်ဖိုးထားလာတတ်တယ်။ ပိုပြီးတော့ စိတ်ပါဝင်စားလာတတ်တယ်။ အဲဒီတော့ သိပ်ပြီးတော့ စိတ်မပူပါနဲ့။ ဒါတွေ ထိန်းသိမ်းထားဖို့လည်း အစိုးရက ပံ့ပိုးပေးဖို့ တာဝန်ရှိပါတယ်။ ပံ့ပိုးပေးပါ့မယ်။ တတ်နိုင်သလောက် လုပ်ပေးပါ့မယ်။ ဒါပေမယ့် တစ်တိုင်းပြည်လုံး စီးပွားရေးဖွံ့ဖြိုး တိုးတက်လာတာနဲ့အမျှ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို ခံစားရတာနဲ့အမျှ ယဉ်ကျေးမှုဘာသာစကားတွေကို ထိန်းသိမ်းလာတာ၊ အားပေးလာတာ ပိုပြီးတော့ များလာတယ်ဆိုတာကို တွေ့ရပါတယ်။ ကျွန်မတို့ အလေးထားပြီး ဆောင်ရွက်ပေးပါ့မယ်"ဟု ဆွေးနွေးပြောကြားခဲ့သည်။

**သတင်းစဉ်**

## ပြည်တွင်းရေးရာ

❍ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်မြို့နယ် ဒေါ်ဆန်းဘွန်းကျေးရွာရှိ ကယန်းယဉ်ကျေးမှုဌာနသို့ရောက်ရှိရာ ကယန်း(ပဒေါင်)တိုင်းရင်းသားများက ခင်မင်ရင်းနှီးစွာကြိုဆိုပြီး အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ကြသည်။

ထို့နောက် ကယန်း(ပဒေါင်)တိုင်းရင်းသားများက ရိုးရာတေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဆိုပါကျေးရွာအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကယန်းရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်အရောင်းဆိုင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဖွင့်လှစ်ထားရှိသည့် ကယန်းရိုးရာယဉ်ကျေးမှုနှင့် ရိုးရာအသုံးအဆောင်ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာပြီး ကယန်း(ပဒေါင်)တိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဒေါ်ဆန်းဘွန်းကျေးရွာသည် ၆၇ ဧကကျယ်ဝန်း၍ အိမ်ခြေ ၁၃၀၊ အိမ်ထောင်စု ၁၃၈ စုရှိပြီး လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့တို့ ထိစပ်သည့်နေရာတွင်တည်ရှိ၍ ကျေးရွာတွင် ကယန်းတိုင်းရင်းသားများ အများစုနေထိုင်လျက်ရှိကြသည်။

### လေ့လာနိုင်

ဒေါ်ဆန်းဘွန်းကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လျက်ရှိပြီး ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်များ လာရောက်ကာ ကယန်းရိုးရာယဉ်ကျေးမှုနှင့် လူနေမှုဘဝပုံစံများ၊ ရိုးရာအဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို လေ့လာလျက်ရှိသည့်အပြင် ကယန်းရိုးရာယဉ်ကျေးမှုဓလေ့အနေဖြင့် လူသိများသော ကြေးကွင်းပတ်ခြင်းဓလေ့ကို လေ့လာခြင်း၊ ရိုးရာအဝတ်အထည်များ ရက်လုပ်နေမှုကို လေ့လာခြင်း၊ ကယန်းရိုးရာ လက်မှုပစ္စည်းများ ဝယ်ယူခြင်းနှင့် ကယန်းရိုးရာဓလေ့များကို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။



**ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိလာသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာစဉ်။**

### ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ကယားပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ကယားပြည်နယ် ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကယားပြည်နယ်ကို လာရောက်ရတဲ့အကြောင်းကတော့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ကယားပြည်နယ်ကလူတွေနဲ့ ဆွေးနွေးချင်တယ်၊ ကယားပြည်နယ်ဟာဆိုရင် ငြိမ်းချမ်းရေးအတွက် အင်မတန်မှအဓိကကျတဲ့ ဒေသတစ်ခုဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးအဖွဲ့တွေလည်း ရှိတယ်၊ ငြိမ်းချမ်းရေးကို ယူထားတဲ့ အဖွဲ့တွေလည်းရှိတယ်။

### ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး

"နောက်ပြီး အတွေ့အကြုံတွေလည်း စုံပါတယ်၊ ဒါကြောင့်မို့ ကယားပြည်နယ်က လူငယ်တွေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဆွေးနွေးစေချင်တာဖြစ်ပါတယ်၊ ဒါပေမယ့် လူငယ်တွေအပြင် အခြားဒေသခံပြည်သူတွေနဲ့လည်း ကျွန်မတို့ ဆွေးနွေးချင်ပါတယ်၊ ဘာလဲဆိုတော့ ငြိမ်းချမ်းရေးဆိုတာ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးပါတယ်၊ ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးရေးပေါ့။

"ဒီနေ့ လူငယ်တစ်ယောက်ကပြောသွားတာ ငြိမ်းချမ်းရေးကို အနုတ်လက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးနဲ့ အပေါင်းလက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးပေါ့၊ အဓိကက သူပြောတဲ့ အဓိပ္ပာယ်က အနုတ်လက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးဆိုတာက အပစ်အခတ်တွေ ငြိမ်းချမ်းသွားတာပေါ့၊ ဒါပေမယ့် နားထောင်ရတဲ့သူက တစ်မျိုးဖြစ်သွားတာပေါ့၊ အနုတ်လက္ခဏာဆောင်တယ်ဆိုတာ မကောင်းဘူးဆိုတဲ့ အဓိပ္ပာယ်လို ဖြစ်သွားနိုင်တယ်။

"သူကတော့ အဲလိုပြောတာမဟုတ်ပါဘူး၊ တကယ်တော့ သူပြောတာ ဖွံ့ဖြိုးရေးပါ၊ ဖွံ့ဖြိုးရေးကို ငြိမ်းချမ်းရေးဆိုပြီးတော့ အဓိပ္ပာယ်ဖော်လိုက်တာပါ၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဟာ မတူပါဘူး၊ တစ်ခုရှိမှလည်း တစ်ခုကို ဖြစ်နိုင်တယ်ဆိုတာကို အားလုံးသဘောတူညီမယ်လို့ ထင်ပါတယ်၊ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဖွံ့ဖြိုးရေးဆိုတာ မဖြစ်နိုင်ပါဘူး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးရေးမရှိဘဲနဲ့လည်း ငြိမ်းချမ်းရေးကို ကျွန်မတို့ ရေရှည်တည်တံ့ခိုင်မြဲအောင် မလုပ်နိုင်ပါဘူး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဟာ အမြဲပဲ ဒွန်တွဲနေတယ်ဆိုတာ အားလုံးလက်ခံတဲ့ကိစ္စလို့ ကျွန်မတို့ထင်ပါတယ်။

### အထူးအခက်အခဲတွေရှိရင် သိချင်

"အခုဒီမှာ ပြည်နယ်က လူကြီးတွေနဲ့တွေ့တဲ့အခါမှာ ကယားပြည်နယ်အတွက်ရော၊ ကယားပြည်နယ်ကနေတစ်ဆင့် တစ်နိုင်ငံလုံးအတွက်၊ ကျွန်မတို့ပြည်ထောင်စုတစ်ခုလုံးအတွက် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး နှစ်ခု ဒွန်တွဲပြီးတော့ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ဖို့ ပြည်သူပြည်သားတွေ ဝိုင်းပြီး လုပ်ကြမယ်ဆိုတဲ့ အကြံဉာဏ်ကောင်းတွေ ကျွန်မတို့လိုချင်ပါတယ်၊ အဓိကအားဖြင့်တော့ ကယားပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး အထူးအခက်အခဲတွေရှိရင်လည်း သိချင်ပါတယ်။

### နေ့ချင်းညချင်း ပြုပြင်ဖို့မဖြစ်နိုင်

"အထူးအခက်အခဲလို့ ပြောရတဲ့အကြောင်းကတော့ တစ်နိုင်ငံလုံးကတော့ အခက်အခဲတွေရှိတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ပထမဦးဆုံး ကျွန်မတို့နိုင်ငံရဲ့ အခက်အခဲက ပညာရေးပဲ၊ ကျွန်မတို့ ပညာရေးဘက်မှာ အင်မတန်မှ အားနည်းသွားတယ်၊ ဆယ်စုနှစ်နဲ့ချီသွားပါတယ်၊ ပြောရမယ်ဆိုရင် နှစ် ၅၀ လောက် ရှိပါပြီ၊ ရာစုနှစ် တစ်ဝက်လောက်ပေါ့၊ အဲလောက်တောင်မှ ပညာရေးဘက်မှာ အားနည်းသွားတဲ့အခါကျတော့ နေ့ချင်းညချင်းပြုပြင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

**စာမျက်နှာ ၉ သို့** ❖



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွိုင်ကော်မြို့နယ် ဒေါ်ဆန်းဘွန်းကျေးရွာရှိ ကယန်းယဉ်ကျေးမှုဌာနသို့ ရောက်ရှိလာရာ ကယန်း(ပဒေါင်)တိုင်းရင်းသူများက ခင်မင်ရင်းနှီးစွာကြိုဆိုပြီး အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေသခံကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ တိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါဆန်းဘွန်းကျေးရွာတွင် ကယန်း(ပဒေါင်)တိုင်းရင်းသား ကလေးငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ စာမျက်နှာ ၈ မှ

"ပညာရေးဟာ အချိန်ယူရပါတယ်၊ အခုကျွန်မတို့ ဖြစ်နေတဲ့ အခြေအနေက သင်ပြပေးရတဲ့ ဆရာ ဆရာမတွေတောင်မှ ကမ္ဘာ့အဆင့်အတန်းကို မမီတော့တဲ့အခါမျိုးကျတော့ ပြန်ပြီးတော့ ဒီကလေးတွေကို ကမ္ဘာ့အဆင့်အတန်းမီအောင်ဆွဲတင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ အဲဒါကို ကျွန်မတို့ အမြန်ဆုံးဖြစ်အောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားနေပါတယ်။

### နေ့ချင်းညချင်းဖြစ်ဖို့မလွယ်

"ဒါပေမယ့် နေ့ချင်းညချင်းဖြစ်ဖို့က မလွယ်ပါဘူး၊ ကျန်းမာရေးမှာလည်း ခက်ခဲတာတွေရှိပါတယ်၊ ငယ်ငယ်တုန်းက အာဟာရတွေ မပြည့်ဝလို့ ကြံလှီသွားတဲ့ ကလေးတွေကို အခုမှ အရပ်ရှည်အောင်လုပ်ပေးလို့ မရတော့ဘူး။ ဆယ်ကျော်သက်အတွင်းမှာ ရောက်နေပြီးတော့ အင်မတန်မှ ဖွံ့ဖြိုးတိုးတက်မှုနည်းနေတဲ့ ကလေးတွေကို ပြန်ပြီးတော့ လုပ်ဖို့ဟာ မလွယ်ပါဘူး။

### စီးပွားရေး

"ဒါပေမယ့် ငယ်သေးတဲ့ကလေးတွေကို ၄၊ ၅၊ ၆ နှစ်၊ ၇ နှစ်ပေါ့။ ဆယ်ကျော်သက် အရွယ်အထိတောင်မှ ကျွန်မတို့ဟာ အာဟာရ ပြည့်ပြည့်ဝဝထည့်သွင်းခြင်းအားဖြင့်၊ လေ့ကျင့်ခန်းလုပ်ခြင်းအားဖြင့် ကြီးထွားအောင်လုပ်လို့ရပါတယ်။ ကျွန်မတို့နိုင်ငံမှာ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါသိပ်များပါတယ်။ နောက် စီးပွားရေး၊ စီးပွားရေးကျတော့ အခြေခံအဆောက်အအုံတွေ အားနည်းတဲ့အခါကျတော့ စီးပွားရေးက နေ့ချင်းညချင်းဖြစ်လို့မရဘူး။ စီးပွားရေးဟာ ပြောတော့သာလွယ်တယ်။ လမ်းပန်းဆက်သွယ်ရေးမကောင်းဘူး။ လျှပ်စစ်ဓာတ်အား မရဘူးဆိုရင် စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ဖို့ စီးပွားရေးလုပ်ငန်းတွေထဲမှာ ရင်းနှီးမြှုပ်နှံမယ့်သူတွေကိုရှာဖို့ဟာ သိပ်မလွယ်ဘူး။

### ကျွမ်းကျင်တဲ့လူငယ်တွေလို

"လမ်းကောင်းတယ်၊ စွမ်းအင်လည်း လုံလုံလောက်လောက်ရမယ်ဆိုလို့ရှိရင် နောက်ကနေ စီးပွားရေးကလိုက်လာမယ်၊ စီးပွားရေးနဲ့ပတ်သက်လို့လည်း ပညာလိုပါတယ်၊ ကျွမ်းကျင်တဲ့ လူငယ်တွေလိုပါတယ်၊ နည်းပညာလိုပါတယ်၊ လုပ်ရမှာတော့ အဘက်ဘက်ကပါ၊ တစ်တိုင်းပြည်လုံးမှာ ဒီလိုပြဿနာတွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

"သို့သော်လည်း ကယားပြည်နယ်သက်သက် ထူးထူးခြားခြားရင်ဆိုင်နေရတဲ့ ပြဿနာများလည်း ရှိနိုင်ပါတယ်။ အဲဒီအတွက်ဆို ကျွန်မတို့ကို တင်ပြစေချင်ပါတယ်။ ကယားပြည်နယ်အစိုးရမှာ ပိုပြီးတော့ အားသာအောင်လို့လုပ်နိုင်တဲ့ ကဏ္ဍတွေရှိလို့ရှိရင်ထောက်ပြပါ။ ကျွန်မတို့ အပြုသဘောဆောင်ပြီးတော့ ပြည်သူတွေရဲ့ကောင်းကျိုးအတွက် ထောက်ပြတယ်ဆိုတာကို လက်ခံမှာဖြစ်ပါတယ်။ စေတနာနဲ့ အပြုသဘောဆောင်တဲ့ ရည်ရွယ်ချက်နဲ့ ထောက်ပြမယ်ဆိုရင်၊ အကြံအဉာဏ်ပေးမယ်ဆိုရင် အစိုးရအတွက် အများကြီးအထောက်အကူပြုပါတယ်။

### ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရအောင်

"ရေရှည်မှာတော့ အကောင်းအတွက် ပံ့ပိုးပေးတယ်လို့ပဲ ယူဆပါတယ်။ အခု တက်ရောက်လာတဲ့ ဧည့်သည်တော်ကြီးများဟာ ပြည်သူလူထုနဲ့ ဒီပြည်နယ်ကို တိုးတက်အောင် ဘယ်လိုလုပ်နိုင်မလဲ၊ ဘယ်လိုနည်းနဲ့ ပြည်ထောင်စုကြီးကို တိုးတက်အောင်လုပ်နိုင်မလဲ၊ ဘယ်လိုနည်းနဲ့ ငြိမ်းချမ်းရေးကို အမြန်ဆုံးရအောင် လုပ်နိုင်မလဲဆိုတာ၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရအောင် လုပ်နိုင်မလဲဆိုတာ အကြံကောင်း ဉာဏ်ကောင်းပေးရင် နားထောင်ဖို့အဆင်သင့်ပါပဲ" ဟုပြောကြားသည်။

### ဆန္ဒသဘောထားများတင်ပြ

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံကိုယ်စားလှယ်များက ငြိမ်းချမ်းရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လက်ရှိအခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မှုအခြေအနေများနှင့် ၎င်းတို့၏ ဆန္ဒသဘောထားများကို တင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များအား ကယန်း(ပဒေါင်)တိုင်းရင်းသားများက ရိုးရာတေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေကြစဉ်။

# ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သံတွဲနှင့် ကျိန္တလီမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေလှူဒါန်း

**သံတွဲ ဒီဇင်ဘာ ၂၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် သံတွဲမြို့ ဘုရင့်နောင်လမ်းရှိ ဓမ္မဗိမာန်တော်သို့ ရောက်ရှိပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်နှင့် တာဝန်ရှိသူများ၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာကျော်နိုင်ဝင်း၊ ဓမ္မဗိမာန်ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး ဓမ္မဗိမာန်တော်အတွက် ငွေကျပ် သိန်း ၂၅၀ နှင့် ကျောက်ကြီးတိုက်နယ်ဆေးရုံ ဓာတ်မှန်ခန်း အသုံးပြုရန် 15 KVA မီးစက်တစ်လုံးအတွက် ငွေကျပ် သိန်း ၁၃၀ တို့ကို ပေးအပ်လှူဒါန်းရာ ဓမ္မဗိမာန် ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာကျော်နိုင်ဝင်းတို့က လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကျိန္တလီမြို့သို့ ရောက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ ကျောင်းကော်မတီများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးကာ ရတနာမြိုင် အလင်းရောင်စာကြည့်တိုက် ပရိဘောဂများ ဝယ်ယူရန်အတွက် ငွေကျပ် ၁၅ သိန်း၊ ကျိန္တလီမြို့ အမှတ် (၂) ရပ်ကွက်ရှိ သီရိဇေယျာစာပေအသင်း စာကြည့်တိုက် အတွက် လှူဒါန်းငွေကျပ် ၁၅ သိန်းနှင့် ရတနာမြိုင် အထက သင်ထောက်ကူပစ္စည်းများ ဝယ်ယူရေးအတွက် ငွေကျပ် ၁၆၇၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ရခိုင်ပြည်နယ် မောင်တောဒေသ ပြန်လည်ထူထောင်ရေးအတွက် AGTI Society ကျောင်းသားဟောင်းများအသင်းက ငွေကျပ် သိန်း ၁၀၀ လှူဒါန်း

**စစ်တွေ ဒီဇင်ဘာ ၂၉**

ရခိုင်ပြည်နယ် မောင်တောဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် AGTI Society ကျောင်းသားဟောင်းများအသင်းက ငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များ၌ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အတွက် အလှူငွေကျပ် သိန်း ၁၀၀ ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် AGTI Society ကျောင်းသားဟောင်းများအသင်းက လှူဒါန်းရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

## ရသေ့တောင်မြို့နယ်၌ ဓားခုတ်မှုကျူးလွန်သူ ရွာသားတစ်ဦးအား ပစ်ခတ်ဖမ်းဆီး



**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရသေ့တောင်မြို့နယ် အငူမော်ရဲကင်းစခန်းသို့ အငူမော် ကျေးရွာ ပိုက်ဆိပ်ရပ်နေသူ မစန္ဒာခင် အသက်(၃၆)နှစ်သည် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရောက်ရှိလာပြီး ၎င်း၏ခင်ပွန်း ဦးသန်းကြည် အသက်(၄၆)နှစ်နှင့် တစ်ရွာတည်းနေ စိုးသန်း (၃၅)နှစ်တို့သည် ၎င်းနေအိမ်တွင် အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ပြီး စိုးသန်းက ဦးသန်းကြည်အား ဓားဖြင့်ခုတ်ခဲ့သည်ဟု လာရောက်တိုင်တန်းခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အငူမော်ကျေးရွာ ပိုက်ဆိပ်ရပ်သို့သွားရောက်၍ စိုးသန်းအား ဖမ်းဆီးရာ အဖမ်းမခံဘဲ ဓားရှည်ဖြင့် ပြန်လည်ခုခံသဖြင့် ရဲတပ်သား လင်းလင်းထက်က BA-94 ဖြင့် တစ်ချက် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ စိုးသန်းတွင် ယာညို့သကျည်း ကျည်ရှပ်ထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)နှင့် ဓားခုတ်ခံရသူ ဦးသန်းကြည်တွင် ဦးခေါင်းငယ်ထိပ်၊ ကျောကုန်း ပြတ်ရှဒဏ်ရာများ (စိုးရိမ်ရ) ရရှိ၍ စစ်တွေမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရန် စီစဉ်ထားလျက်ရှိသည်။

**သတင်းစဉ်**

## မောင်တောမြို့နယ်တွင် NVC နှင့် NID များ ပြုလုပ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မောင်တောမြို့နယ် ရွှေဇားကျေးရွာတွင်နေထိုင်သော အစ္စလမ်ဘာသာဝင်များအား ဒီဇင်ဘာ ၂၅ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ NVC(National Verification Card) ပြီးစီးမှု ၁၄၅၇ ဦးဖြစ်ပြီး NID (National Electronic ID) ပြီးစီးမှုမှာ ၁၅၀၃ ဦးဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။ **သတင်းစဉ်**

## စိတ်ကြွဆေးပြား ၆၆၀ နှင့် ဆေးခြောက် ၁၄၅၆ ဂရမ် သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် ည ၉ နာရီခွဲတွင် သတင်းအရ မောင်တောမြို့နယ် မောင်နီရွာနေ အဒူဟာရှိန်း အသက်(၂၈)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အဒူဟာရှိန်းနှင့်အတူ တစ်ရွာတည်းနေ ဂျော်မိန်စတန် အသက်(၂၇)နှစ်ပါ အမျိုးသား လေးဦးတို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ WY နှင့် R စာတန်းပါ ငွေကျပ် ၁၃၂၀၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြား ၆၆၀ နှင့်



ငွေကျပ် ၅၈၀၀၀ တန်ဖိုးရှိ ဆေးခြောက် ၁၄၅၆ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မောင်တောမြို့မစခန်း၌ အမှုဖွင့် စစ်ဆေးလျက်ရှိသည်။ **သတင်းစဉ်**

## သံတွဲလေဆိပ်၌ ကလေးငယ်တစ်ဦး ခေါ်ဆောင်လာသူအား ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီတွင် သံတွဲ မြို့နယ် သံတွဲလေဆိပ်၌ ရောက်ရှိလာ သည့် မြို့သစ်ရပ်ကွက် ပုဏ္ဏားကျွန်း မြို့နယ်နေသူ မမီမီဌေး(၃၀)နှစ်နှင့် စစ်တွေမြို့နယ် ဆေးသမားအုပ်စု ဒုက္ခသည်စခန်းနေ သားငယ်(ခ) ဟာမီဒူရော်ရှီး (၈)နှစ်တို့အား မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သံတွဲမြို့နယ် ဆင်ခေါင်း ကျေးရွာနေသူ ဦးတင်သန်း (၄၉)နှစ်သည် ကလေးငယ်တစ်ဦးကို စစ်တွေမှ ရန်ကုန်သို့ ပို့ဆောင်ပေးပါက ငွေကျပ် တစ်သိန်း ပေးမည်ဖြစ်ကြောင်း ပြောသဖြင့် ဒီဇင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရိုးမရာဇာ ခရီးသည်တင်ယာဉ်ဖြင့် စစ်တွေမြို့မှ သံတွဲမြို့သို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

သံတွဲလေဆိပ်သို့ ရောက်ရှိစဉ် ဦးတင်သန်းက မမီမီဌေးနှင့် သားငယ်(ခ) ဟာမီဒူရော်ရှီးတို့ အတွက် လေယာဉ်လက်မှတ်နှစ်စောင် ပေးခဲ့ပြီး မမီမီဌေးနှင့် သားငယ်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးနေစဉ် ဦးတင်သန်းမှာ



တိမ်းရှောင်သွားခဲ့ပြီး အမှုနှင့် သက်ဆိုင်သူနှစ်ဦးအား ဂျိတ္တော နယ်မြေ ရဲစခန်းတွင် အမှုဖွင့်စစ်ဆေး လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပိတောက်ချောင်းရဲစခန်းအပိုင် သီရိမင်္ဂလာဈေးတွင် ဒီဇင်ဘာ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်း ဦးဆောင်သောအဖွဲ့က အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။**

ကြေးမုံ



# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန စာအုပ်များ ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၏ အစဉ်အလာ ကြီးမားကျယ်ပြန့်သော မြန်မာသမိုင်းကို အကြိုသမိုင်းခေတ်မှစတင်၍ ၁၉၈၈ ခုနှစ်ကာလအထိ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းကျမ်းကြီးများ ထွက်ပေါ်လာစေရန်နှင့် ပြည်သူများသို့ သမိုင်းအသိပညာများ ဖြန့်ဝေပေးနိုင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ပညာရှင်များနှင့် ဤဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ပြုစုရေးသား၍ စဉ်ဆက်မပြတ် ပုံနှိပ်ထုတ်ဝေလျက်ရှိရာ ယခုအခါ အောက်ဖော်ပြပါစာအုပ်များကို ထုတ်ဝေထားပါကြောင်းနှင့် ဖော်ပြပါလိပ်စာအသီးသီးတွင် ဝယ်ယူဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ဆက်သွယ်ဝယ်ယူနိုင်မည့်နေရာ |
|---|---|---|---|---|
| ၁။ | ဌာနတွင်းစွမ်းရည်မြှင့်တင်ရေးအတွက် မြန်မာသမိုင်းအဖွဲ့ဝင်များ ဖတ်ကြားခဲ့သောစာတမ်းများ အတွဲ(၁) | မြန်မာသမိုင်းအဖွဲ့ | ၁၅၀၀ိ/- | သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ဖုန်း- ၀၆၇-၄၀၈၃၈၃၊ ၄၀၈၃၈၄၊ ၄၀၈၄၂၃။ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ ကုမုဒြာကြာပန်းဝိုင်းအနီး ဖုန်း- ၄၁၈၄၂၆။ ရန်ကုန်မြို့ ပြည်လမ်း၊ အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဖုန်း- ၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂။ |
| ၂။ | မြန်မာနိုင်ငံရေး(၁၉၀၆-၁၉၃၀) | မြန်မာသမိုင်းအဖွဲ့ | ၂၅၀၀ိ/- | |
| ၃။ | မြန်မာ့သမိုင်းမြေပုံများ | ဒေါက်တာသန်းထွန်း | ၂၀၀၀ိ/- | |
| ၄။ | မြန်မာသမိုင်းသုတေသန စာစောင်အမှတ်(၃၃) | သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန | ၂၅၀၀ိ/- | |



# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ၁၀၀ ကျပ်တန် အထူးထုတ် တံဆိပ်ခေါင်း သုံးမျိုး ရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ၁၀၀ ကျပ်တန် အထူးထုတ်တံဆိပ်ခေါင်း သုံးမျိုးအား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်စာတိုက်များ အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**










**○ ကျောဖုံးမှ**

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းတွင် အဓိက အားဖြင့် ရထားတွဲဆိုင်း၊ မီးပွိုင့်၊ ရထားလမ်းပိုင်း၊ ရထားပြေးဆွဲ မောင်းနှင်မှုများတွင် ပြောင်းလဲသွားမည်ဟုသိရပြီး ရထားတွဲဆိုင်းများတွင်လည်း ရှေ့ခေါင်းတွဲမှ နောက်ကတွဲဆိုင်းများကို ဆွဲသည့်ပုံစံမျိုးမရှိတော့ဘဲ တွဲဆိုင်းတိုင်းတွင် အင်ဂျင်ပါပြီး ဂျပန်နိုင်ငံဖြစ် ပါဝါပြည့် တည်ဆောက်မှုဖြစ်လာမည်ဟု JICA မှ သိရသည်။ ယင်းကြောင့် ယခုလက်ရှိအမြန်နှုန်း ၁၅ ကီလိုမီတာမှ ကီလိုမီတာ ၄၀ ခန့်လောက်သာရှိသည့် ရထားအမြန်နှုန်းမှ အမြန်ဆုံးကီလိုမီတာ ၆၀ အထိ အရှိန်မြှင့်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ရထားပြေးဆွဲနိုင်မှုအရှိန်နှုန်း မြှင့်တင်လာသည်နှင့်အမျှ ရထားလမ်းနှင့် ကားလမ်းဆုံရာ တရားဝင်ဖြတ်သန်းခွင့်ပြုထားသည့် လမ်းဆုံဂိတ်နေရာများ၊ တရားမဝင် စည်းကမ်းမဲ့ဖြတ်သန်းနေသော နေရာများတွင် အန္တရာယ်ကင်းရှင်းရေး၊ ရထားသွားလာပြေးဆွဲမှုကို အဟန့်အတား မဖြစ်စေရေးတို့အတွက် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်း ရထားလမ်းနှင့် ကားလမ်းဆုံရာနေရာများ၊ ရထားလမ်းကူးနေရာများတွင် တရားမဝင် ဖြတ်ကူးနေမှုများ၊ စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများ၊ ရထားလမ်းအနီး လွတ်ကင်းစွာ သွားလာမှု မရှိမှုများ၊ ရထားမရပ်မီတွင် ပြေးတက်၊ ပြေးဆင်းလုပ်မှုများ စသည်ဖြင့် မတော်တဆ ဖြစ်ရပ်များ များလာခြင်းနှင့်ပတ်သက်၍ သတင်းမီဒီယာများမှတစ်ဆင့် အသိပညာပေး ဖြန့်ဝေနိုင်ရန်နှင့် မြန်မာ့မီးရထားမှ ဆောင်ရွက်နေမှုများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများက သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်းဖြေကြားမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**ဆုနှင်းလှဲ့**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်း စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၀၁ စီး၊ သွင်းကုန် ၁၁၄၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၀၀၆ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၅၈၄ သန်းခန့်) စုစုပေါင်း တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၅၉၀ သန်းခန့်)ကို သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၈ ရက်တွင် မန္တလေးသို့ သွားရောက်မည့် နစ်ဆန်း ၂၂ ဘီး ယာဉ်တစ်စီး၊ နစ်ဆန်း ၁၂ ဘီးယာဉ် နှစ်စီးနှင့် ကင်တာ ခြောက်ဘီးယာဉ် တစ်စီး တို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အဝတ်အထည်၊ လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း စုစုပေါင်း ၁၅ မျိုး(စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၀၀၆ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❋ အာဆီယံမှ**

ဂျပန်လူမျိုး နည်းပြချုပ်မှာ ဇန်နဝါရီပထမပတ်တွင် ရောက်ရှိလာမည်ဖြစ်ပြီး အပြီးသတ်စာချုပ် ချုပ်ဆိုပြီးပါက မြန်မာအမျိုးသမီးအသင်းအတွက် ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၀၇ အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် ချန်ပီယံဆုရပြီးနောက်ပိုင်း ဆယ်စုနှစ်တစ်ခုကျော် ချန်ပီယံအောင်မြင်မှုနှင့် ဝေးကွာလျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ယှဉ်ပြိုင်ခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် တတိယဆုသာရခဲ့သလို ၂၀၁၈ အာရှဖလားအမျိုးသမီးပြိုင်ပွဲတွင်လည်း ခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ယခင် နည်းပြချုပ်ဟောင်း နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာနှင့် လမ်းခွဲခဲ့ပြီး ဂျပန်နည်းပြတစ်ဦးနှင့် အစားထိုးရန် ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီး ဘောလုံး အဆင့်အတန်း တိုးတက်မြင့်မားရန်နှင့် အမျိုးသမီးဘောလုံးသမားများ ထွက်ပေါ်လာရန် KBZ Bank Women's League ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ကျင်းပလျက်ရှိပြီး ဒုတိယရာသီကို ဒီဇင်ဘာ ၂၇ ရက်မှစ၍ ကျင်းပလျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသော်လည်း အာရှအားကစားပြိုင်ပွဲတွင်မူ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ၂၀၁၈ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရေး သမ္မတပူတင် စတင်လှုပ်ရှား

**မော်စကို ဒီဇင်ဘာ ၂၉**

၂၀၁၈ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရန် သမ္မတဗလာဒီမာပူတင်ကိုယ်တိုင် မိမိကိုယ်မိမိ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းအား မဲဆန္ဒရှင်တစ်စုက ထောက်ခံသည်ဆိုသော စာလွှာစာတမ်းများကို ဗဟိုရွေးကောက်ပွဲကော်မရှင်က မှတ်ပုံတင်လိုက်ပြီဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ပူတင်အနေဖြင့် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးနိုင်ရန် တရားဝင်ခွင့်ပြုချက် ရရှိမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။

သမ္မတပူတင်သည် ဒီဇင်ဘာ ၂၇ ရက်တွင် ဗဟိုရွေးကောက်ပွဲကော်မရှင်ထံသို့ သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လိုအပ်သည့်စာလွှာစာတမ်းများကို ပေးအပ်ခဲ့သည်။

ရုရှားရွေးကောက်ပွဲဥပဒေအရ သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူက ပါတီကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ထောက်ခံသူများရှိသည့် ကိုယ်စားလှယ်အဖြစ်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပါတီများသည်ပါတီညီလာခံများ ကျင်းပကာ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်များကို ရွေးချယ်ကြလေ့ရှိသည်။

ထောက်ခံသူများရှိသည့် ကိုယ်စားလှယ်အနေဖြင့် လူ ၅၀၀ ထက်မနည်းပါဝင်သည့် ထောက်ခံရေးအဖွဲ့ကျောထောက်နောက်ခံရှိရန် လိုအပ်သည်။

ရွေးကောက်ပွဲကော်မရှင်က စစ်ဆေးအတည်ပြုပြီးသည့်အခါ တစ်သီးပုဂ္ဂလသမ္မတလောင်းအဖြစ် ယှဉ်ပြိုင်မည့် ပူတင်အနေဖြင့် ၎င်းအား ထောက်ခံသူများ၏ လက်မှတ်သုံးသိန်းထက်မနည်းစုစည်းရန် ခွင့်ပြုချက်ရရှိမည်ဖြစ်သည်။

ရုရှားသမ္မတရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် မတ်လ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ရွေးကောက်ပွဲဝင်ရောက်မည့် ကိုယ်စားလှယ်များသည် ရက်ပေါင်း ၉၀ အတွင်း ဗဟိုရွေးကောက်ပွဲကော်မရှင်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းများကိုတင်သွင်းရန် လိုအပ်သည်။

သမ္မတပူတင်က တင်သွင်းလိုက်သော စာလွှာစာတမ်းများတွင် ထောက်ခံသူတစ်စုအား မှတ်ပုံတင်နိုင်ရေး လျှောက်ထားလွှာ၊ သမ္မတအဖြစ် ယှဉ်ပြိုင်ခြင်းအား



သဘောတူညီမှုရှိကြောင်း ကြေညာချက်၊ ကိုယ်ရေးရာဇဝင်ဆိုင်ရာ အတည်ပြုချက်၊ ဝင်ငွေမည်မျှ ရရှိကြောင်း နှင့် ပိုင်ဆိုင်မှု နေဥစ္စာများဆိုင်ရာ ကြေညာလွှာတို့ပါဝင်သည်။

**ဆင်ဟွာ။**

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ မီးလောင်မှုဖြစ်ပွား လူ ၁၄ ဦးထက်မနည်း သေဆုံး၊ အများအပြား ဒဏ်ရာရ

**မွမ်ဘိုင်း ဒီဇင်ဘာ ၂၉**

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော် မွမ်ဘိုင်းတွင် ဒီဇင်ဘာ ၂၉ ရက် နံနက်အစောပိုင်းက စားသောက်ဆိုင်တစ်ဆိုင်တွင် မီးလောင်မှု စတင်ဖြစ်ပွားခဲ့ပြီးနောက် ယင်းဆိုင် အထပ်မြင့် အဆောက်အအုံ၏ အခြားအထပ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ လူ ၁၄ ဦးထက် မနည်း သေဆုံးကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းအဆောက်အအုံ မီးလောင်ကျွမ်းမှုကို မီးသတ်သမားများက သုံးနာရီကြာ ငြိမ်းသတ်ခဲ့ရသည်။ မည်သည့် အကြောင်းကြောင့် မီးလောင်မှုဖြစ်ပွားရသည်ကို မသိရသေးပေ။

မီးလောင်သည့် အထပ်မြင့် အဆောက်အအုံမှာ မွမ်ဘိုင်းမြို့၏ လူသိများသော ကာမာလာ အမည်ရှိ အဆောက်အအုံဖြစ်ပြီး ယင်းအရပ်၌ ရုပ်မြင်သံကြားနှင့် ရေဒီယိုအသံလွှင့်ရုံများနှင့် ဟိုတယ်များလည်း တည်ရှိသည်။

မီးလောင်မှုကြောင့် ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုများ ရပ်ဆိုင်းသွားခဲ့ရသည်။ မီးလောင်မှု စတင်ဖြစ်ပွားသည့် စားသောက်ဆိုင်မှာ အဆောက်အအုံ၏ တတိယထပ်တွင် တည်ရှိပြီး ယင်းဆိုင်နှင့် ကပ်လျက် စားသောက်ခန်းမနှင့် ဘားဆိုင် တစ်ဆိုင်တို့မှာလည်း မီးကူးစက်လောင်ကျွမ်းခဲ့ရသည်။

လူ ၅၀ ခန့် ပါဝင်သည့် မွေးနေ့ပါတီပွဲ ကျင်းပနေစဉ် မီးလောင်မှု ဖြစ်ပွားခြင်းဖြစ်ပြီး သစ်သားထည် ပရိဘောဂပစ္စည်းများကို လျင်မြန်စွာ မီးကူးစက်ခဲ့သည်။

အမျိုးသမီး ၁၂ ဦးနှင့် အမျိုးသား နှစ်ဦးမှာ မီးခိုးလုံးများ ရှူရှိုက်ရပြီး သေဆုံးရကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**




# စွမ်းအင်သစ် မော်တော်ယာဉ်များ သုံးစွဲမှု တွင်ကျယ်လာရေး အခွန်အရ မက်လုံးပေးမှု တရုတ်နိုင်ငံတွင် ဖော်ဆောင်

**ရှန်ဟိုင်း ဒီဇင်ဘာ ၂၉**

၂၀၂၀ ပြည့်နှစ် နှစ်ကုန်ဆုံးချိန်အထိ စွမ်းအင်သစ် မော်တော်ယာဉ်များ(အင်န်အီးဗွီ)ဟု သိရှိကြသော လျှပ်စစ်ကားများနှင့် စွမ်းအင်နှစ်မျိုးသုံး မော်တော်ယာဉ်များ ဝယ်ယူသူများအား အခွန်လျှော့ချပေးမည့် အစီအစဉ်တစ်ရပ်ကို တရုတ်နိုင်ငံတွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အတွင်း၌ ပေါက်ကွဲမှုဖြစ်ပေါ်စေခြင်းနည်းပညာ အသုံးပြုသည့် သမားရိုးကျအင်ဂျင်များ တပ်ဆင်သော မော်တော်ယာဉ်များထုတ်လုပ်ခြင်းမှ စွမ်းအင်သစ် မော်တော်ယာဉ်များ ထုတ်လုပ်ခြင်းဆီသို့ ဦးတည်သည့် မူဝါဒသစ်ကို ပြောင်းလဲကျင့်သုံးလာခြင်းဖြင့် မော်တော်ယာဉ် ထုတ်လုပ်သူများအနေဖြင့် လျှပ်စစ်ကားများနှင့် မျိုးစပ်စွမ်းအင်သုံးကားများ ထုတ်လုပ်လာစေရန် တွန်းအားတစ်ရပ် ဖြစ်လာမည်ဆို၏။

ကာလအပိုင်းအခြားအရ အခွန်လွတ်ငြိမ်းသက်သာခွင့်ပေးမည့် အစီအစဉ်တစ်ရပ်မှာ ယခုနှစ်ကုန်၌ သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး လျှပ်စစ်ကားများ၊ ဓာတ်ဆီနှင့် လျှပ်စစ်နှစ်မျိုးစလုံး အသုံးပြုနိုင်သော မျိုးစပ်စွမ်းအင်သုံးကားများ၊ လောင်စာဆဲလ်စွမ်းအင်သုံး မော်တော်ယာဉ်များအတွက် ယင်းအစီအစဉ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်အထိ သက်တမ်းတိုးမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများသည် ၂၀၁၉ ခုနှစ်တွင်စတင်မည့် စွမ်းအင်သစ် မော်တော်ယာဉ်များကို ခွဲတမ်းသတ်မှတ်ချက်အလိုက် ထုတ်လုပ်ပေးရမည့် စည်းမျဉ်းတစ်ရပ်ကို လိုက်နာရန် ရှိနေချိန်တွင် အခွန်ဆိုင်ရာ သက်သာခွင့်များပေးရန် အစိုးရအဖွဲ့က မက်လုံးပေးလိုက်ခြင်းဖြစ်သည်။

စွမ်းအင်သစ် မော်တော်ယာဉ်များအား ပိုမိုဝယ်ယူသုံးစွဲလာကြစေရန် ဦးတည်သည့်မက်လုံးပေးရေးအစီအစဉ် မရှိပါက ဝယ်လိုအားတစ်ခုတည်းဖြင့် ဈေးကွက်၌ ယင်းမော်တော်ယာဉ်များရောင်းချရမှု တိုးလာနိုင်မည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့က မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးအရ အထောက်အပံ့ပေးမည့် အစီအစဉ်မျိုးလိုအပ်ကြောင်း ကမ္ဘာ့မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများက တရုတ်နိုင်ငံအား အကြံပြုပြောဆိုခဲ့သည်။

**ရိုက်တာ။**



# ပင်ဆယ်လ်ဗေးနီးယားပြည်နယ် အီရီမြို့၌ ဆီးနှင်းများ စံချိန်တင်ကျဆင်း

**အီရီ ဒီဇင်ဘာ ၂၉**

အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ် အီရီမြို့တွင် ယခုရက်သတ္တပတ်အတွင်း ဆီးနှင်းမုန်တိုင်းကျရောက်ခဲ့ရာ ဆီးနှင်းထု ၆၅ လက်မ (၁၆၅ စင်တီမီတာ) ဖြစ်ပေါ်သည်အထိ စံချိန်တင်ကျဆင်းခဲ့ကြောင်း၊ ဆီးနှင်းကျဆင်းမှု မကြာမီ လျော့ကျသွားမည်ဟု မျှော်လင့်ရကြောင်း၊ မော်တော်ယာဉ်များမှာ ဆီးနှင်းခဲများအောက်တွင် ပိနေခဲ့ပြီး ယင်းမြို့၏ လှုပ်ရှားသွားလာမှုများ ရပ်ဆိုင်းသွားခဲ့ရကာ အရေးပေါ်အခြေအနေ ထုတ်ပြန်ထားကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

လူဦးရေ တစ်သိန်းခန့်ရှိ အီရီမြို့သည် ပင်ဆယ်လ်ဗေးနီးယားပြည်နယ် အနောက်မြောက်ပိုင်းမှ အီရီရေကန်ကြီး၏ ကမ်းခြေတွင် တည်ရှိသည်။ ယင်းမြို့၌ ဆောင်းရာသီဆီးနှင်းမုန်တိုင်းများ ကျရောက်နိုင်သဖြင့် ဆီးနှင်းထု ပမာဏ ၁၀ လက်မခန့်အထိ ဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

**ဆင်ဟွာ။**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**တရားစွဲဆိုခွင့်နှင့်ကြားဝင်ဆောင်ရွက်ခွင့် လျှောက်ထားခြင်းနှင့် ခွင့်ပြုခြင်း**

၁၉၇။(က) ပုဒ်မ ၁၉၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) တွင် ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးသည် တရားစွဲဆိုမှုများဆောင်ရွက်ရန် သို့မဟုတ် တရားစွဲဆိုမှုများတွင် ကြားဝင်ဆောင်ရွက်ခွင့် ရရှိရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) တရားရုံးသည် အောက်ပါအချက်များကို ကျေနပ်လက်ခံလျှင် လျှောက်ထားမှုအား ခွင့်ပြုရမည်-

(၁) ကုမ္ပဏီကိုယ်တိုင်က တရားစွဲဆိုမှုများကို မဆောင်ရွက်နိုင်ကြောင်း သို့မဟုတ် အဆိုပါကိစ္စများအတွက် တာဝန်ယူဆောင်ရွက်နိုင်ခြင်း သို့မဟုတ် လိုအပ်သော ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း၊

(၂) လျှောက်ထားသူသည် သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း၊

(၃) လျှောက်ထားသူအပေါ် ခွင့်ပြုချက်ပေးခြင်းသည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်စေမည်ဖြစ်ကြောင်း၊

(၄) လျှောက်ထားသူသည် တရားစွဲဆိုဆောင်ရွက်ရန်အတွက် ခွင့်ပြုချက်လျှောက်ထားလျှင် အရေးကြီးသော ကိစ္စရပ်ကို ဖြေရှင်းရန်ရှိကြောင်း နှင့်

(၅) အောက်ပါကိစ္စတစ်ရပ်ရပ်ရှိခဲ့လျှင် -

(ကက) လျှောက်လွှာမတင်မီ အနည်းဆုံး ၁၄ ရက် ကြိုတင်၍ လျှောက်ထားသူသည် ခွင့်ပြုချက် လျှောက်ထားရန် ရည်ရွယ်ကြောင်းနှင့် ထိုသို့လျှောက်ထားရသည့်အကြောင်းရင်းတို့ကို စာဖြင့်ရေးသား၍ ကုမ္ပဏီသို့ အကြောင်းကြားရမည်။ သို့မဟုတ်

(ခခ) ပုဒ်မခွဲငယ်စိတ် (ကက) ပါဖော်ပြချက်ကို လက်ခံနိုင်ခြင်းမရှိသော်လည်း ခွင့်ပြုချက်ပေးရန် သင့်လျော်မှုရှိရမည်။

(ဂ) အောက်ပါတို့ကို တွေ့ရှိရလျှင် ခွင့်ပြုချက်ပေးခြင်းသည် ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးခံစားခွင့်အတွက် မဟုတ်ကြောင်း ချေပနိုင်သည့် မှတ်ယူချက်တစ်ခုဖြစ်သည်-

(၁) တရားစွဲဆိုခြင်းသည် -

(ကက) တတိယပုဂ္ဂိုလ်တစ်ဦးဦးအပေါ် ကုမ္ပဏီမှ တရားစွဲဆိုမှုဖြစ်ခြင်း သို့မဟုတ်

(ခခ) ကုမ္ပဏီအပေါ် တတိယပုဂ္ဂိုလ်တစ်ဦးဦးက တရားစွဲဆိုမှုဖြစ်ခြင်းနှင့်

(၂) ကုမ္ပဏီမှ အောက်ပါတို့ကို ဆုံးဖြတ်ခဲ့လျှင် -

(ကက) တရားစွဲဆိုမှုကို မဆောင်ရွက်ရန် သို့မဟုတ်

(ခခ) တရားစွဲဆိုမှုတွင် ခုခံချေပခြင်း မပြုရန် သို့မဟုတ်

(ဂ ) တရားစွဲဆိုမှုကိုရပ်စဲရန်၊ ဖြေရှင်းရန် သို့မဟုတ် စေ့စပ်ညှိနှိုင်းရန်နှင့်

(၃) အဆိုပါ ဆုံးဖြတ်ချက်တွင် ပါဝင်ဆောင်ရွက်ခဲ့သော ဒါရိုက်တာများ အားလုံးသည် -

(ကက) လျော်ကန်သင့်မြတ်သော ကိစ္စရပ်အတွက် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ ကြခြင်း၊

(ခခ) ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် မပါရှိခြင်း၊

(ဂဂ) ဆုံးဖြတ်ချက် ချမှတ်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ၎င်းတို့ကိုယ်တိုင် သင့်လျော်မျှတသည်အထိ စုံစမ်းခြင်းနှင့်

(ဃဃ) ဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံးဖြစ်သည်ဟု ကျိုးကြောင်းညီညွတ်စွာ ယုံကြည်ခြင်း။

(ဃ) အလားတူအခြေအနေတွင် သာမန်ပုဂ္ဂိုလ်တစ်ဦးက လက်ခံဆောင်ရွက်နိုင်ခြင်း မရှိခြင်းမှတစ်ပါး ထိုဆုံးဖြတ်ချက်သည်ကုမ္ပဏီ၏ အကျိုးအတွက်အကောင်းဆုံးဖြစ်သည်ဟု ဒါရိုက်တာများ၏ ယုံကြည်မှုသည် ကျိုးကြောင်းညီညွတ်သော ယုံကြည်မှုဖြစ်သည်။

(င) ပုဒ်မခွဲ (ဂ) တွင် ပါရှိသောကိစ္စရပ်များအတွက် -

(၁) ပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီ၏ ဆက်နွှယ်သည့်ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါက ထိုပုဂ္ဂိုလ်သည် တတိယပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ၎င်းအပြင်

(၂) ကုမ္ပဏီကသော်လည်းကောင်း၊ ကုမ္ပဏီအပေါ်တွင်လည်းကောင်း တရားစွဲဆိုမှုများတွင် ယင်းသို့တရားစွဲဆိုမှုများတွင် ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်အား အယူခံဝင်ခြင်းများလည်း ပါဝင်သည်။

**တရားစွဲဆိုခွင့်နှင့်ကြားဝင်ဆောင်ရွက်ခွင့်ရရှိသောသူအတွက် အခြားသူတစ်ဦးဦးကို အစားထိုးဖြည့်စွက်ခြင်း**

၁၉၈။(က) ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိထားသော ပုဂ္ဂိုလ်တစ်ဦးဦးအတွက် အစားထိုးဖြည့်စွက်ရန်အတွက် အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရန် အောက်ပါပုဂ္ဂိုလ်များအနက်မှ တစ်ဦးဦးသည် တရားရုံးသို့ လျှောက်ထားရမည် -

(၁) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတွင် ပါဝင်သူ၊ ယင်းတို့တွင် ပါဝင်ခဲ့သူ (former member)၊သို့မဟုတ် ယင်းတို့တွင်ပါဝင်သူတစ်ဦးအဖြစ် မှတ်ပုံတင်ခွင့်ရရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၊

(၂) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ၊ ယခင်ကတာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ (former director)၊ အရာရှိ သို့မဟုတ် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သောအရာရှိ (former officer)။

(ခ) တရားရုံးသည် အောက်ပါအချက်များကို ကျေနပ်လက်ခံလျှင် အမိန့်တစ်ရပ်ကို ချမှတ်ရမည်-

(၁) လျှောက်ထားသူသည် သဘောရိုးဖြင့် ဆောင်ရွက်ကြောင်းနှင့်

(၂) အကြောင်းခြင်းရာအားလုံးတွင် အမိန့်ချမှတ်ရန် သင့်လျော်မှုရှိကြောင်း။

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အခြားသူတစ်ဦးအတွက် အစားထိုးဖြည့်စွက်ရန် ချမှတ်သည့် အမိန့်သည် အောက်ပါအတိုင်း အကျိုးသက်ရောက်မှုရှိသည် -

(၁) ခွင့်ပြုချက်ပေးခြင်းသည် အစားထိုးဖြည့်စွက်သော ပုဂ္ဂိုလ်အကျိုးငှာ ပြုလုပ်သည်ဟု သတ်မှတ်ရမည်။ ၎င်းအပြင်

(၂) အခြားသူတစ်ဦးသည် တရားစွဲဆိုဆောင်ရွက်မှုအား ပြုလုပ်ပြီး သို့မဟုတ် ကြားဝင်ဆောင်ရွက်ပြီးဖြစ်လျှင် အစားထိုးဖြည့်စွက်သောပုဂ္ဂိုလ်သည် အဆိုပါ တရားစွဲဆိုမှုကို ဆောင်ရွက်ပြီး သို့မဟုတ် ကြားဝင်ဆောင်ရွက်ပြီး ဖြစ်သည်ဟု သတ်မှတ်ရမည်။

**ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုဆောင်ရွက်ခြင်း၏ အကျိုးသက်ရောက်မှု**

၁၉၉။(က) ကုမ္ပဏီတွင် ပါဝင်သူများက ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခဲ့လျှင် သို့မဟုတ် ထောက်ခံခဲ့လျှင် ထိုအတည်ပြုချက် သို့မဟုတ် ထောက်ခံချက်သည် -

(၁) ပုဂ္ဂိုလ်တစ်ဦးဦးအား ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ဖြင့် တရားစွဲဆိုမှုများကို ပြုလုပ်ခြင်း သို့မဟုတ် ယင်းတို့တွင် ကြားဝင်ဆောင်ရွက်ခြင်းကိုဖြစ်စေ၊ ခွင့်ပြုချက် ရရန်အတွက် လျှောက်ထားခြင်းကိုဖြစ်စေ တားမြစ်ထားခြင်း မရှိစေရ။

(၂) ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ဖြင့် စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင် ဆောင်ရွက်သော တရားစွဲဆိုမှုများကို တရားပြိုင်၏ အကျိုးအတွက် ဆုံးဖြတ်ပေးရမည် သို့မဟုတ် ခွင့်ပြုချက်ရရှိရန် လျှောက်ထားခြင်းကို ငြင်းပယ်ရမည်ဟု အကျိုးသက်ရောက်ခြင်း မရှိစေရ။

(ခ) ကုမ္ပဏီတွင်ပါဝင်သူများက ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခဲ့လျှင် သို့မဟုတ် ထောက်ခံခဲ့လျှင် တရားရုံးသည် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများတွင်လည်းကောင်း၊ အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း နစ်နာမှုများအပါအဝင် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ရာ၌ ဖော်ပြပါ အတည်ပြုချက် သို့မဟုတ် ထောက်ခံချက်ကို ထည့်သွင်းစဉ်းစားနိုင်သည်။ ထိုသို့ ချမှတ်ဆောင်ရွက်ခဲ့လျှင် ယင်းဆုံးဖြတ်ချက်တွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) ကုမ္ပဏီတွင် ပါဝင်သူများမှ ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြု၊ မပြု သို့မဟုတ် ထောက်ခံခြင်းပြု၊ မပြု ဆုံးဖြတ်ရာတွင် ၎င်းတို့၏ပြုလုပ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပြည့်စုံစွာ သိရှိခဲ့ခြင်းနှင့်

(၂) ပြုလုပ်ဆောင်ရွက်မှုတစ်ရပ်ကို အတည်ပြုခြင်း သို့မဟုတ် ထောက်ခံခြင်းတို့အား ပြုလုပ်ခဲ့သော ကုမ္ပဏီတွင်ပါဝင်သူများက လျော်ကန်သင့်မြတ်သော ကိစ္စရပ်အတွက် ဆောင်ရွက်ခဲ့ခြင်း ရှိ၊ မရှိ။

**တရားရုံး၏ အထွေထွေလုပ်ပိုင်ခွင့်များ**

၂၀၀။(က) တရားရုံးသည် အောက်ပါကိစ္စများအပါအဝင် ခွင့်ပြုချက်ရရှိ၍စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း သင့်သည်ထင်မြင်သည့်အတိုင်း အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်ပြီး ညွှန်ကြားချက်များကို ပြုလုပ်နိုင်သည် -

(၁) ကြားဖြတ်အမိန့်များ၊

(၂) စေ့စပ်ညှိနှိုင်းခြင်း ဆောင်ရွက်ရန်လိုအပ်ခြင်းအပါအဝင် တရားစွဲဆိုဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များ၊

(၃) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ၏ အရာရှိတစ်ဦးဦးကို ဆောင်ရွက်မှု တစ်ရပ်ရပ် ပြုလုပ်စေရန် သို့မဟုတ် မပြုလုပ်စေရန် ညွှန်ကြားသည့် အမိန့်တစ်ရပ်နှင့်

(၄) အောက်ပါတို့ကို စုံစမ်းစစ်ဆေးရန်နှင့် တရားရုံးသို့အစီရင်ခံတင်ပြစေရန် လွတ်လပ်သော ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထားသည့်အမိန့်တစ်ရပ် -

(ကက) ကုမ္ပဏီ၏ ငွေရေးကြေးရေးကိစ္စရပ်များ၊ သို့မဟုတ်

( ခခ ) တရားစွဲဆိုသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်လာရသည့် အချက်အလက်များ သို့မဟုတ် အခြေအနေများ၊ သို့မဟုတ်

(ဂဂ) တရားစွဲဆိုမှုတွင် ပါဝင်လျက်ရှိကြသော အမှုသည်များနှင့် ခွင့်ပြုချက်ရရှိသောသူတို့က တရားစွဲဆိုမှုတွင် ကုန်ကျခဲ့သည့်စရိတ်များ။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ တရားရုံးက ခန့်အပ်သော ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီသို့ သင့်လျော်သည့် အကြောင်းကြားမှု ပြုလုပ်၍ ၎င်းအား ခန့်အပ်မှုနှင့် သက်ဆိုင်သောလုပ်ငန်းများအတွက် ကုမ္ပဏီ၏ စာရင်းစာအုပ်များကို စစ်ဆေးခွင့်ရှိသည်။

(ဂ) တရားရုံးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ ပုဂ္ဂိုလ်တစ်ဦးဦးအား ခန့်အပ်ခဲ့လျှင် -

(၁) တရားရုံးသည် ထိုသို့ခန့်အပ်ထားခြင်းခံရသူအတွက် အခကြေးငွေနှင့် ကုန်ကျစရိတ်များကို မည်သူက ကျခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အမိန့်တစ်ရပ်ကိုလည်း ချမှတ်ရမည်။

(၂) တရားရုံးသည် အဆိုပါအမိန့်ကို မည်သည့်အချိန်တွင်မဆို ပြောင်းလဲနိုင်သည်။

(၃) အဆိုပါအမိန့်အရ သို့မဟုတ် ထိုသို့ ပြောင်းလဲထားသော အမိန့်အရ ပြုလုပ်ဆောင်ရွက်ရန် တာဝန်ရှိသောပုဂ္ဂိုလ်များမှာ အောက်ပါပုဂ္ဂိုလ်များ ဖြစ်သည်-

(ကက) တရားစွဲဆိုမှု သို့မဟုတ် လျှောက်ထားမှုတွင် အမှုသည်အဖြစ် ပါဝင်သူအားလုံး သို့မဟုတ် အမှုသည်တစ်ဦးဦးနှင့်

(ခခ) ကုမ္ပဏီ။ ၎င်းအပြင်

(၄) အဆိုပါအမိန့် သို့မဟုတ် ထိုသို့ပြောင်းလဲထားသော အမိန့်တွင် သက်ဆိုင်သူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများအား တာဝန်ရှိကြောင်း ဖော်ပြထားလျှင် ထိုအမိန့်တွင် ထိုသို့သက်ဆိုင်သူတစ်ဦးစီ၏ တာဝန်ရှိမှုအခြေအနေနှင့် အတိုင်းအတာ ပမာဏကိုလည်း ဆုံးဖြတ်ပေးနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) ပါပြဋ္ဌာန်းချက်များသည် ကုန်ကျစရိတ်နှင့်စပ်လျဉ်းသည့် တရားရုံး၏လုပ်ပိုင်ခွင့်များကို ထိခိုက်စေခြင်း မရှိစေရ။

**ကုန်ကျစရိတ်ဆိုင်ရာ အမိန့်များကို ချမှတ်နိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

၂၀၁။တရားရုံးသည် ပုဒ်မ ၁၉၇ အရ ခွင့်ပြုချက်ရရှိ၍ စွဲဆိုဆောင်ရွက်သော သို့မဟုတ် ကြားဝင်ဆောင်ရွက်သော တရားစွဲဆိုမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်အရ တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့်ရရှိနိုင်ရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သော အောက်ပါပုဂ္ဂိုလ်များ၏ ကုန်ကျစရိတ်များမှာ သင့်လျော်သည်ဟု ယူဆလျှင် မည်သည့်အချိန်တွင်မဆို အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) တရားစွဲဆိုခွင့်နှင့် ကြားဝင်ဆောင်ရွက်ခွင့် ရရှိနိုင်ရန် လျှောက်ထားသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူ၊

(ခ) ကုမ္ပဏီနှင့်

(ဂ) တရားစွဲဆိုမှု သို့မဟုတ် လျှောက်ထားမှုများတွင် ပါဝင်သော အခြားအမှုသည် တစ်ဦးဦး။

**အခန်း (၂၀)**

**အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများက အစုရှယ်ယာရောင်းချရန် ကမ်းလှမ်းမှုများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ**

**ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus)**

**ဤအခန်းပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ခြင်း**

၂၀၂။(က) ပုဒ်မခွဲ (ခ) မှအပ ဤအခန်းတွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များသည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများနှင့် ယင်းတို့၏ အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန် ကမ်းလှမ်းခြင်းများနှင့် သက်ဆိုင်စေရမည်။ ဤပြဋ္ဌာန်းချက်များအား ဤဥပဒေပါ အခြားသော ပြဋ္ဌာန်းချက်များ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ ကျင့်သုံးဆောင်ရွက်ရမည့်အပြင် အဆိုပါသက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီမှအပ အခြားကုမ္ပဏီအမျိုးအစားများသည် ၎င်းတို့၏ အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းခြင်း သို့မဟုတ် အများပြည်သူသို့ရောင်းချရန်အတွက် ကမ်းလှမ်းရန်ရည်ရွယ်လျက် ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေသတ်မှတ်ရန် သဘောတူညီခြင်းတို့ကို မပြုလုပ်ရ။

**ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား တင်ပြခြင်း**

၂၀၃။(က) ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ ကိုယ်စားလှယ်ကဖြစ်စေ၊ အဆိုပြုကုမ္ပဏီကဖြစ်စေ ထုတ်ဝေသည့် သို့မဟုတ် ယင်းကုမ္ပဏီနှင့် စပ်လျဉ်းသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း(Prospectus) အားလုံးတွင် ရက်စွဲပါရှိရမည်ဖြစ်ပြီး အဆိုပါရက်စွဲသည်ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေသည့် ရက်စွဲအဖြစ် သတ်မှတ်ရမည်။

ဆက်လက်ဖော်ပြပါမည်။

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများအတွက် လုပ်ငန်းတာဝန်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ချမ်းအေးသာစံ ဒီဇင်ဘာ ၂၉**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှကြီးမှူး၍ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများအတွက် လုပ်ငန်းတာဝန်ဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၈၀ ရှိ အမှတ် ၁၄ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်က ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးနိုင်မည့်စာစစ်ဌာနများ လျာထားအစီအစဉ်၊ ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများ တာဝန်ပေးခန့်ထားခြင်း၊ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများဆိုင်ရာညွှန်ကြားချက်၊ ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မေးခွန်းလွှာထုတ်များနှင့် ပတ်သက်၍ ဆောင်ရွက်ရန်များ၊ စာမေးပွဲနှင့် ပတ်သက်သည့် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လုံခြုံရေးဆိုင်ရာများ၊ တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေသူများလိုက်နာရန် စည်းကမ်းများ၊ အပြစ်ပေးအရေးယူခြင်းများနှင့် ပတ်သက်၍ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးနှင့် ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်ရေးမှူးတာဝန် ထမ်းဆောင်ရမည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်တို့မှဆရာ ဆရာမများတက်ရောက်ကြသည်။ **သီဟကိုကို(မန္တလေး)**

## မီးလောင်ဆုံးရှုံးသည့်စက်ရုံ မီးအာမခံလျော်ကြေးပေးအပ်

**ချမ်းမြသာစည် ဒီဇင်ဘာ ၂၉**

မီးလောင်ဆုံးရှုံးမှုအတွက်မီးအာမခံလျော်ကြေးပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးရှိအပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံမန္တလေးတိုင်းဒေသကြီးရုံး၌ ကျင်းပသည်။

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ယောမင်းကြီးလမ်းရှိ ဘီစကစ်စက်ရုံသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက မတော်တဆမီးလောင်ကျွမ်းခဲ့ရာစက်ရုံအတွင်းရှိ နံကပ် တစ်ထပ် ဘီစကစ်စက်ရုံအဆောက်အအုံတစ်စိတ်တစ်ပိုင်းမီးလောင်ဆုံးရှုံးခဲ့သည်။ အဆိုပါ အဆောက်အအုံကို အာမခံကျပ်သိန်း၆၀၀ ဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ ရက်အထိ တစ်နှစ်မီးအာမခံထားရှိရာ ယခုပျက်စီးဆုံးရှုံးမှုအတွက် ပြန်လည်ပြုပြင်ကုန်ကျငွေကျပ် ၂၃၃၈၉၇၁၂ ကို အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံကုမ္ပဏီက ပေးအပ်ရာ ဘီစကစ်စက်ရုံမှတာဝန်ရှိသူ ဒေါ်လင်းလင်းမြတ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံအထက်မြန်မာပြည်တာဝန်ခံဒုတိယအထွေထွေမန်နေဂျာဦးဝင်ဦး၊ မန္တလေးတိုင်းဒေသကြီး တာဝန်ခံလက်ထောက်အထွေထွေမန်နေဂျာဒေါ်မြင့်မြင့်၊ ၂၂ လမ်းရုံးခွဲတာဝန်ခံအကြီးတန်းမန်နေဂျာဦးမျိုးသန့်ဇော်၊ အာမခံကိုယ်စားလှယ်ဦးမြင့်ဆွေနှင့် အာမခံထားသောစက်ရုံပိုင်ရှင်နှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ **မောင်ပြည်သူ(မန္တလေး)**

# အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ အားကစားပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ၂၉**

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး) ကျောင်းများ၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အားကစားပြိုင်ပွဲများအား ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီခွဲက စတင်ကျင်းပရာ ဝဏ္ဏသိဒ္ဓိပြေးခုန်ပစ်ကွင်း၌ ကျင်းပသော ပြေးခုန်ပစ်ပြိုင်ပွဲများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ယခင်စံချိန် ၂မိနစ် ၀၅ ဒသမ ၂၉ စက္ကန့်ကို ဖြိုးကျော်ဇင်ဦး အား/ကာသိပ္ပံ (တောင်ကြီး)မှ ၁ မိနစ် ၅၈ ဒသမ ၁၇ စက္ကန့်ဖြင့် စံချိန်သစ်တင်ခဲ့ပြီး အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ယခင်စံချိန် ၂ မိနစ် ၃၂ ဒသမ ၅၀ စက္ကန့်ကို အိသက်မွန် အား/ကာသိပ္ပံ (တောင်ကြီး) မှ ၂ မိနစ် ၃၁ ဒသမ ၂၂ စက္ကန့်ဖြင့်စံချိန်သစ်တင်ခဲ့သည်။ ဆက်လက်၍ သုံးဆင့်ခုန်(ကျား၊မ)ပြိုင်ပွဲ၊ သံလုံးပစ်(ကျား၊ မ)ပြိုင်ပွဲ၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေး (ကျား၊ မ)ပြိုင်ပွဲ၊ မီတာ ၁၀၀ (ကျား၊ မ)ပြိုင်ပွဲ၊ မီတာ ၄၀၀×၄ လက်ဆင့်ကမ်း(ကျား၊ မ) ပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် ကျင်းပလျက်ရှိရာ မီတာ ၂၀၀ အမျိုးသား အလွတ်ကူးပြိုင်ပွဲတွင် ယခင်စံချိန် ၂ မိနစ် ၂၀ ဒသမ ၆၈ စက္ကန့်ကို ယခုနှစ်အောင်လှိုင်မင်း အား/ကာသိပ္ပံ(မန္တလေး)မှ ၂ မိနစ် ၁၀ ဒသမ ၇၄ စက္ကန့်ဖြင့်လည်းကောင်း၊ အမျိုးသားမီတာ ၅၀×၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ယခင်စံချိန် ၂ မိနစ် ၂၀ ဒသမ၂၄ စက္ကန့်ကို ယခုနှစ် အား/ကာသိပ္ပံ (မန္တလေး)မှ ၂ မိနစ် ၀၆ ဒသမ ၈၇ စက္ကန့်ဖြင့်လည်းကောင်း၊ အမျိုးသမီးမီတာ ၅၀×၄ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ယခင်စံချိန် ၂ မိနစ် ၃၇ ဒသမ ၇၁ စက္ကန့်ကို ယခုနှစ် အား/ကာသိပ္ပံ (မန္တလေး)မှ ၂ မိနစ် ၃၂ ဒသမ ၇၆ စက္ကန့်ဖြင့်လည်းကောင်း အသီးသီးစံချိန်သစ်တင်နိုင်ခဲ့သည်။ ထို့နောက် မီတာ ၅၀ ပက်လက်ကူး (ကျား၊ မ)ပြိုင်ပွဲ၊ မီတာ ၁၀၀ လိပ်ပြာကူး (ကျား၊ မ) ပြိုင်ပွဲ၊ မီတာ ၁၀၀ အလွတ်ကူး(ကျား၊ မ)ပြိုင်ပွဲ၊ မီတာ ၅၀ အလွတ်ကူး (ကျား၊ မ)ပြိုင်ပွဲ၊ မီတာ ၅၀×၄၀ လက်ဆင့်ကမ်း(ကျား၊ မ)ပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ဆက်လက်၍ Cluster (3) လေ့ကျင့်ရေးရုံတွင် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ကျင်းပလျက်ရှိသော အမျိုးသား၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ဆက်လက်၍ TC-1 လေ့ကျင့်ရေးရုံ၌ ဘော်လီဘောပြိုင်ပွဲကို လည်းကောင်း၊ TC-1 လေ့ကျင့်ရေးရုံ၌ Squash ပြိုင်ပွဲကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေး ဘောလုံးကွင်း၌ (အမျိုးသား၊ အမျိုးသမီး)ဘောလုံးပြိုင်ပွဲများကိုအသီးသီး ကျင်းပခဲ့သည်။

ယင်းနောက် ပြေးခုန်ပစ်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲများတွင် ဆုရရှိသူများအားတာဝန်ရှိသူများမှအသီးသီး ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**





# ဧရာဝတီမြစ်ဝှမ်းအခြေအနေ ဆန်းစစ်လေ့လာခြင်းရလဒ်မှ ဧရာဝတီမြစ် ရေအရည်အသွေးများကျဆင်းလာကြောင်းတွေ့ရှိ

**မုံရွာ ဒီဇင်ဘာ ၂၉**

ဧရာဝတီမြစ်ကြီးသည် မြစ်ကြောင်းတစ်လျှောက် စက်မှုဇုန်ရှိသော မြို့များအနီးနှင့် မြစ်အောက်ပိုင်းဒေသများတွင် ရေအရည်အသွေးများ နိမ့်ကျလျက်ရှိကြောင်း ဧရာဝတီမြစ်ဝှမ်းအခြေအနေ ဆန်းစစ်လေ့လာခြင်း စီမံကိန်း၏ အစီရင်ခံစာအရ သိရသည်။

ဧရာဝတီမြစ်ဝှမ်းအခြေအနေ ဆန်းစစ်လေ့လာခြင်း လုပ်ငန်းကို ကိုးလကြာအချိန်ယူပြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် လေ့လာခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက မုံရွာမြို့ ကျောက်ကာလမ်းရှိ King & Queen ဟိုတယ်အစည်းအဝေးခန်းမ၌ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း (AIRBM Project)၏ ဧရာဝတီမြစ်ဝှမ်းအခြေအနေ ဆန်းစစ်လေ့လာမှုရလဒ်နှင့် အမျိုးသားရေပဒေအကြောင်း ဆွေးနွေးခြင်းနှင့် အဌမအကြိမ်လူထုအကြံပြုဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

"ရေရဲ့အရည်အသွေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ စံချိန်စံညွှန်းနဲ့ နှိုင်းယှဉ်ပါတယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က သတ်မှတ်ထားတဲ့ အရည်အသွေးရှိတယ်၊ အဲဒီထက်ကျော်ပြီဆိုရင် ရေကိုမသုံးစွဲသင့်တော့ပါဘူး၊ ရေညစ်ညမ်းမှုကြောင့်ဖြစ်တဲ့ ဆိုးကျိုးတွေက လူကို ချက်ချင်းခံစားရတာမဟုတ်ပါဘူး၊ နောင် ၁၀ နှစ်၊ ၁၅နှစ် လောက်မှ ရောဂါလက္ခဏာပြတာပါ၊ ရေဆိုးသန့်စင်တဲ့ စက်ရုံတွေမရှိဘဲ တိုက်ရိုက်စွန့်ပစ်နေတဲ့အတွက် မြစ်ချောင်းတွေမှာရှိတဲ့ ရေအရည်အသွေးတွေက ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က သတ်မှတ်ထားတဲ့ နှုန်းတွေထက် မြင့်မားနေတဲ့အတွက် လူထုရဲ့ကျန်းမာရေးကို ထိခိုက်နေပါတယ်၊ ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် မြစ်ချောင်းတစ်လျှောက် အတော့်ကို ညစ်ညမ်းနေတယ်၊ အဲဒါတွေကို ငါးတွေကစားမယ်၊ အဲဒီငါးတွေကို လူတွေကစားတဲ့အခါမှာ လူတွေမှာ ကျန်းမာရေးအရ ထိခိုက်နေတာကို တွေ့ရှိရပါတယ်၊ ဧရာဝတီမြစ်ကတော့ နေရာတော်တော်များများမှာ ပြုပြင်ပြောင်းလဲမှုတွေလုပ်ရမှာပါ၊ ရေနဲ့ ပတ်သက်တဲ့ ဥပဒေမရှိတဲ့အခါ ပတ်ဝန်းကျင်ကို ထိခိုက်ပါတယ်၊ ဧရာဝတီမြစ်ကိုထိန်းသိမ်းစောင့်ရှောက်ဖို့ရာ အကုန်လုံးမှာ တာဝန်ရှိတယ်၊ ကျွန်တော်တို့ လေ့လာထားတဲ့ ဘက်မှာဆိုရင် ချင်းတွင်းမြစ်နဲ့ မူးမြစ်တို့ရဲ့ အခြေအနေကို ပြောရမယ်ဆိုရင် ရေအရည်အသွေးက သိပ်ကြီး မဆိုးသေးဘူး၊ ဧရာဝတီမြစ်ကျတော့ ရန်ကုန်မြို့နဲ့ မန္တလေးမြို့၊ ရန်ကုန်မြို့ မြစ်ဝကျွန်းပေါ်ဒေသတွေက စက်မှုဇုန်တွေရှိတဲ့ နေရာတွေမှာ ဧရာဝတီမြစ်ရေက အတော့်ကို ရေအရည်အသွေး ကျဆင်းနေတယ်လို့ အသေအချာပြောလို့ရတယ်"ဟု ဧရာဝတီမြစ်ဝှမ်းအခြေအနေ ဆန်းစစ်လေ့လာခြင်းစီမံကိန်းမှ (National SOBA Environment Scientist) ဦးအောင်နိုင်မျိုးက ပြောသည်။

ဧရာဝတီမြစ်ဝှမ်း လေ့လာဆန်းစစ်မှု ရလဒ်များအဖြစ် ဧရာဝတီမြစ်ရေတွင် အလွန်သေးငယ်သော ပိုးမွှားများပါဝင်မှုကြောင့် ညစ်ညမ်းခြင်း၊ ပိုးသတ်ဆေးသုံးစွဲမှုများကြောင့် ညစ်ညမ်းခြင်း၊ စက်ရုံများမှ အန္တရာယ်ဖြစ်စေသော ဓာတ်သတ္တုများကို မြစ်ထဲသို့ တိုက်ရိုက်စွန့်ပစ်ခြင်း၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ ထွက်ရှိသော ပြဒါးဓာတ်၊ အာဆင်းနစ်၊ Cadmium စသည့် ဓာတ်သတ္တုများ စိမ့်ဝင်ညစ်ညမ်းခြင်းတို့ ဖြစ်ပေါ်လျက်ရှိသော ရန်ကုန်၊ မန္တလေးမြို့နှင့် မြစ်ဝကျွန်းပေါ်ဒေသများရှိ စက်မှုဇုန်များတွင် ဒေသအလိုက် ဖြစ်ပေါ်လျက်ရှိရာ ၎င်းညစ်ညမ်းမှုများကြောင့် လူနှင့်ပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း အစီရင်ခံစာတွင်ပါရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသ

**မလှိုင် ဒီဇင်ဘာ ၂၉**

ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန်နှင့် ဝန်ထမ်းများ DCP မီးသတ်ဆေးဘူးများကို သုံးစွဲတတ်စေရန် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးရှေ့မြေကွက်လပ်၌ ပြုလုပ်ခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် ဝန်ထမ်း ၁၀ ဦးတို့အား (DCP) မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းကို သရုပ်ပြသခဲ့ပြီး ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်နည်း ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

## မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၉**

မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၇ နာရီက မိတ္ထီလာ ပညာရေးကောလိပ် အားကစားကွင်း၌ ကျင်းပကြောင်းသိရသည်။

အဆိုပါ တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ ၁၅၀၀၊ မီတာ ၈၀၀၊ မီတာ ၄၀၀၊ မီတာ ၁၀၀ အမျိုးသား၊အမျိုးသမီး အပြေးပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ သံပြားပစ်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ၊ မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲများကို ထည့်သွင်းကျင်းပရာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ပထဝီဝင်နှင့် အခြားဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများ အားလုံးကျင်းပပြီးနောက် ပြိုင်ပွဲအသီးသီးတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများအား တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဘဟန်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် လူငယ်နှင့်လူမှုမီဒီယာ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက အမှတ် ၂၈ ရပ်ကွက် ဗိုလ်ဖိုးစောလမ်းရှိ အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်း မေခ ခန်းမ၌ ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ဖြစ်သော ဒီမိုကရေစီအင်္ဂါရပ်များအတိုင်း အစိုးရနှင့် ပြည်သူအကြား ဆွေးနွေးတိုင်ပင်ကြမည့် အကြောင်းကိစ္စများရှိလာသည့်အခါ ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်၊ မိမိဒေသ၊ မိမိမြို့နယ်အတွင်းတွင် ဖြစ်ပေါ်နေသည့် အကြောင်းကိစ္စများအား ပြည်သူများအကြား ဆွေးနွေးမှုများ ရှိလာစေရန်နှင့် ယခုကဲ့သို့ ဆွေးနွေးပွဲများကြောင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပြည်သူနှင့် လူငယ်များ ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထကောင်းများရရှိစေရန်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ကိုယ့်မြို့နယ်၊ ကိုယ့်ဒေသ၊ ကိုယ့်နိုင်ငံရဲ့ လူမှုစီးပွားဘဝများ တိုးတက်မှုများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်(၁) ဦးတင်ထွန်းနိုင်၊ မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးညွန့်လှိုင်၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့က 'လူငယ်နှင့် လူမှုမီဒီယာ' ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းနှင့် ပြန်လည်ဆွေးနွေးဖြေကြားပေးကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် (၁) ဦးတင်ထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်မဲဆန္ဒနယ် (၂) ဦးနိုင်ဇော်လင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်အတွင်းရှိ ပြည်သူများ အင်အား ၂၀၀ ခန့် တက်ရောက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## သာကေတမြို့နယ်တွင် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပ

**သာကေတ ဒီဇင်ဘာ ၂၉**

သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် ဇဂ်မလမ်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ သာကေတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဦး၊ သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သန်းသန်းဌေးနှင့် အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် သာကေတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဝေဖြိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်ထားနွယ်ဝင်း၊ သာကေတမြို့နယ် ရဲတပ်ဖွဲ့မှ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ရွှေဌေး၊ သာကေတမြို့နယ် ဥပဒေအရာရှိ ဒေါ်ရတနာဖြိုးတို့က မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးခဲ့ကြသည်။

**ကြေးမုံ**

## အသက်ရှူလမ်းကြောင်းပိုင်းဆိုင်ရာ ရောဂါဝေဒနာကုသမှု အထောက်အကူပြုစက် လှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကလေးငယ်များတွင် အသက်ရှူလမ်းကြောင်းပိုင်းဆိုင်ရာ ရောဂါဝေဒနာများ ကုသမှုကိုများစွာ အထောက်အကူပြုသည့် CPAP စက်နှင့် ကလေးငယ်များအား တစ်နေ့တာ အာဟာရ လှူဒါန်းခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ စုစုဒွေးက "ဒီစက်က အသက်ရှူကုစက်ဖြစ်ပါတယ်၊ ကလေးတွေမှာ အသက်ရှူလမ်းကြောင်းပိုင်းဆိုင်ရာ ရောဂါဖြစ်ခဲ့မယ်ဆိုရင်၊ အောက်ဆီဂျင်လိုအပ်တာထက် ပိုပြီးလိုအပ်နေမယ်ဆိုရင် ဒီစက်ကလေးကို အသုံးပြုရမှာဖြစ်ပါတယ်၊ အလှူရှင်တွေကစက်တွေ လာလှူပေးတဲ့အတွက် ဝေဒနာရှင်တွေရော၊ ဆရာဝန်တွေအတွက်ရော အများကြီးပဲ အကျိုးရှိပါတယ်" ဟုပြောသည်။

ဆေးရုံအုပ်ကြီးက "နိုင်ငံတော်ရဲ့ ဘတ်ဂျက်နဲ့ ဆေးဝါးတွေကတော့ လုံလောက်နေပါတယ်၊ စက်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ရင်လည်း စက်တွေကပိုပြီးတော့ ခေတ်မီပြီး တိုးတက်လာတယ်၊ ကုသမှုပိုင်းကိုအများကြီးပဲ အထောက်အကူပြုနေတဲ့ အပိုင်းလည်းရှိပါတယ်၊ စက်တွေကို နိုင်ငံတော်က ဝယ်ပေးပေမယ့်လည်း ဆေးရုံအနေနဲ့ကျတော့ အခုလိုအလှူရှင်တွေများလို့ စက်တွေများလေ ကောင်းလေပါပဲ" ဟုပြောသည်။

အဆိုပါ အခမ်းအနားတွင် အလှူရှင် ဦးကျော်မင်းထွဋ်နှင့် ဒေါ်ခင်သီတာဟန်နှင့် သား သုဝဏ္ဏမင်းထွဋ်တို့က ငွေကျပ် ၄၇ သိန်းတန် CPAP Machine နှင့် ကလေးငယ်များအားတစ်နေ့တာ အာဟာရကျွေးမွေးရန် အလှူငွေ ငါးသိန်းတို့အား ပေးအပ်လှူဒါန်းရာ ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေးက လက်ခံရယူခဲ့သည်။

ရန်ကုန်ကလေးဆေးရုံကြီးသည် ခုတင် ၅၅၀ ဆံ့ ဆေးရုံဖြစ်ပြီး အဓိကအားဖြင့် ကလေးများအတွက် သီးသန့်ဆေးရုံကြီးဖြစ်ကာဆေးကုသဆောင်၊ ခွဲစိတ်ဆောင်၊ မွေးကင်းစ ကလေးကုသဆောင်တို့အပြင် ကျောက်ကပ်ရောဂါဌာန၊ သွေးနှင့်ကင်ဆာဌာန၊ ဦးနှောက်နှင့် အာရုံကြောဌာန၊ အာဟာရဌာနစသဖြင့် Wards ၁၃ ခုရှိကြောင်း သိရသည်။ **သီသီမင်း**

## တိုင်းဒေသကြီး နှင့်ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ



**သဃ်န်းကျွန်း ဒီဇင်ဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၇ ခုနှစ် (၂၃) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကဒေါ်မီးမီး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ချိုချိုလွင်နှင့် အမှုဆောင် ဒေါ်စန်းစန်းဝင်းတို့က အမျိုးသမီးအငယ်တန်း ကိုးယောက်ပြိုင်ပွဲတွင် ဆဌမဆုရ မကွေးတိုင်းဒေသကြီးအသင်း၊ ပဉ္စမဆုရ မွန်ပြည်နယ်အသင်း၊ စတုတ္ထဆုရ ကချင်ပြည်နယ်အသင်း၊ တတိယဆုရ ကရင်ပြည်နယ်အသင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နန်းအေးခိုင်၊ ဒေါ်ထွေးထွေးဝင်း၊ ဒေါ်စန်းစန်းမြင့်တို့က အမျိုးသမီးအကြီးတန်း ကိုးယောက်ပြိုင်ပွဲတွင် ဆဌမဆုရ ရခိုင်ပြည်နယ်အသင်း၊ ပဉ္စမဆုရ မကွေးတိုင်းဒေသကြီးအသင်း၊ စတုတ္ထဆုရ ကရင်ပြည်နယ်အသင်း၊ တတိယဆုရ ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီး အသင်း၊ ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားဆပ်ကော်မတီနာယက ဒေါ်အေးအေးမြင့်နှင့် အမှုဆောင်များက အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ဆဌမဆုရ ရခိုင်ပြည်နယ်အသင်း၊ ပဉ္စမဆုရ မွန်ပြည်နယ်အသင်း၊ စတုတ္ထဆုရ ကရင်ပြည်နယ်အသင်း၊ တတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ကရင်ပြည်နယ်အသင်း၊ ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲနန္ဒ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ချိုချိုလွင်နှင့် အတွင်းရေးမှူး ဒေါ်အေးရွှေတို့က အမျိုးသမီးတစ်ဦးချင်း စိတ်ကြိုက်စွမ်းရည်ပြပွဲတွင် ဆဌမဆုရ ရခိုင်ပြည်နယ်မှ နှင်းမိုးခိုင်၊ ပဉ္စမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ သန္တာကျော်၊ စတုတ္ထဆုရ တနင်္သာရီတိုင်းဒေသကြီးမှ နှင်းလိမ္မာဝင့်တို့အား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ပြီး တတိယဆုရ ပဲခူးတိုင်းဒေသကြီးမှ ဇာခြည်မိုး၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ ဇမီတန်၊ ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ သဲနုတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့်အတူ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျွမ်းကျင်သူ ဒေါက်တာမြလေးစိန်နှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးတို့က ပြိုင်ပွဲတွင် ပါဝင်ဆောင်ရွက်ပေးသော ဒိုင်အဖွဲ့အား အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီး ရွှေတံဆိပ်သုံးဆုနှင့် တံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားနှင့်အတူ ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## ရေတာရှည်မြို့နယ်တွင် ဂူခုန်းသခွားမွှေးစတင်စိုက်ပျိုးလျက်ရှိပြီး မကြာမီ တရုတ်ဈေးကွက်သို့တင်ပို့မည်

**ရေတာရှည် ဒီဇင်ဘာ ၂၉**

တရုတ်ဈေးကွက်၏ ဝယ်လိုအားကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် ဆွာချောင်းအနီးတွင် စတင်စမ်းသပ်စိုက်ပျိုးလျက်ရှိသော ဂူခုန်းသခွားမွှေးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မကြာမီ ဈေးကွက်သို့ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောကြားသည်။

"တရုတ်နိုင်ငံရဲ့ မြေအနေအထားထက် ကျွန်တော်တို့ဆီကမြေက ပိုစိုက်ပျိုးလို့ကောင်းတယ်၊ သူတို့ဘက်က မျိုးကိုဈေးကြီးကြီးနဲ့ တင်ပို့ရောင်းချတယ်၊ အဲ့ဒီမျိုးကိုပဲ ကျွန်တော်တို့ဘက်ကတောင်သူတွေစိုက်တော့ အောင်မြင်တယ်၊ ဈေးကွက်ကောင်းတယ်၊ အခုစစိုက်တဲ့ ဂူခုန်းသခွားမွှေးဆို ဈေးကွက်ကောင်းတယ်၊ တစ်လုံးကို တစ်ကီလို နှစ်ကီလိုခွဲလောက် အထိကြီးတယ်၊ ဒီမှာစိုက်တဲ့အခါကျတော့ တစ်ဧကကို အပင် ၆၀၀၀ လောက်ဝင်တယ်၊ ရေသွင်း၊ မြေဩဇာ၊ အပင်နဲ့ အသီးကိုပြုစုဖို့ အလုပ်သမားစရိတ် အားလုံးတွက်ကြည့် ရင် ၂၅ သိန်းနဲ့ ၃၀ အကြား ကုန်ကျစရိတ်ရှိပါတယ်" ဟု ၎င်းကပင် ဆက်လက်ပြောကြားသည်။

ယခုစိုက်ပျိုးသည့် သခွားမွှေးမှာ တိုင်ထောင်မျိုးဖြစ်ကာ အရွက်အားကိုထိန်းသိမ်းရခြင်းနှင့် အသီးကို စက္ကူအိတ်များဖြင့်သွပ်၍ ပိုးမွှားများ ကျရောက်ခြင်းမရှိစေရန် ဆောင်ရွက်ရခြင်းတို့ကြောင့် အလုပ်သမားစရိတ်များစွာကုန်ကျမှုရှိသော်လည်း လက်ရှိ မူဆယ်ပေါက်ဈေးနှုန်း တစ်လုံးလျှင် ကျပ် ၂၀၀၀ နှင့်အထက်ပေါက်ဈေးရှိသည့်အတွက် အကျိုးအမြတ်များစွာရရှိနိုင်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## မူလတန်းကြို ကျောင်းသား၊ ကျောင်းသူလေးများ ကိုယ်ကာယစွမ်းရည်ပြိုင်ပွဲပြုလုပ်

**အလုံ ဒီဇင်ဘာ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် မူလတန်းကြိုကျောင်းတွင် မူကြို ကျောင်းသား၊ ကျောင်းသူကလေးများအား ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီက အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းရှိ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အလုံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ သစ်တောရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ အလုံမူကြို တာဝန်ခံဆရာမကြီး ဒေါ်ယုဇနထွေးနှင့် ဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ မူလတန်းကြိုကျောင်းသား၊ ကျောင်းသူကလေးများမှ ကာယစွမ်းရည်နှင့် အပြေးပြိုင်ပွဲတို့ကိုယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ သစ်တောရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်ဦး (အလုံ)**

ကြေးမုံ

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အောင်မြင်သော အပြောင်းအလဲ ဆိုသည်မှာ

**■ အေးမောင်ကျော်**

ဒီတလောမှာ မြန်မာ့အပြောင်းအလဲနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲ၊ စကားဝိုင်းများ၊ ဒီဘိတ်(စကားရည်လုပွဲ)များ အတော်လေးတွေ့ရပါတယ်။ အစိုးရသစ်ရဲ့ နှစ်နှစ်တာကာလအတွင်း ဘာတွေ ဘယ်လောက် စွမ်းဆောင်နိုင်ခဲ့သလဲ၊ ဝန်ကြီးဌာနများရဲ့ စွမ်းဆောင်ရည် ဘယ်လောက်ရှိခဲ့သလဲ၊ အပြောင်းအလဲဟာ ဘယ်အဆင့်လောက်ကို ရောက်နေပြီလဲ စသဖြင့် ဝေဖန်စောကြောတဲ့ ဒီဘိတ်တွေကို တွေ့ရတာဖြစ်ပါတယ်။

ဝေဖန်ချက်တွေထဲမှာ အချက်အလက်နဲ့ ထောက်ပြဝေဖန်တာရှိသလို စိတ်ကူးခန့်မှန်းချက်တွေနဲ့ ပြောတာတွေလည်း တွေ့ရတယ်။ တချို့ကတော့ ဆီလို အပေါက်ရှာပြီး ပြောတာမျိုးတွေလည်း တွေ့ရတယ်။ အများအားဖြင့်တော့ ရလဒ်အခြေပြု ပြောဆိုတာမျိုးတွေဖြစ်တယ်။ သိသာထင်ရှားတဲ့ အောင်မြင်မှုရလဒ်သို့မဟုတ် လက်ဆုပ်လက်ကိုင်ပြလို့ ရတာမျိုးတွေရှိမှပဲ အစိုးရ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုမယ်ဆိုတာမျိုးပါ။ တစ်ဖက်ကတော့ Process Oriented ဆိုတဲ့ဖြစ်စဉ်ကို အခြေပြုချဉ်းကပ်တာမျိုးဖြစ်တယ်။ အပြောင်းအလဲတွေဟာ ဖြစ်စဉ်တစ်ခုအတွင်း သွားနေတာဖြစ်တယ်။ သူ့ရဲ့ မူရင်းအုတ်မြစ်ကနေ စပြောင်းရာမှာ ရလဒ်ဆိုတာမျိုးကို ထင်ထင်ရှားရှား မတွေ့ရသေးပေမယ့် ဒါဟာ အခြေခိုင်တဲ့ အပြောင်းအလဲမျိုးဖြစ်လာဖို့ ဦးတည်နေတာကို ပြောချင်တာပါ။

ဒါက မှန်ကန်တဲ့ ချဉ်းကပ်နည်းဖြစ်ပါတယ်။ အပြောင်းအလဲကို ဦးသိန်းစိန် အစိုးရလက်ထက်က စတွက်မယ်ဆိုရင် အဲဒီအချိန်က သိသာတဲ့ ပြောင်းလဲမှုတချို့ တွေ့မြင်နိုင်ပါတယ်။ ဥပမာ စားအုန်းဆီ၊ ဆန်နဲ့ မော်တော်ကားတင်သွင်းမှု စတာတွေကို ပါမစ်ပုံစံကနေ အားလုံးအတွက် ဖွင့်ပေးလိုက်တာမျိုးပါ။ အဲဒီတုန်းက စားအုန်းဆီဈေးနဲ့ မော်တော်ကားဈေးတွေ ထိုးကျသွားတာ တွေ့ကြရမှာပါ။ ဒါပေမယ့် ဒီပါမစ်တွေကို မူလက ဘယ်သူတွေ အဓိက ရခဲ့တာလဲဆိုတာနဲ့ ဒီလူသိုက်တွေကို ကျေနပ်အောင် ဘာတွေ ပြန်ပေးခဲ့ရသလဲဆိုတာကို အသေအချာလေ့လာကြည့်ရင် အခွင့်ထူးခံတစ်သိုက်အတွက် အရည်အဖတ် မလျော့အောင် ပြန်ပြီးရခဲ့တယ်ဆိုတာ တွေ့ရမှာပါ။ ဒါပေမယ့် ဦးသိန်းစိန် အစိုးရကို အဲဒီအချိန်က ကမ္ဘာကလည်း စစ်တစ်ပိုင်း အစိုးရအဖြစ် သတ်မှတ်ခဲ့တာဖြစ်တဲ့အတွက် ဒီလိုဖြေလျှော့မှုမျိုးဟာ အီလစ်အလွှာကို မထိခိုက်စေတဲ့ပုံစံမျိုးပဲဖြစ်မယ်ဆိုတာ ခန့်မှန်းလို့ရနိုင်တာဖြစ်တယ်။ အခု လေ့လာရမှာက ဒီလိုပုံစံမျိုး ရှိသေးသလားဆိုတာပါ။

လွန်ခဲ့တဲ့ တစ်နှစ်ကျော်က "အောင်မြင်သော အကူးအပြောင်းတစ်ခုအတွက် လိုအပ်ချက်များ"ဆိုတဲ့ ခေါင်းစဉ်နဲ့ စာတမ်းတစ်စောင်ကို ဘာသာပြန်ပြီး ပြည်သူ့အရေး ဂျာနယ်မှာပဲ ဖော်ပြခဲ့ဖူးပါတယ်။ ဒီစာတမ်းက Foreign Affairs ဂျာနယ်ကပါ။ အဲဒီစာတမ်းရေးသူများဟာ အပြောင်းအလဲဖော်ဆောင်ခဲ့ကြတဲ့ နိုင်ငံ ၁၂ နိုင်ငံလောက်က သမ္မတများ၊ ဝန်ကြီးချုပ်အဆင့်ရှိသူများနဲ့ တွေ့ဆုံမေးမြန်းပြီးမှ ရေးသားခဲ့တာဖြစ်ပါတယ်။ အဲဒီစာတမ်းကို အနှစ်ချုပ်လိုက်ရင် အချက်ပေါင်း ၂၀ လောက်ရပါတယ်။ အခြားသော ကျယ်ပြန့်တဲ့အမြင်တွေပါပေမယ့် အဓိကလို့ယူဆတဲ့ Point တွေကို ချုပ်ယူလိုက်တာပါ။

ဒီ Point တွေထဲက တချို့ကို ဖော်ပြရမယ်ဆိုရင် ၁။ အတိုက်အခံအင်အားစုဟာ အစိုးရကို စိန်ခေါ်နိုင်လောက်တဲ့ လူထုထောက်ခံမှု အပြည့်အဝရသူတွေဖြစ်တယ်။ ၂။ သူတို့ဟာ အာဏာရှင်အုပ်စုများကြား အကြောက်တရားကို ချေဖျက်နိုင်ရမှာဖြစ်တယ်။ ၃။ အတိုက်အခံလှုပ်ရှားမှုများဟာ ထွက်ပေါက်မဟာဗျူဟာ လိုလားနေတဲ့ အစိုးရများအတွက် ယုံကြည်လောက်သော ဆွေးနွေးဖက်များဖြစ်လာဖို့ ခက်ခက်ခဲခဲ ကြိုးပမ်းသင့်တယ်။ ၄။ အချို့သော အရေးကြီးကိစ္စများမှာ တစ်စိတ်တစ်ပိုင်းသာ အောင်မြင်မှုကို ရရှိစေသည့်တိုင် (အရေးပါသော ကိုယ့်ဘက်က ထောက်ခံသူ ပုဂ္ဂိုလ်အချို့ရဲ့ နောက်တွန့်၊ သဘောမကျဖြစ်နေသည့်တိုင်) စေ့စပ်ညှိနှိုင်းမှုအတွက် ပြင်ဆင်ထားရမှာဖြစ်တယ်။ ၅။ အမြင့်ဆုံးတောင်းဆိုသူများရဲ့ နိုင်ငံရေးသတ္တိများဟာ ဆွဲဆောင်မှုရှိနိုင်သော်လည်း လက်တွေ့မကျတဲ့အတွက် အသုံးပြုလို့မရပါဘူး။ ၆။ လုံခြုံရေးတပ်ဖွဲ့များကို အရပ်ဘက် အုပ်ချုပ်ရေးအောက် ထားရှိရေးဆိုတဲ့ ကိစ္စကတော့ ဒီမိုကရေစီသမားများ ရင်ဆိုင်ရမယ့် အရှည်ကြာဆုံးစိန်ခေါ်မှုတစ်ခုပဲဖြစ်ပါတယ်။ ၇။ အီဂျစ်၊ မြန်မာ၊ ဂမ်ဘီယာ၊ ထိုင်းနိုင်ငံ စတာတွေမှာ လုံခြုံရေးတပ်ဖွဲ့တွေအပေါ် လွှမ်းမိုးနိုင်တဲ့ အရပ်ဘက် အဖွဲ့အစည်း မရှိသေးပါဘူး။ ၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စိန်ခေါ်မှုများရှိတတ်ပြီး နိုင်ငံအများအပြားမှာ ဖွဲ့စည်းပုံအသစ်ကို ရေးဆွဲကြရလေ့ရှိတယ်။ ၉။ ဖွဲ့စည်းပုံရေးဆွဲရာမှာ ကျယ်ပြန့်တဲ့ ကိုယ်စားပြုမှု ပါဝင်ဖို့လိုတာဖြစ်တယ်။ ဒါမှသာ အဓိက အစိတ်အပိုင်းတွေရဲ့ တူညီတဲ့ စိုးရိမ်မှုတွေကို ထင်ဟပ်နိုင်မှာဖြစ်တယ်။ ၁၀။ ဒီမိုကရေစီအကူးအပြောင်း ဖော်ဆောင်ချိန်မှာ တစ်ခါတစ်ရံ လူထုက ဒီမိုကရေစီခေါင်းဆောင်များကို အပြစ်တင်တာတွေလည်း ရှိလာနိုင်တယ်။ တစ်ခါတစ်ရံမှာ ဒီမိုကရေစီလမ်းမှာတင် နိုင်ငံရေး၊ စီးပွားရေး မအောင်မြင်တာတွေ ရှိနိုင်ပါတယ်။ ၁၁။ လွတ်လပ်သော တရားစီရင်မှုက အသစ်အသစ်သော ဖြစ်ပေါ်လာမှုတွေကို ပိတ်ဆို့ခြင်းမပြုဘဲ အုပ်ချုပ်ရေးကို တာဝန်ခံမှုရှိလာစေမယ်။ လွတ်လပ်ပြီး တာဝန်ခံမှုရှိတဲ့ မီဒီယာက တာရှည်ခံ ဒီမိုကရေစီစနစ်ကို အမြစ်တွယ်စေမှာဖြစ်တယ်။ ၁၂။ များပြားလှတဲ့ ပါတီတွေဟာ ခရိုနီ သို့မဟုတ် တစ်ဦးချင်းရဲ့ အကျိုးစီးပွားသာ မဟုတ်ခဲ့ဘူးဆိုရင် သူတို့ဟာ အရေးပါတဲ့အခန်းမှာ ရှိနေမှာဖြစ်တယ်။ ၁၃။ အပြောင်းအလဲတွေဟာ နိုင်ငံရေးကြောင့် အဓိကပေါ်ပေါက်လာရတာဖြစ်ပေမယ့် အစိုးရသစ်အတွက် စီးပွားရေးက စိန်ခေါ်မှုအဖြစ် ချက်ချင်းဖြစ်လာမှာဖြစ်တယ်။ ၁၄။ မိမိရဲ့ အမာခံထောက်ခံမှုတွေ မကျဆင်းမီမှာ အစိုးရသစ်တွေဟာ အားအနည်းဆုံးအလွှာများရဲ့ ရင်ဆိုင်နေရတဲ့ လူမှုအခက်အခဲတွေကို လျော့ပါးသက်သာအောင် လုပ်ပေးရမှာဖြစ်တယ်။ ၁၅။ အပြောင်းအလဲခေါင်းဆောင် အားလုံးလောက်ဟာ ဈေးကွက်အသားပေးတဲ့ အကြီးစားငွေကြေးနဲ့ ဘဏ္ဍာရေးပေါ်လစီတွေ ကျင့်သုံးကြပေမယ့် အများနဲ့ဆိုင်တဲ့ အကျိုးစီးပွားများကို အခွင့်ထူးခံ ပုဂ္ဂိုလ်များထံ ရောင်းချပစ်တဲ့ အမှားမျိုးကိုတော့ သတိကြီးစွာထားပြီး ရှောင်ကြဉ်ကြတာဖြစ်တယ်။

ဒီအချက်တွေကို ကြည့်ရင် မြန်မာနိုင်ငံ အခြေအနေနဲ့ ကွက်တိကိုက်ညီနေတာမျိုး ရှိသလို အတော်နီးစပ် တူညီနေတာမျိုးတွေလည်း တွေ့ရမှာဖြစ်တယ်။ ဒီလို အလားတူ အခြေအနေမျိုးကို မြန်မာအစိုးရရဲ့ ဖြေရှင်းပုံက စာတမ်းပါ ဖြေရှင်းပုံများနဲ့ တူညီသလား၊ ကွာခြားနေသလားဆိုတာလည်း လေ့လာဖို့လိုတာဖြစ်ပါတယ်။ နံပါတ် ၁၊ ၃၊ ၄ စတဲ့ အချက်တွေက မြန်မာမှာလည်း ရှိနေတာဖြစ်ပြီး အဲဒါအတွက် လက်ရှိအစိုးရဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာကို သွားနေတာဖြစ်တယ်။ နံပါတ် ၅ ပုံစံကတော့ ဒီမှာလည်း အတော်တွေ့ရတာဖြစ်တယ်။ အမျိုးသားရေးကြွေးကြော်သံတွေ လွှင့်တင်နေတာတွေနဲ့ ဒီဘိတ်တွေမှာ သူသာလျှင် အသိဆုံးပုံစံနဲ့ ပြောနေတာတွေက ဒီသဘောပဲလို့ ဆိုရမှာပါ။ နံပါတ် ၆၊ ၇၊ ၈၊ ၉ စတဲ့ အချက်တွေက လက်ရှိအစိုးရရော ပြည်သူတွေပါ ရင်ဆိုင်နေရတဲ့အချက်တွေလို့ ဆိုနိုင်ပါတယ်။

ရေရှည်တည်ဆောက်ရမယ်ဆိုတဲ့ သဘောတွေကို သိမြင်ဖို့လိုတာဖြစ်တယ်။ နံပါတ် ၁၀၊ ၁၁ စတဲ့ အချက်တွေကတော့ အစိုးရအဖို့ အလေးထားသင့်တာတွေလို့ ဆိုရမှာပါ။ အခု တရားစီရင်ရေးဟာ လွတ်လပ်မှုရှိလာပါတယ်။ ဒါပေမယ့် တရားသူကြီးများ၊ အမှုလိုက်များ၊ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့များရဲ့ အခွင့်သာခိုက် ကျုံးပြီး ယူလိုက်မဟဲ့ဆိုတဲ့ စိတ်ဓာတ်တွေကိုတော့ အပြစ်ပေး အရေးယူတဲ့ နည်းတွေနဲ့ပဲ ချုပ်ကိုင်သွားရဦးမှာပါ။ မြန်မာပြည်မှာ ပါတီတွေက များလှပါတယ်။ အများစုက အမတ်နေရာ တစ်နေရာတောင် မရကြပါဘူး။ အခု ပါတီ ၂၀၊ ပါတီ ၂၄ ပါတီ စသဖြင့် ကြေညာချက်တွေ ထုတ်နေကြတာကို နံပါတ် ၁၂ နဲ့ တိုက်ဆိုင်ပြီး လေ့လာဖို့လိုတာဖြစ်ပါတယ်။ အဆိုပါ စာတမ်းရဲ့ အနှစ်ချုပ် Point ၁၃၊ ၁၄၊ ၁၅ ကတော့ အစိုးရအဖို့ လတ်တလော ရင်ဆိုင်နေရတာဖြစ်ပြီး အရေးအကြီးဆုံးလို့ ဆိုရမှာဖြစ်ပါတယ်။

> **စစ်ဘောင်ကျယ်လေ ဒီမိုကရေစီ ဘောင်ကျဉ်းလေဆိုတဲ့ အကောက်အယူများလည်း ရှိထားတဲ့အတွက် ပြည်တွင်းငြိမ်းချမ်းရေးဟာ အစိုးရသစ်ရဲ့ ဦးစားပေးလုပ်ဆောင်တဲ့အရာ ဖြစ်လာတာပါ။ ဒီတစ်လော UMFCCI မှာ ဖတ်ကြားတဲ့ ဆရာကြီး ဦးမြင့်ရဲ့ စာတမ်းမှာ စီးပွားရေးကို ငြိမ်းချမ်းရေးနဲ့တန်းတူ ဦးစားပေးနေရာမှာထားဖို့ တင်ပြထားတာ တွေ့ရပါတယ်။ ဒါကလည်း အလေးထားရမယ့်ကိစ္စဖြစ်ပါတယ်။**

ဒီအချက်တွေ အားလုံးထဲမှာ မြန်မာနဲ့ ကွဲပြားတဲ့အချက်က ပြည်တွင်းစစ်တည်ရှိနေတဲ့ ပြဿနာပါ။ စစ်ဘောင်ကျယ်လေ ဒီမိုကရေစီ ဘောင်ကျဉ်းလေဆိုတဲ့ အကောက်အယူများလည်း ရှိထားတဲ့အတွက် ပြည်တွင်းငြိမ်းချမ်းရေးဟာ အစိုးရသစ်ရဲ့ ဦးစားပေးလုပ်ဆောင်တဲ့အရာဖြစ်လာတာပါ။ ဒီတစ်လော UMFCCI မှာ ဖတ်ကြားတဲ့ ဆရာကြီးဦးမြင့်ရဲ့ စာတမ်းမှာ စီးပွားရေးကို ငြိမ်းချမ်းရေးနဲ့ တန်းတူ ဦးစားပေးနေရာမှာထားဖို့ တင်ပြထားတာ တွေ့ရပါတယ်။ ဒါကလည်း အလေးထားရမယ့်ကိစ္စဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးချိန်ကစလို့ တက်လာတဲ့ အစိုးရမှန်သမျှ အလေးထားရမယ့်နေရာ နှစ်ခုရှိပါတယ်။ တစ်ခုက ရန်ကုန်နဲ့ တစ်ခုက လယ်သမားအရေး ဖြစ်ပါတယ်။ ရန်ကုန်က မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးကို အပြည့်ဝဆုံး ထင်ဟပ်တဲ့နေရာဖြစ်တယ်။ လယ်သမားကတော့ ခုချိန်ထိ တိုင်းပြည်ရဲ့ ၇၀ ရာခိုင်နှုန်းသော လူဦးရေများနေထိုင်ရာ အခြေခံအကျဆုံး လူတန်းစားဖြစ်ပါတယ်။ အခုချိန်မှာ ပြောမယ်ဆိုရင်တော့ လယ်သမားတွေရဲ့ဝင်ငွေဟာ ကောင်းနေပါတယ်။ လုပ်အားရှားပါးမှု ပြဿနာရှိတာနဲ့ ရာသီဥတု ဖောက်ပြန်တာကလွဲလို့ ကျန်တဲ့ဘက်တွေမှာ မဆိုးတဲ့ အနေအထားဖြစ်ပါတယ်။ လယ်သမားတွေ ဝင်ငွေကောင်းရင် တိုင်းပြည် ပြည်တွင်းစားသုံးမှုမြင့်တက်ပြီး ငွေကြေးလည်ပတ်မှု ပိုကောင်းလာမှာဖြစ်တယ်။ အခု ဝေဖန်ရေးသမား အများစုပြောနေတာက ရန်ကုန်ကို အခြေခံတာပါ။

မြန်မာတစ်နိုင်ငံလုံးမှာ ရန်ကုန်တစ်နေရာပဲ ကုန်ဈေးနှုန်းအတန်ငယ် မြင့်နေတာပါ။ အသေအချာ လေ့လာမယ်ဆိုရင် ရန်ကုန်နဲ့ နယ်မြို့များရဲ့ အိမ်သုံးစရိတ်ကွာခြားမှုဟာ နှစ်ဆလောက်အထိ ရှိနိုင်တာဖြစ်ပါတယ်။ အဓိကအားဖြင့် သယ်ယူပို့ဆောင်စရိတ်မြင့်တာနဲ့ အသေးစားဈေးကလေးတွေကို မှီခိုနေရတဲ့အတွက် စားသောက်ကုန်ဈေးတွေ မကျတာလို့ ဆိုရမှာပါ။ လက်ရှိ မြန်မာရဲ့ ငွေကြေးဖောင်းပွနှုန်းက ၄ ရာခိုင်နှုန်း စွန်းစွန်းမှာပဲရှိပါတယ်။ ၂၀၁၁ ခုနှစ်လောက်က ၁၁ ရာခိုင်နှုန်းလောက်အထိရှိရာက တဖြည်းဖြည်း ကျဆင်းလာတာဖြစ်တယ်။ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အမျိုးအမည် ၂၀၀ လောက်ကို ပုံမှန်စာရင်းကောက်ယူပြီး လစဉ်နှိုင်းယှဉ်ဖော်ပြတဲ့ စာရင်းတစ်ခုဖြစ်တဲ့အတွက် ဒါဟာ ကိုးကားလောက်တဲ့ အညွှန်းကိန်းတစ်ခုဖြစ်ပါတယ်။

လူထုက ဘယ်လောက်စောင့်ရမှာလည်း ဆိုတဲ့ မေးခွန်းက ဝေဖန်ရေးသမား တချို့ဆီက လာတာပါ။ တကယ့် လူထုက အစိုးရနဲ့ ပူးပေါင်းပါဝင် အထောက်အကူပြုဖို့ အသင့်ရှိနေတုန်းပါပဲ။ လူထုက ရလဒ်ဆိုတာထက် ဖြစ်စဉ်ဆိုတာကို သဘောပေါက်ပြီးသားပါ။ လူထုက Gradual Change ဆိုတာကို သဘောပေါက်ပြီးသားပါ။ ဖွဲ့စည်းပုံအကန့်အသတ်၊ ပြည်တွင်းမငြိမ်းချမ်းမှု အကန့်အသတ်နဲ့ မောင်တောဒေသ အရေးအခင်းလို ပြဿနာများကြားမှာ ရုန်းကန်နေရတဲ့ဖြစ်စဉ်ကို လူထုက စာနာမှုအပြည့်နဲ့ အားပေးနေဦးမှာဖြစ်ကြောင်း ယုံကြည်ရတာ ဖြစ်ပါတယ်။ ။

**(၂၆-၁၂-၂၀၁၇ ရက်နေ့ထုတ် ပြည်သူ့အရေးဂျာနယ် အတွဲ ၄၊ အမှတ် ၁၆၇ တွင် ပါရှိသောဆောင်းပါးကို ဆောင်းပါးရှင်၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်)**

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုပုံတူပန်းချီပြိုင်ပွဲ ပြုလုပ်

**သာစည် ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုပုံတူပန်းချီပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့သည်။ သာစည်မြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား စနစ်တကျ ရေးဆွဲတတ်စေရန် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးပြီး ပြိုင်ပွဲပြုလုပ်ပေးခြင်းဖြစ်သည်။ ထို့နောက် ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်စေပြီး အမှတ်ပေးဒိုင်များအဖြစ် ကာတွန်း လူမင်းအောင်နှင့် မြို့နယ်စာရေးဆရာများ၊ သမဂ္ဂဝင်များက ဆောင်ရွက်ပေးကာ ပြိုင်ပွဲဝင်များ ရေးဆွဲထားသော ပုံတူပန်းချီများနှင့်ပတ်သက်၍ ကာတွန်း လူမင်းအောင်က နေရာအထားအသိုများ၊ ဆေးရောင်အသုံးပြုပုံများကို ရှင်းလင်းပြောကြားပေးသည်။ အဆိုပါပြိုင်ပွဲမှ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

# ၂၀၁၇ ခုနှစ်နှင့် မှတ်မှတ်ရရ ဟောလိဝုဒ် သတင်းများ

အေးပြည့် - ရေးသားသည်

***ယခုနှစ်ရဲ့ တစ်နှစ်တာအတွင်းမှ ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ သတင်းတွေများစွာအနက်ကမှ မီဒီယာစာမျက်နှာတွေပေါ်မှာ အလွှမ်းမိုးနိုင်ခဲ့ဆုံးသော သတင်းတွေနဲ့ အနုပညာလောကအတွက် မှတ်မှတ်ရရဖြစ်စေမယ့် သတင်းတွေကို ရွေးချယ်ဖော်ပြပေးခဲ့တာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း အနုပညာနဲ့ ပတ်သက်တဲ့ သတင်းတွေအပြင် နာမည်ကျော်တွေရဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းတွေလည်း များစွာပေါ်ထွက်ခဲ့ရာ ယင်းတို့အနက် ပရိသတ်တွေအတွက် မှတ်မှတ်ရရဖြစ်ခဲ့ရတဲ့ သတင်းတွေကို ရွေးချယ်တင်ဆက်ထားတာလည်း ဖြစ်ပါတယ်။***

## အကယ်ဒမီဆုပေးပွဲရဲ့ ကြီးမားတဲ့ လွဲချော်မှု



ယခုနှစ်ရဲ့ ဟောလိဝုဒ် အကယ်ဒမီပေးပွဲကြီးဖြစ်တဲ့ အော်စကာဆုပေးပွဲကြီးမှာတော့ လူအများရဲ့ ပါးစပ်ဖျားနဲ့ မီဒီယာစာမျက်နှာတိုင်းလိုလိုကို လွှမ်းမိုးထားနိုင်ခဲ့တဲ့ ကြီးမားတဲ့ လွဲချော်မှုတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါကတော့ အော်စကာဆုပေးပွဲကြီးမှာ အကောင်းဆုံးဓာတ်ပုံဆုရှင်ကို ထုတ်ဖော်ကြေညာခဲ့ချိန်မှာတော့ မှားယွင်းကြေညာခဲ့မိတာဖြစ်ပါတယ်။ ယခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှာ ကျင်းပခဲ့တဲ့ ဆုပေးပွဲကြီးမှာ အကောင်းဆုံးဓာတ်ပုံဆုရှင်ကို ဖေးဒွန်နဝေးက ကြေညာပေးခဲ့ရာမှာတော့ ဆုရရှိခဲ့တဲ့ ရုပ်ရှင် "Moonlight" အစား "La La Land" ကို ဆုရှင်အဖြစ် ကြေညာမိခဲ့တာ ဖြစ်ပါတယ်။ ဆုပေးပွဲစင်မြင့်ပေါ်မှာ နေရာယူထားကြတဲ့ ဝါရန်ဘီတီနဲ့ ဖေးဒွန်းနဝေးတို့အနက် ဝါရန်က ဦးစွာ ထူးချွန်ဆုရှင်ရဲ့ နာမည်ပါရှိတဲ့ စာအိတ်ကို ဖွင့်ဖတ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် စာအိတ်ထဲမှာ အလွတ်ကြီးဖြစ်နေတာကြောင့် ဘေးမှာ အတူရှိနေတဲ့ ဖေးကို လက်လွှဲပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ ဖေးက ဆုရှင်ဟာ "La La Land" ရုပ်ရှင်ဖြစ်ကြောင်း မှားယွင်းကြေညာခဲ့တာဖြစ်ပါတယ်။ လွဲမှားသွားရတဲ့ အကြောင်းအရင်းကတော့ အကောင်းဆုံးအမျိုးသမီးဆုရှင်အတွက် စာအိတ်နဲ့ မှားကာ ဖွင့်ခဲ့မိတာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ "La La Land" ရဲ့ ဇာတ်ဆောင်မင်းသမီး အမ်မာစတုန်းက အော်စကာဆုကို ပိုင်ဆိုင်ခဲ့တာပါ။

## ဂျိမ်းစ်ဘွန်းမင်းသားကြီး ရော်ဂျာမိုးကွယ်လွန်



ယခုနှစ်အတွင်း ဂန္ထဝင်အနုပညာရှင်တွေအနက် ဆုံးရှုံးလိုက်ရတဲ့သူတစ်ဦးကတော့ ဂျိမ်းစ်ဘွန်းဇာတ်လမ်းတွေရဲ့ ဇာတ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ရော်ဂျာမိုးဖြစ်ပါတယ်။ ဆာဘွဲ့ချီးမြှင့်ခြင်းခံခဲ့ရသူတစ်ဦးဖြစ်တဲ့ ရော်ဂျာမိုးဟာ ယခုနှစ် မေ ၂၃ ရက်မှာ ကင်ဆာရောဂါနဲ့ ကွယ်လွန်ခဲ့တာဖြစ်ပါတယ်။ သူဟာ အသည်းနဲ့ အဆုတ်ကင်ဆာရောဂါတွေကြောင့် သေဆုံးခဲ့ရပြီး ကွယ်လွန်ချိန်မှာတော့ အသက် (၈၉)နှစ်အရွယ်ရှိပြီ ဖြစ်ပါတယ်။ သူဟာ အင်္ဂလိပ်လူမျိုးဖြစ်ပြီး ဂျိမ်းစ်ဘွန်းဇာတ်ကောင်မှာ ပါဝင်သရုပ်ဆောင်ခဲ့တာကြောင့် အထူးကျော်ကြားခဲ့တာဖြစ်ပါတယ်။ ၁၉၇၃ ခုနှစ်နဲ့ ၁၉၈၅ ခုနှစ်တွေအတွင်း ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ စုံထောက်ရုပ်ရှင်ဖြစ်တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေမှာ ပါဝင်ခဲ့ပြီး သူရိုက်ကူးခဲ့တဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်စုစုပေါင်းကတော့ ခုနစ်ကား ဖြစ်ပါတယ်။ သူဟာ ဂျိမ်းစ်ဘွန်းမင်းသားကြီးတစ်ဦးဖြစ်တဲ့ ရှောင်ကွန်နရီနောက်မှာ ဘွန်းဇာတ်ကောင်နေရာမှာ ပါဝင်ခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့လူမှုရေးလုပ်ငန်းတွေမှာ အားတက်သရောပါဝင်လုပ်ရှားခဲ့မှုတွေကြောင့် ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း ဘုရင်မကြီး အဲလိဇဘတ်(၂)ရဲ့ ဆာဘွဲ့ချီးမြှင့်ခြင်းခံခဲ့ရပါတယ်။ ကွယ်လွန်ချိန်မှာတော့ ကလေးသုံးဦးကျန်ရှိခဲ့ကြောင်းလည်း သိရပါတယ်။

## အရီရန်နာဂရန်းဒ်ရဲ့ မန်ချက်စတာဖျော်ဖြေပွဲပေါက်ကွဲမှု



၂၀၁၇ ခုနှစ်ရဲ့ ပထမနှစ်ဝက်အတွင်းမှာ ဂီတချစ်သူတွေအတွက် အလွန်ကို ဝမ်းနည်းစရာဖြစ်ခဲ့ရတဲ့သတင်းကတော့ မန်ချက်စတာဗုံးပေါက်ကွဲမှုဖြစ်ပါတယ်။ အမေရိကန်ပေါ့ပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ရဲ့ "Dangerous Woman" နယ်လှည့်ဖျော်ဖြေပွဲတွေအနက် မန်ချက်စတာမြို့မှာ မေ ၂၂ ရက်မှာ ကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ အသေခံဗုံးဖောက်ခွဲမှုတစ်ခု ဖြစ်ပွားခဲ့တာပါ။ ဖျော်ဖြေပွဲပြီးဆုံးခါနီး မန်ချက်စတာအရီနာရဲ့ ဝင်ပေါက်အနီး တိုးဝှေ့နေကြတဲ့ လူအုပ်အကြားမှာ အသေခံဗုံးဖောက်ခွဲမှုဖြစ်ခဲ့တာကြောင့် ပရိသတ် ၂၂ ဦး သေဆုံးခဲ့ကာ ၆၀ ကျော် ဒဏ်ရာရခဲ့ပါတယ်။ သေဆုံးခဲ့ရသူအများစုကတော့ ဆယ်ကျော်သက်တွေဖြစ်ကြပြီး အဲဒီအထဲမှာ ရှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးလည်း ပါဝင်နေတယ်လို့ သိရပါတယ်။ အရီရန်နာဂရန်းဒ်က အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သူတွေနဲ့ ထိခိုက်ခဲ့ရတဲ့သူတွေအတွက် "We Love Manchester" လို့ အမည်ပေးထားတဲ့ ရန်ပုံငွေဖျော်ဖြေပွဲကို နောက်လ လေးရက်မှာ မန်ချက်စတာမှာပဲ ပြန်လည်ပြုလုပ်ပေးခဲ့ပါတယ်။ အရီရန်နာဂရန်းဒ်ရဲ့ ရဲရင့်တဲ့ လုပ်ဆောင်မှုကြောင့် မန်ချက်စတာမြို့တော်က သူ့ကို ဂုဏ်ထူးဆောင်နိုင်ငံသားအဖြစ် ဂုဏ်ပြုခဲ့ပြီး သူဟာ မန်ချက်စတာရဲ့ ပထမဆုံးသော ဂုဏ်ထူးဆောင်နိုင်ငံသား ဖြစ်လာခဲ့ပါတယ်။

## အမြွာလေးတွေရဲ့ဖခင်ဖြစ်လာတဲ့ ဂျော့ဂျ်ကလုံနီ



မင်းသားကြီး ဂျော့ဂျ်ကလုံနီကတော့ အသက်အရွယ်ရလာတဲ့အချိန်ကျမှ သူ့ရဲ့ပထမဆုံးသောရင်သွေးလေးတွေကို ပိုင်ဆိုင်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ ယခုနှစ် ဇွန်လ ၆ ရက်မှာ ဂျော့ဂျ်ကလုံနီနဲ့ ဇနီးဖြစ်သူ အမ်မယ်လ်ကလုံနီတို့ရဲ့ ပထမဆုံး ရင်သွေးလေးတွေကို မွေးဖွားခဲ့တာဖြစ်ပြီး အမြွာလေးတွေဖြစ်ကြကာ သားတစ်ယောက်၊ သမီးတစ်ယောက် ဖြစ်ပါတယ်။ သမီးလေးကိုတော့ အယ်လာလို့ အမည်ပေးထားပြီး သားလေးကတော့ အလက်ဇန္ဒားလို့ အမည်တွင်ပါတယ်။ အမြွာလေးတွေဟာ ဆံပင်နက်နက်လေးတွေကို ပိုင်ဆိုင်ထားကြပြီး သူတို့ကို လန်ဒန်မှာ မွေးဖွားခဲ့ကာ လက်ရှိမှာလည်း လန်ဒန်မှာပဲ နေထိုင်လျက်ရှိပါတယ်။

## ကန်းထရီးတေးဂီတချစ်ပရိသတ်တွေ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရတဲ့ပွဲ



ပြီးခဲ့တဲ့ အောက်တိုဘာ ၁ ရက်မှာတော့ လာ့စ်ဗီးဂတ်စ်မှာ ကျင်းပနေတဲ့ ကျေးလက်ရိုးရာတေးဂီတဖျော်ဖြေပွဲတစ်ခုအတွင်း သေနတ်နဲ့ တရစပ်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပါတယ်။ ဒီသတင်းဟာလည်း လူအများကို ထိတ်လန့်စေခဲ့ပြီး မီဒီယာစာမျက်နှာတွေပေါ်မှာ အချိန်အတော်ကြာ နေရာယူထားနိုင်တာကိုလည်း တွေ့ရပါတယ်။ ယင်းတေးဂီတဖျော်ဖြေပွဲမှာ ကန်းထရီးတေးသံရှင်တစ်ဦးဖြစ်တဲ့ ဂျက်ဆင်အဒမ် ဖျော်ဖြေနေစဉ် ဖျော်ဖြေပွဲကျင်းပရာ ကွင်းပြင်မှာ ရှိနေတဲ့လူအုပ်ထဲကို အနီးမှာရှိတဲ့ ဟိုတယ်ကနေ သေနတ်သမားတစ်ဦးက တရစပ်ပစ်ခတ်ခဲ့တာဖြစ်ပါတယ်။ ပရိသတ်ပေါင်း ၂၅၀၀၀ ခန့် လာရောက်အားပေးခဲ့တဲ့ ဖျော်ဖြေပွဲကလူအုပ်ကြီးထဲကို သေနတ်သမားက ဟိုတယ်ရဲ့ ၃၂ ထပ်ကနေ သေနတ်နဲ့ ပစ်ခတ်ခဲ့တာဖြစ်ပါတယ်။ ၁၀ မိနစ်ခန့် ပစ်ခတ်ခံခဲ့ရပြီးတဲ့နောက် စုစုပေါင်း ၅၈ ဦး သေဆုံးခဲ့ကာ ၅၀၀ ကျော် ဒဏ်ရာရခဲ့ပါတယ်။ မန္တလေးဘေးဟိုတယ်ရဲ့ ၃၂ ထပ်မှာ အကြမ်းဖက်တိုက်ခိုက်ခဲ့သူကို ရဲတွေက ရှာဖွေတွေ့ရှိခဲ့ချိန်မှာတော့ သူဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံကာ သေဆုံးခဲ့ပြီ ဖြစ်ပါတယ်။ ဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ဂျက်ဆင်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ အလွန်ကို ထိတ်လန့်တုန်လှုပ်စရာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ရက်အနည်းငယ်အကြာမှာတော့ ဂျက်ဆင်နဲ့ သူ့ရဲ့ဇနီးဖြစ်သူဟာ လာ့စ်ဗီးဂတ်စ်ကို ပြန်လည်ရောက်ရှိလာကာ ဒဏ်ရာရခဲ့ကြသူတွေကို လာရောက်တွေ့ဆုံခဲ့ပါတယ်။

## တော်ဝင်မောင်နှံသစ်ရဲ့ မင်္ဂလာသတင်း



ဗြိတိန်ရဲ့ မင်းသားတစ်ဦးဖြစ်တဲ့ မင်းသား ဟယ်ရီနဲ့ သူနဲ့လက်ရှိမှာချစ်သူတွေအဖြစ် လက်တွဲနေတဲ့ သရုပ်ဆောင်မင်းသမီး မက်ဂန်မာကယ်လ်တို့ဟာ လာမယ့်နှစ်နွေဦးမှာ လက်ထပ်ပွဲ ကျင်းပသွားဖို့ ရည်ရွယ်ထားကြောင်းနဲ့ လန်ဒန်မှာ စေ့စပ်ပွဲဆင်နွှဲခဲ့ပြီးဖြစ်ကြောင်းကိုလည်း ချားလ်စ်မင်းသားရဲ့ အိမ်တော်က ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၇ ရက်က တရားဝင်တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ လတ်တလောမှာ အသက် (၃၃)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသား ဟယ်ရီနဲ့ အသက် (၃၆)နှစ်အရွယ် ဟောလိဝုဒ်မင်းသမီး မက်ဂန်မာကယ်လ်တို့ဟာ စေ့စပ်ပွဲဆင်နွှဲချိန်ကလည်း မင်းသား ဟယ်ရီက ဘုရင်မကြီးနဲ့ အခြားသောမိသားစုဝင်တွေကို အသိပေးခဲ့ပြီး မက်ဂန်မာကယ်လ်ရဲ့ မိဘတွေကို အသိပေးခဲ့ပါတယ်။ နှစ်ဘက်မိဘတွေရဲ့ သဘောတူခွင့်ပြုချက်အရ စေ့စပ်ခဲ့ကြပြီးနောက် မင်္ဂလာပွဲကျင်းပဖို့ရာပင် စီစဉ်ခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီနောက် ဒီဇင်ဘာလအတွင်းမှာ ကင်းစတမ်းရှိုင်ယယ်ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် တော်ဝင်မောင်နှံနှစ်ဦးရဲ့ စေ့စပ်ပွဲက ဓာတ်ပုံတွေကို တရားဝင်ထုတ်ဖော်ပြသခဲ့ပါတယ်။ မင်းသား ဟယ်ရီက သူနဲ့ မက်ဂန်မာကယ်လ်တို့ရဲ့ စေ့စပ်ပွဲအမှတ်တရအဖြစ် ဒီလိုဓာတ်ပုံတွေကို တရားဝင်ထုတ်ဖော်ပြသခဲ့တာလည်းဖြစ်ပြီး တော်ဝင်စုံတွဲရဲ့ မင်္ဂလာပွဲကိုတော့ လာမယ့် ၂၀၁၈ ခုနှစ် မေ ၁၉ ရက်မှာ ဝင်ဆာရဲတိုက်မှာရှိတဲ့ စိန့်ဂျော့ဂျ်ဘုရားရှိခိုးကျောင်းမှာ ပြုလုပ်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

## ပဲခူးတိုင်းဒေသကြီးပညာရေးစုံညီပွဲတော် အခြေခံပညာကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၂၉**

၂၀၁၇-၂၀၁၈ခု ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီးပညာရေးစုံညီပွဲတော် အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၇ နာရီက ပဲခူးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့မှ သရုပ်ပြဖျော်ဖြေပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသားကျောင်းသူများသည် ညီအစ်ကို မောင်နှမများဖြစ်သောကြောင့် တစ်ဦး၏ အားနည်းချက်ကို တစ်ဦးက ခွင့်လွှတ်ပြီး ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြိုင်ပွဲများ အောင်မြင်ချောမွေ့စွာ ကျင်းပပြီးမြောက်နိုင်ရေးအတွက် အနိုင်အရှုံး ပဓာနမထားဘဲ ယှဉ်ပြိုင်ခြင်းသည်သာ အဓိကဟူသည့်အတိုင်း စိတ်ဓာတ်အပြည့်နှင့်ယှဉ်ပြိုင်သွားကြဖို့ လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲဝင်များမှ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကာ မူလတန်းအဆင့်(မ) မီတာ ၅၀ အပြေးပြိုင်ပွဲအား ကြည့်ရှုအားပေးခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးပညာရေးစုံညီပွဲတော် အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ပြေးခုန်ပစ်၊ သံလုံးပစ်၊ သံပြားပစ်၊ အလျားခုန်၊ တန်းမြင့်ခုန်၊ လက်ဆင့်ကမ်းစသည့်အားကစားနည်းများအား ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာများ၊ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးဆရာမကြီး ဒေါ်မြင့်မြင့်သန်းနှင့်ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ထက်/လယ်/မူကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်းသိရသည်။

**တင်စိုး(ပဲခူး)**



## နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးရုပ်တု ဖွင့်ပွဲကျင်းပမည်

**ညောင်လေးပင် ဒီဇင်ဘာ ၂၉**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ မြန်မာ့လွတ်လပ်ရေးဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးရုပ်တုဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီထံမှသိရသည်။

ညောင်လေးပင်မြို့ ရန်ကုန်-မန္တလေး-မဒေါက် လမ်းဆုံ(ဗိုလ်ချုပ်လမ်းဆုံ)၌ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု ဆောက်လုပ်လျက်ရှိရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ လာမည့်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါဗိုလ်ချုပ်မြင်းစီးရုပ်တုသည် သုံးပေမြင့်သော တြိဂံအုတ်ခုံအပေါ်တွင်နောက်ထပ် အမြင့် ကိုးပေ၊ အလျား ၁၃ ပေ၊ အနံ ခြောက်ပေရှိ အုတ်ခုံထပ်၌ အမြင့် ၁၅ ပေရှိကာ ညောင်လေးပင်သား နိုင်ငံကျော်ဗိသုကာပညာရှင် ဦးအောင်ကျော်ထွန်းဦးဆောင်၍ ညောင်လေးပင်မြို့သူမြို့သားများ၏ စုပေါင်းထည့်ဝင်ငွေ ကျပ်သိန်း ၁၅၀ အကုန်ကျခံ တည်ဆောက်ထားသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## စုပေါင်းသွေးလှူဒါန်းပွဲ သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**



အမှတ် (၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်နှင့်မိသားစုများ၏ အကြိမ် ၃၀ မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ သဃ်န်းကျွန်းစံပြဆေးရုံကြီးတွင် ပြုလုပ်သည်။

ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သန်းလှက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အမှတ် (၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ခေတ္တတပ်ဖွဲ့ခွဲမှူး ရဲမှူးသျှင်မင်းသူရက သွေးလှူရခြင်း၏အကျိုးတရားများအားပြောကြား၍ ရောဂါဗေဒဆရာဝန်ဒေါက်တာဒေါ်အေးဝင်းက သွေးလှူရခြင်းနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာများပြောကြားပြီး သွေးလှူရှင်များအား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**၆၈၉**

## နွေနှမ်းနှင့်နွေစပါးစိုက်ပျိုးရန်အတွက် ဝဲကြီးဆည်မှ စတင်ရေပေးဝေလျက်ရှိ

**ပေါင်းတည် ဒီဇင်ဘာ ၂၉**



ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများမှ ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်းရှိ ဝဲကြီးဆည်ရေသောက်စနစ် တူးမြောင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဆည်/ရေဦးစီးဌာန တည်ဆောက်ရေး(၂)မှ တာဝန်ရှိသူများက အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာ ဝဲကြီးဆည်၏ တူးမြောင်းမကြီးနှင့် လက်ဝဲတူးမြောင်းမကြီးတို့တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒီဇင်ဘာ ဒုတိယပတ်မှာစတင်၍ ဒေသခံတောင်သူများ၏ လိုအပ်ချက်အရ နွေနှမ်းစိုက်ပျိုးရန်အတွက် ရေပေးဝေလျက်ရှိပြီး ဇန်နဝါရီ ၁ ရက်မှ စတင်၍ နွေစပါးဧက ၅၇၂၀ စိုက်ပျိုးရန်အတွက် လက်ဝဲတူးမြောင်းမကြီး LDY 1 မှ LDY 7 အထိ ရေသောက်ဧရိယာများသို့ ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများပြပွဲကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၂၉**

ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများကို ထိန်းသိမ်းတန်ဖိုးထားတတ်လာစေရန်၊ ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို မပျောက်ပျက်အောင် လက်ဆင့်ကမ်းထိန်းသိမ်းထားတတ်လာစေရန်ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ထားဝယ်ဒေသအတွင်းရှိ ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ထားဝယ်ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ကျင်းပသည်။

တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ စာရေးဆရာကြီးဦးဘမြင့်နှင့်ဦးထွန်းကြည်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသသော ထားဝယ်ရိုးရာ ယဉ်ကျေးမှု အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် ရှေးဟောင်း ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ထားဝယ်ရိုးရာ ယဉ်ကျေးမှုနှင့်ရှေးဟောင်းပစ္စည်းများကို ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ MUSEUM ပြတိုက်ငယ်တွင် ခင်းကျင်းပြသထားမည်ဖြစ်ကြောင်းနှင့် မည်သူမဆိုလာရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**



## နယ်မြေလုံခြုံရေးအတွက် ပိတ်ဆို့စစ်ဆေးခြင်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဆောင်ရွက်

**ထီးချိုင့် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ ရောဝတီတံတား(ထီးချိုင့်)ချဉ်းကပ်လမ်းနှင့် စစ်ကိုင်း-ရွှေဘို-ကသာခရိုင်ချင်းဆက်လမ်း ကြက်သွန်ခင်းလမ်းဆုံတွင် ဖွင့်လှစ်ထားသော ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ထီးချိုင့်မြို့မရဲစခန်းမှူး ဒုရဲမှူးဘချစ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက်ညနေ ၄ နာရီက ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များနှင့်မော်တော်ဆိုင်ကယ်များတွင်အဖျက်အမှောင့်ပြုလုပ်လိုသူများ ဝင်ရောက်မှုမရှိစေရန်စစ်ဆေးခြင်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် အသိပညာပေးလုပ်ငန်းများ ဆောက်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



လည်းကူးမြို့နယ် ဒါးပိန်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးသက်ထွန်းဦးစီး၍ လှည်းကူးမြို့နယ် သခွပ်ပင်ကျေးရွာအုပ်စု ထန်းပင်ချောင်ကျေးရွာမြရတနာဘုန်းကြီးကျောင်း၌ ဒီဇင်ဘာ ၂၈ ရက် နံနက်က ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစံရွှေနှင့် ပြည်သူများအား မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့သည်။ **ကြေးမုံ**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းပညာပေးဆွေးနွေး

**တိုက်ကြီး ဒီဇင်ဘာ ၂၉**

တိုက်ကြီးမြို့နယ် ကတိုင်းစိန်ကျေးရွာအုပ်စု ကတိုင်စိန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ကတိုင်စိန်ရဲကင်း ရဲစခန်းမှူး ရဲအုပ်ဝင်းညွှန့်ထူးမှ မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးနှင့် ငယ်ငယ် မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာ ပေးခြင်းတို့အား ဆွေးနွေးဟောပြောခဲ့ရာ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**၁၁၈**

# နိုင်ငံရေးဘောဂဗေဒ မိတ်ဆက်ခြင်းနှင့် မူဝါဒများ ပြုလုပ်ခြင်း


ဝင့်ထန်း


လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်အတွင်း ရန်ကုန်နဲ့ အခြားမြို့ကြီး တော်တော်များများမှာ နိုင်ငံရေး၊ ဖွံ့ဖြိုးရေး၊ ခေါင်းဆောင်မှုနဲ့ စွမ်းဆောင်ရည်မြှင့် သင်တန်းတွေ၊ ဆွေးနွေးပွဲတွေ၊ ဖိုရမ်တွေ အတော်များလာပါတယ်။ အစိုးရဌာနဆိုင်ရာတွေဘက်မှာလည်း သင်တန်းတွေ အတော်စိပ်လာတာ တွေ့ရပါတယ်။ ပြည်တွင်းပြည်ပအဖွဲ့အစည်းပေါင်းစုံကလုပ်တာဖြစ်ပြီး စာရေးသူအနေနဲ့လည်း ပတ်သက်ရာပတ်သက်ကြောင်း သင်တန်းအချို့ ပါဝင်တက်ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလကုန်ကတော့ မြန်မာစီးပွားရေးပညာရှင်တစ်ဦးရဲ့ ဆွေးနွေးပွဲတစ်ခုကို ရန်ကုန် သိမ်ဖြူလမ်းမှာတက်ဖြစ်ပါတယ်။ ဖိတ်တာက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာရေးရာသုတေသနအဖွဲ့က ဖိတ်တာဖြစ်ပြီး အကြောင်းအရာက "အကူးအပြောင်းကာလ နိုင်ငံရေးဘောဂဗေဒ" (Political Economy of Transition) နဲ့ "မူဝါဒပြုလုပ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း" (Policy Making and Implementation) ဆိုတဲ့ ခေါင်းစဉ်နှစ်ခုနဲ့ပါ။

ဒီဆွေးနွေးပွဲကို တက်ဖြစ်တဲ့အကြောင်းကလည်း အထက်ကခေါင်းစဉ်နှစ်ခုကို ဦးဆောင်ဆွေးနွေးမယ့်သူ အမေရိကကနေ ရန်ကုန်ကိုခဏပြန်လာတဲ့ မက်ခရိုစီးပွားရေးပညာရှင် ဒေါက်တာမျိုးညွန့်ကြောင့်ပါပဲ။ သူ့ကိုနာမည် ကျော် ပန်းချီဆရာကြီးဦးစန်းလွင်ရဲ့သားလို့ အရင်က ကြားဖူးထားပါတယ်။ မော်စကိုကစီးပွားရေးသချ်ာဘာသာရပ်နဲ့ မာစတာဘွဲ့ရခဲ့ပြီး အမေရိကန်ပြည်ထောင်စုကနေ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာနဲ့ ဒေါက်တာဘွဲ့ရတယ်လို့ ဆွေးနွေးပွဲဖိတ်စာကိုယ်ရေးအကျဉ်းမှာ တွေ့ရပါတယ်။ အမျိုးသားစီမံကိန်းဌာနမှာ ညွှန်ကြားရေးမှူးအထိ လုပ်ခဲ့ပြီး ၁၉၈၆ မှာအမေရိကကိုအပြီးထွက်သွားတယ်။ နောက် World Bank, IMF, ADB, USAID, GIZတို့လိုနိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ယူဂန်ဒါ၊ ကာဇက် စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ ဘော့ဇဝါနာ၊ ကိုဆိုဗို၊ အီရတ်၊ ပါပူဝါးနယူးဂီနီယာ၊ ဆွစ်ဇာလန်စတဲ့ နိုင်ငံတွေမှာ နှစ်ပေါင်း ၃၀ လောက် စီးပွားရေးအတိုင်ပင်ခံလုပ်တယ်လို့ သိရပါတယ်။ ဒီလိုနိုင်ငံတကာမှာပေါက် ပေါက်ရောက်ရောက် လုပ်ကိုင်နေတဲ့ မြန်မာနိုင်ငံသားစီးပွားရေးပညာရှင်တစ်ဦးဆွေးနွေးတာကို နားထောင် ချင်တာရော၊ လက်ရှိ မြန်မာစီးပွားရေးအခြေအနေနဲ့ပတ် သက်ပြီးသူဘာပြောမလဲဆိုတာ သိချင်တာရောကြောင့် စာရေးသူလည်း တက်တက်ကြွကြွပဲ သွားရောက်တက်ဖြစ်ခဲ့ပါတယ်။

တက်ရောက်သူတွေမှာရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တွေ၊ ရန်ကုန်မြို့တော်စည်ပင်အရာရှိတွေနဲ့ ပြင်ပပညာရှင်တွေ၊ စာရေးဆရာတွေ စုစုပေါင်း ၂၅ ဦးပါ။ ဆရာမျိုးညွန့်က သူအနေနဲ့ ဟောပြောတာထက် သူ့ဦးဆောင်ဆွေးနွေးမှုအပေါ် ဝိုင်းဝန်းစဉ်းစားဆွေးနွေးပေးတာ (brain storming) ကိုပိုဖြစ်စေချင်တယ်လို့ ပြောပါတယ်၊ ပြည်တွင်းမှာရှိတဲ့သူတွေကသာ ပြဿနာတွေ ပိုသိတာမို့ သူ့အနေနဲ့ အကြံပေးဖို့သာရှိတယ်လို့ အစချီရင်း နိုင်ငံရေးဘောဂဗေဒအခြေခံနဲ့ အင်စတီကျူးတို့အကြောင်း မိတ်ဆက်ပါတယ်။

မြန်မာနိုင်ငံ အကူးအပြောင်းက အာဏာရှင်အစိုးရပုံစံကနေနှစ်မျိုးရောပုံစံ (hybrid regime) ကိုပြောင်းလဲခဲ့ပြီးအဲဒီကနေ ဒီမိုကရေစီအစိုးရပုံစံဆီ သွားပါတယ်။ ပြောင်းလဲမှုတွေနဲ့ပတ်သက်လို့ အစိုးရအနေနဲ့ အခြေအနေ ဖိအားမျိုးစုံရှိသလိုပြည်သူရဲ့ တောင်းဆိုဖိအားပေးမှုတွေ များပြားပါတယ်။ အပြောင်းအလဲတွေနဲ့အတူ ပေါ်ထွက်လာတဲ့ ပြဿနာတွေ၊ ရှော့တွေကိုကိုင်တွယ်ဖြေရှင်းဖို့အတွက် အင်စတီကျူးရှင်းဆိုင်ရာ စွမ်းဆောင်ရည်နဲ့ မူဝါဒတုံ့ပြန်ဆောင်ရွက်မှုတွေ တိုးတက်ကောင်းမွန်အောင် လုပ်ဖို့လိုပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုဟာ society, system, structure တို့နဲ့ ဖွဲ့စည်းထားပြီး အဲဒီသုံးခုကိုကစားပွဲစည်းမျဉ်း (Rule of games) နဲ့ စည်းနှောင်ထားပါတယ်။ system => structure=> institution => organization စသဖြင့် အစဉ်လိုက် သဘောရှိပါတယ်။




### နိုင်ငံရေးဘောဂဗေဒ

နိုင်ငံရေးဘောဂဗေဒဆိုတာ နိုင်ငံရေးနဲ့ စီးပွားရေးတို့ကြားမှာ ဆက်နွယ်နေတဲ့ အဆက်အစပ်တွေကို ခွဲခြမ်းစိပ်ဖြာ လေ့လာခြင်းဖြစ်ပါတယ်။ အဲဒီအဆက်အစပ်တွေကတစ်ဆင့် ရင်းမြစ်တွေ (resources) ကို ဖြန့်ဝေမှု (distribution)၊ ဖြန့်ဝေတဲ့အခါ ရလဒ်ကောင်း (outcomes) ထွက်အောင် ဘယ်လိုလုပ်မလဲဆိုတာတွေ လေ့လာရပါတယ်။ နိုင်ငံရေးဘောဂဗေဒဟာ အင်စတီကျူးရှင်းတွေနဲ့ အုပ်ချုပ်မှုအစီအစဉ်တွေ (governance arrangements) ကို လေ့လာရုံမျှမကဘဲ အကျိုးစီးပွားများ၊ မက်လုံးများ၊ ခနဖြန့်ဝေမှုများ၊ သမိုင်းကြောင်းအမွေခံမှုများ၊ ပြုပြင်ပြောင်းလဲမှု အတွေ့အကြုံများ၊ လူမှုလားရာများ၊ အခြားဖက်တာအသီးသီးရဲ့ အကျိုးသက်ရောက်မှုများ သို့မဟုတ် အဟန့်အတားဖြစ်မှုများ စတဲ့အချက်တွေကိုပါ ထည့်သွင်းစဉ်းစားရပါတယ်။

နောက် ဒီမိုကရေစီအကူးအပြောင်းဖြစ်စဉ်မှာလည်း နိုင်ငံရေးဘောဂဗေဒအခန်းကဏ္ဍက အရေးကြီးပါတယ်။ အကူးအပြောင်း (transition)၊ ပြုပြင်ပြောင်းလဲမှု (reform) နဲ့ ပြောင်းလဲခြင်း (change) တို့ဟာ ညီမျှခြင်းသဘော ဆောင်တဲ့အတွက် အကူးအပြောင်းကာလမှာ ပြုပြင်ပြောင်းလဲမှုတွေ များစွာလုပ်ပါမှ ပြောင်းလဲခြင်းရလဒ်တွေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ အဓိကကျတဲ့ ပလေယာတွေ၊ အေးဂျင့်တွေ၊ အင်စတီကျူးရှင်းတွေ၊ အဖွဲ့အစည်းတွေနဲ့ ဖွဲ့စည်းမှုဆိုင်ရာ structure တွေရဲ့ အနေအထားတွေကို အသေချာ စိစစ်အကဲဖြတ်ရပါမယ်။ ပြုပြင်ပြောင်းလဲမှုဆိုရာမှာ လူမှုအဆောက်အအုံပြုပြင်ပြောင်းလဲမှု (social structural change) တစ်ခုလုံးကို ဆိုလိုခြင်းဖြစ်တဲ့အတွက် အဲဒီထဲမှာ နိုင်ငံပြုပြင်ပြောင်းလဲမှု (state reform) နဲ့ ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ် (democratization)တို့ ပါဝင်ပါတယ်။ ဒီမိုကရေစီဖွံ့ဖြိုးမှု တည်ဆောက်ရေးကလည်း အားလုံးပါဝင်တဲ့ နိုင်ငံတည်ဆောက်ရေးဖြစ်စဉ် (participated state building process)ကို ဦးတည်ထားရမှာ ဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံအနေနဲ့ စနစ်တွေ ပြောင်းလဲကျင့်သုံးလာပေမယ့်စနစ်နဲ့ကိုက်ညီတဲ့ structure တွေကို ပြောင်းလဲဖို့ လုပ်ရပါမယ်။ စနစ်နဲ့ structure မကိုက်ညီသေးတဲ့အခါ အကျပ်အတည်းများကို မကြာခဏ ကြုံရတတ်ပါတယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးလာတဲ့အခါ ဒီမိုကရေစီနဲ့ လိုက်ဖက်မယ့် အင်စတီကျူးရှင်းတွေ structure တွေကို အမြန်ဆုံး ပြောင်းလဲဖို့လိုပါတယ်။

### အင်စတီကျူးရှင်း

နိုင်ငံရေးဘောဂဗေဒရဲ့ လုပ်ငန်းခွင်မှာ မဖြစ်မနေ ပါဝင်လာတာက အင်စတီကျူးရှင်းများ တိုးတက်ကောင်းမွန်ရေးပါပဲ။ အင်စတီကျူးရှင်းဆိုတာ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး အပြန်အလှန်ဆက်ဆံမှုတွေကို ပုံဖော်တဲ့ ကစားပွဲစည်းမျဉ်းဥပဒေသများ (rules of games) ဖြစ်ပါတယ်။ စည်းမျဉ်းဥပဒေသတွေ ဆိုရာမှာ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေကို ဖြန့်ဝေတဲ့ စည်းမျဉ်းများ (allocation rules)၊ တာဝန်ယူမှုနဲ့ ဆုံးဖြတ်မှုဆိုင်ရာ စည်းမျဉ်းများ (accountability rules)၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများ (procedural rules) ပါဝင်ပါတယ်။ ဒါပေမယ့် အင်စတီကျူးရှင်းတွေဟာ သံတွေစတီးတွေနဲ့ ပြုလုပ်ထားတဲ့ ယန္တရားတွေမဟုတ်ပါ။ အားကြီးလွန်း တောင့်တင်းလွန်းလှတဲ့ အင်စတီကျူးရှင်းတွေသည်ပင်လျှင် လူသာမန်တို့ရဲ့ အသွေးအသားတွေနဲ့ ပြုလုပ်ထားတာကြောင့် အားနည်းချက်တွေ၊ ပျော့ကွက်ဟာကွက်တွေ၊ ပဋိပက္ခတွေ၊ ထိလွယ်ခိုက်လွယ်တွေရှိနေမှာပဲ ဖြစ်ပါတယ်။

အင်စတီကျူးရှင်းနဲ့ အဖွဲ့အစည်း (organization) တို့ရဲ့ ခြားနားချက်ကတော့ အဖွဲ့အစည်းတွေက လူအများ ပါဝင်ဖွဲ့စည်းထားတဲ့အုပ်စုဖြစ်ပြီး အင်စတီကျူးရှင်းဥပဒေသတွေရဲ့ လက်အောက်ခံဖြစ်ပါတယ်။ အဖွဲ့အစည်းတွေမှာ ဦးတည်ချက်၊ ပန်းတိုင်၊ လုပ်ပိုင်ခွင့်အာဏာ၊ အထက်အောက် ဆက်ဆံရေးတို့ဖြင့် ဖွဲ့စည်းချည်နှောင်ထားပါတယ်။ အင်စတီကျူးရှင်းမှာတော့ အဓိကအားဖြင့် စည်းမျဉ်းဥပဒေများနဲ့ ဖွဲ့စည်းထားသော တရားဝင်အင်စတီကျူးရှင်း (formal institution) နဲ့ စာဖြင့်ရေးသားမထားသော ယဉ်ကျေးမှုဓလေ့ထုံးစံအပြုအမူစရိုက်များဖြင့် နေ့စဉ်ကျင့်သုံးနေတဲ့ အလွတ်သဘောဆောင် အင်စတီကျူးရှင်း (informal institution) ဆိုပြီး ရှိပါတယ်။ မြန်မာနိုင်ငံမှာ တရားဝင် အင်စတီကျူးရှင်းတွေပိုဖြစ်လာအောင်၊ ရှိပြီးသား အင်စတီကျူးရှင်းတွေ ပိုမို သွက်လက်မြန်ဆန်လာအောင် လုပ်ဖို့လိုပါမယ်။

### မူဝါဒ

ဝန်ကြီးဌာနတစ်ခုက မူဝါဒတစ်ခုချလိုက်တဲ့အခါ ဘယ်သူက ဦးဆောင်လုပ်မလဲ၊ အင်စတီကျူးရှင်းမှာပါမယ့်လူတွေ အလုံအလောက် ရှိသလား၊ မရှိရင် capacity building ဘယ်လိုလုပ်မလဲဆိုတာတွေ စဉ်းစားရပါမယ်။ institution matrix လို့ ခေါ်ပါတယ်။ မူဝါဒတစ်ခုရဲ့ ဘယ်အရာတွေကို ဘယ်ဝန်ကြီးဌာနက ဦးဆောင်လုပ်မလဲ၊ ဝန်ကြီးဌာန အချင်းချင်း overlap ဖြစ်နေရင် ဘယ်သူက ဦးဆောင်မှုနေရာယူပြီး ဘယ်သူက ပံ့ပိုးမှုနေရာက နေမလဲ ဆိုတာတွေ မူဝါဒသမားက တွက်ချက်ကြည့်ရပါမယ်။

မူဝါဒဆိုတာ ကြေညာချက် (statement) တစ်ခုပါ။ ကြေညာချက်ကို အကောင်ထည်ဖော်ဆောင်ရွက်တဲ့အခါ ပြန်လည်စောင့်ကြည့် စစ်ဆေးအကဲဖြတ်မှု (monitoring and evaluation) အရေးကြီးပါတယ်။ ချမှတ်လိုက်တဲ့ မူဝါဒတစ်ခုက ခြောက်လအတွင်း တုံ့ပြန်ချက်က ဘယ်လိုရှိသလဲ၊ အလုပ်ဖြစ်သလား၊ မဖြစ်ဘူးလား၊ မဖြစ်ခဲ့ရင် မူဝါဒမှားနေသလား စသဖြင့် လစဉ်တိုင်းမှာ ပြန်လာတဲ့ အချက်အလက်တွေကို စိစစ်ရပါတယ်။ ဆရာဝန်ဟာ လူနာကို ကုသတဲ့အခါ ပထမဆုံးရောဂါရှာဖွေရမယ်၊ နောက်ပေးလိုက်တဲ့ဆေးက လူနာရဲ့တုံ့ပြန်ချက် ဘယ်လိုရှိလဲဆိုတာ စောင့်ကြည့်ရသလိုပါပဲ။ မူဝါဒတစ်ခုဟာ စိတ်ကူးပေါက်သလို လုပ်လို့မရပါ၊ evidence based policy ဖြစ်နေရပါမယ်။ မိမိနိုင်ငံအတွင်း အရင်က မူဝါဒချခဲ့ဖူးတဲ့ သမိုင်းတွေ ပြန်ကြည့်ရပါမယ်၊ အနီးအနားက အောင်မြင်နေတဲ့ ဗီယက်နမ်တို့လို အတွေ့အကြုံရှိပြီး သားဖြစ်ရပ်တွေကို သင်ခန်းစာယူကြည့်လို့ရပါတယ်။ အဲဒါတွေကတစ်ဆင့် တွက်ချက်နည်း tools တွေနဲ့ လုပ်ကိုင်ရမှာ ဖြစ်ပါတယ်။

### မြေယာနဲ့ ဆင်းရဲမွဲတေမှု

လယ်သိမ်းမြေသိမ်းကိစ္စတွေကြောင့် အဓိက ထိသွားတာက ဆင်းရဲမွဲတေမှုကြီးသွားတာပါ။ လယ်ယာမြေပိုင်ဆိုင်မှု ပြဿနာကို မရှင်းရင် ဆင်းရဲမွဲတေမှုကိုလျှော့ချနိုင်မှာ မဟုတ်ပါ။ အကြောင်းကတော့ ဆင်းရဲသားမှာ ပိုင်ဆိုင်မှုဆိုလို့ မြေလေးပေါ်မှာ သူ့လုပ်အားနဲ့ စိုက်နိုင်တာပဲရှိပါတယ်။ ဒါကြောင့်လည်း လယ်ယာမြေပြဿနာကို မကိုင်တွယ်ရင် ဆင်းရဲမွဲတေမှု မပပျောက်နိုင်ပါ။ဆင်းရဲမှုပပျောက်ရေးအတွက်ဆိုရင် ကျေးလက်ပြဿနာတွေကို အရင်ရှင်းရပါမယ်။ အဓိကကမြေကွက်တွေ ပြန်ရိုက် mapping လုပ်ဖို့လိုပါမယ်။ mapping ကို အခြေခံပြီးမှ ဖော်မြူလာတွေနဲ့ တွက်ချက်ရင် ဘယ်လောက်ထွက်မယ်ဆိုတာတန်းသိပါတယ်။ အင်္ဂလိပ်ကမြေစာရင်း mapping တွေ အဓိကချပြီး ဒီလိုပဲ လုပ်ကိုင်ခဲ့ပါတယ်။ ခုခေတ်မှာတော့ နည်းပညာတွေက မြင့်လာပါတယ်။ လယ်သမားတွေက ဖုန်းလေးတွေ သုံးပြီး သူ့မြေကွက် ဘယ်နေရာမှာရှိတယ်၊ သူ့မြေကွက်ထဲ ဘာဖြစ်နေလဲဆိုတဲ့ အစီရင်ခံစာတွေ ပို့နိုင်ပါတယ်။ ဗီယက်နမ်မှာ အရင်က မြေဟာ ပြည်သူပိုင်ဖြစ်ပေမယ့် နောက်ပိုင်း ငါးဧကအောက်ပုဂ္ဂလိက ပေးပြီးကြိုက်ရာစိုက်ဆိုတဲ့အခါ ထွက်နှုန်း အလွန်တက်သွားပါတယ်။ ဘင်္ဂလားဒေ့ရှ်လည်း ဒီလိုနည်းနဲ့ ဆင်းရဲမှုလျော့ကျခဲ့ပါတယ်။

ကမ္ဘာ့ဘဏ်ရဲ့ စာရင်းတွေအရကြည့်ရင် ဆင်းရဲမှုအဓိကဖြစ်တဲ့နေရာဟာ လူမျိုးစုနေရာတွေဖြစ်ပြီး အဲဒီနေရာတွေမှာ အဂတိလိုက်စားမှု ပိုများပါတယ်။ စစ်ဖြစ်နေတဲ့အခါ၊ ငြိမ်းချမ်းရေးမရတဲ့အခါ လူတွေက ရိုးရိုးမြေပေါ်မှာကို မစိုက်နိုင်၊ မပျိုးနိုင်ဖြစ်ရပါတယ်။ သူတို့ကို လုပ်ပိုင်ခွင့် ပိုပေးရပါမယ်၊ လုပ်ပိုင်ခွင့် အထိုက်အလျောက်ရှိလာတဲ့အခါ ဘယ်သူမှ နိုင်ငံကနေ ခွဲမထွက်ချင်ကြပါ။ ဒါက အမေရိကအောက်က ကျွန်းနိုင်ငံငယ်လေးတွေက ရတဲ့ သင်ခန်းစာပါ။ သူတို့ကို လွတ်လပ်ရေးပေးမယ်ဆိုတာတောင် မလိုချင်ကြပါ။ စီးပွားရေးအင်အားကြီးအောက်မှာ သံလိုက်လို အတင်းပူးကပ်နေပါတယ်။ မည်သူမှ ခွဲမထွက်ချင်ကြပါ။

### ဦးနှောက်ရရှိမှု

နိုင်ငံတကာမှာ ပျံ့နှံ့ရောက်ရှိနေတဲ့ တတ်သိပညာရှင်တွေကို ပြန်ခေါ်တာကို 'from brian drain to brain gain' လို့ ခေါ်ကြပါတယ်။ တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်တို့ရဲ့ တိုးတက်မှုကိုကြည့်ရင် ကျွမ်းကျင်တဲ့ မိမိလူမျိုးပညာရှင်တွေကို ပြန်ခေါ်အသုံးချတာ (brain gain) က အများကြီးထိရောက်တယ်ဆိုတာ တွေ့ရပါမယ်။ သူတို့ကို ပြန်လာတဲ့အခါ အရင်းအနှီး ပါလာမယ်၊ ကျွမ်းကျင်မှု (skill) တွေ ပါလာမယ်။ နေရာကောင်းတွေမှာ အခြားနိုင်ငံခြားသားတွေ ဝင်ရောက်နေရာယူတာထက်စာရင် မိမိလူမျိုးချင်းဖြစ်တဲ့အတွက် တိုင်းပြည်အပေါ် စေတနာရှိမယ်၊ စျေးချိုမယ်။ အမေရိကမှာ အောင်မြင်နေတဲ့ မြန်မာလုပ်ငန်းရှင်တွေ အတော်များများ ရှိပါတယ်။ စတော့စျေးကွက်ထဲမှာ နာဆာလို ပညာရပ်လုပ်ငန်းခွင်မှာ မြန်မာနိုင်ငံသားတွေ ရှိပါတယ်။ အခြားနိုင်ငံတွေမှာလည်း ပေါက်ပေါက်မြောက်မြောက်လုပ်ကိုင်နေကြပါတယ်။ မြန်မာသံရုံးတွေအနေနဲ့ သက်ဆိုင်ရာနိုင်ငံအသီးသီးမှာ ဒီလိုလူတွေကို လိုက်ရှာသင့်ပါတယ်။ တချို့ တစ်လလောက် ပြန်လာရင်လည်း အကျိုးရှိပါတယ်။ ပညာရပ်ဆိုင်ရာ ဟောပြောခိုင်းတာ၊ သူတို့နဲ့ပတ်သက်တဲ့ အဆက်အသွယ်တွေ ရှာခိုင်းတာတွေ လုပ်ရပါမယ်။ သူတို့ကို ကိုယ့်တိုင်းပြည်ထဲ ပြန်ဝင်လာအောင် နည်းအမျိုးမျိုးနဲ့ ဆွဲဆောင်ရပါမယ်။

### ဖောက်ထွက်တွေးခြင်း

ခေတ်မီဝန်ထမ်းအဖွဲ့အစည်းဆိုတာ တီထွင်ဆန်းသစ်မှု (innovative)၊ ပင်ကိုအစွမ်းအစဖော်ထုတ်မှု (initiative) ရှိရပါမယ်။ ဆုံးဖြတ်ပိုင်ခွင့်ပေးထားပြီး တာဝန်ယူမှုရှိစေရပါမယ်။ ဒီလိုမဟုတ်ဘဲ အထက်ညွှန်ကြားချက်လာမှ အလုပ်လုပ်ကြတဲ့အခါမှာ အချောင်သမားစိတ်ဓာတ်ကြီးစိုးသွားပြီး သေတ္တာထဲကဖောက်ထွက်မတွေးတဲ့ (inbox thinker) ဖြစ်သွားကြပါတယ်။ ဖောက်ထွက်စဉ်းစားရဲသူ (outbox thinker)၊ တာဝန်ယူရဲသူတွေ မရှိတဲ့အခါ ဝန်ထမ်းအဖွဲ့အစည်းဟာ ခေတ်နောက်ပြန်ဆွဲနေပါလိမ့်မယ်။ သို့သော် အပေါ်က ချုပ်ကိုင်ထားပြီး အောက်ကို mindset တွေ ပြင်ကြပါလို့ ပြောတဲ့အခါ၊ အရင်ရှိနှင့်ထားတဲ့ structure တွေကို မပြောင်းသေးသမျှ အောက်က ဘယ်သူကမှ လုပ်ရဲကိုင်ရဲ၊ ပြောရဲဆိုရဲ ရှိမှာ မဟုတ်ပါဘူး။

အဆိုပါ အချက်တွေကတော့ မက်ခရိုစီးပွားရေးပညာရှင် ဒေါက်တာမျိုးညွန့် ဦးဆောင် ဆွေးနွေးသွားတဲ့ အကြောင်းအရာတွေထဲက အချို့ကို စာရေးသူ ကောက်နုတ်တင်ပြလိုက်ရတာ ဖြစ်ပါတယ်။ နောက်ပြီး ဆရာက မူဝါဒရွေးချယ်ပုံတွေနဲ့ ပတ်သက်တဲ့ ကွန်ပျူတာဆော့ဖ်ဝဲသုံး တွက်ချက်ပုံတွေကို အချိန်ယူ ပြသခဲ့ပါတယ်။ တက်ရောက်သူတွေကလည်း အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ပြီး အလွန်မြိုင်ဆိုင်တဲ့ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲလေးဖြစ်ခဲ့ပါတယ်။ ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော

# နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်



**ဒေါက်တာအရှင် နန္ဒမာလာဘိဝံသ**



**ဒေါက်တာအရှင် ဉာဏိဿရ**



**အရှင် ဆန္ဒာဓိက**

၁၃၇၉-ခုနှစ်၊ ပြာသိုလပြည့်နေ့
၁-၁-၂၀၁၈ ( တနင်္လာနေ့ )

၁၃၇၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁) ရက်
၂-၁-၂၀၁၈ ( အင်္ဂါနေ့ )

၁၃၇၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၂) ရက်
၃-၁-၂၀၁၈ ( ဗုဒ္ဓဟူးနေ့ )

တရားအလှူပေးလှူမည် ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အချိန် – ညနေ (၇ : ၃၀) နာရီ ၊ နေရာ – ရွှေတိဂုံစေတီတော်မြတ်ကြီးမြေတော်ရင်ပြင် ၊ ပြည်သူ့ဥယျာဉ် ၊ ရန်ကုန်မြို့။

ဆက်သွယ်လှူဒါန်းရန် ● ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ● ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး
● နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင်ကျင်းပရေးကော်မတီရုံး ပြည်သူ့ရင်ပြင်

● KBZ Bank Account - 225-302-00701449101 ● AYA Bank Account - 0053202010014853 ● Shwe Bank Account - 130 100 200 200 728 50012

## ကိုရီးယားဘာသာစကား အခမဲ့အထူးသင်တန်း

Basic - နေ့လည် (၂) နာရီမှ (၄) နာရီထိ
ညနေ (၁၀) နာရီမှ (၁၂) နာရီထိ
Topik II - နံနက် (၁၀) နာရီမှ (၁၂) နာရီထိ
အိမ်အမှတ်-D 1020, 10-လွှာ, 9 Mile, Ocean Thiri Condo
ဖုန်းနံပါတ်-09 773839878, 09 767412443

## အစီအစဉ်တင်ဆက်သူ (MC) နှင့် သီချင်းအထူးသင်တန်း

Singing technique, Recreation, Leardership
အိမ်အမှတ်-D 1020, 10-လွှာ, 9 Mile, Ocean Thiri Condo
ဖုန်းနံပါတ်-09 773839878, 09 767412443

ဖုန်း Sim Card ပေါင်ပည
73, 47, 49, 50, 86
ရဲမင်းထွန်း
Ph: 09-5014706

ENGLISH
Conversation Practice
Bayar Yang
Great Wall
TAMWE - 540714, 09 5183636
09 420230133

အောင်မင်္ဂလာ
အိမ်ခြံမြေ/ရွှေလုပ်ငန်း
09428773300
09428773355

FARMER AUTO SUZUKI SHOWROOM
* Suzuki Brand New ... Suzuki ...




MODERN TECH
BUILDING MATERIALS & WAREHOUSE SOLUTIONS
01-522 489, 522 691, 522 692, 9660 679, 09 502 8456, 503 9441, 504 9860
E-mail : moderntech@decolandgroup.com Web: http://www.decolandgroup.com

ဖိုင်းခွန်နောင် ကုမ္ပဏီလီမိတက်

အိမ်ခြံမြေနှင့် ဥပဒေဝန်ဆောင်မှုလုပ်ငန်း

ဝန်ထမ်းခေါ်လိုသည်။ (သုဝဏ္ဏရုံးခွဲအတွက်)

အိမ်ခြံမြေ ကျွမ်းကျင် - ၈/၆ ဦး။

ဘွဲ့ရ / (၁၀) တန်း။

အသက် (၂၅ မှ ၃၅) အတွင်း။

ကျွမ်းကျင်မှုပေါ်မူတည်၍ လစာညှိနှိုင်း + ကော်မရှင်။

01-551197,01-541501,09-254 297 998,09-730 65656

Email : saikhangnoung1995@gmail.com Viber : 09-79 5899 478.



Asia Dragon

ချောင်းသာ • ငွေဆောင်

09 300 300 30 , 09 300 300 90



မင်္ဂလာပါ

Box

09-450042704

09-250095116

09-420096296











သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

## RUBY MART — Ruby Mart (Yangon) ၏ (၇)နှစ်ပြည့် အထူးဈေးရောင်းပွဲတော်မှ ကံထူးရှင်များစာရင်း

| စဉ် | ကံထူးရှင်အမည် | ဆု | ပေါက်မဲနံပါတ် | ဆုအမျိုးအစား |
|---|---|---|---|---|
| ၁။ | ဦးထွန်းထွန်းအေး | Grand Prize | 1574 | ရွှေ(၂)ကျပ်သား |
| ၂။ | ဦးချမ်းမြေ့အောင် | 1st Prize | 3534 | Hitachi Refrigerator (3 Door) |
| ၃။ | ဒေါ်ခင်မိုးဝင်း | 2nd Prize | 2112 | LG TV 49" |
| ၄။ | ဒေါ်နီနီလှိုင် | 3rd Prize | 2892 | ရွှေဆွဲကြိုး |
| ၅။ | ဦးရှိုင်းအောင် | 4th Prize | 0752 | Hitachi Refrigerator (2 Door) |
| ၆။ | ဦးမြတ်မိုးခန့် | 5th Prize | 3080 | ရွှေဆွဲကြိုး |

ကျန် ပေါက်မဲနံပါတ်များအား Ruby Mart Level-1 ရှိ Information Counter တွင် ကြေညာပေးသွားပါမည်။

BSOE 8 115

ပြန်လိုချင်သောသီချင်းကောင်းများ

Band ART ROBOTS, Arrangement NAING ZAW, Studio ESUS 5, Mixing THAR GYI, Harmony JAPAN IDIOTS

ခေတ်ပြိုင်ကိုးရာဝေစီထုတ်ဝေမှု

ကံကောင်းခြင်း

ဂျပြည့် ရန်ကုန်တက္ကသိုလ်

ပါမောက္ခချုပ် (သိုင်းမိဿရ - ငြိမ်း)

(၁၉၂၀-၂၀၂၀ ရန်ကုန်တက္ကသိုလ်သမိုင်း ကျောင်းသားလှုပ်ရှားမှုများ ၁၉၂၀ ပြန်တမ်းတော်အကျဉ်းမှ အဓိပ္ပါယ်ဖွင့် ရန်ကုန်တက္ကသိုလ်ကြီး၏ ခေတ်အဆက်ဆက်ဖြစ်ပေါ် ပြောင်းလဲမှုများအကြောင်း)

ဖုန်း - ၀၉ ၅၁၀၃ ၅၂၄၇ ၀၉ ၅၀၇ ၉၆၄၀

Asia Top 09 42164118, 09 424090904, 09 424090902

ယဉ်မောင်း(၂)ဦး အလိုရှိသည်။

(၁)လစာ + ငြိမ်ကြေး% + ရှိလွှင်း%၊ (၂)တစ်ရက် ၂၅၀၀၀ကျပ်

➤ Hiace(ထံစေတ်), Alphard ကားများမောင်းရန်

➤ (ယဉ်ကျွမ်းပြီး ဆက်ဆံရေးကောင်းမွန်ရမည်။)

ဦးဝင်းသော်အောင်နှင့် အများသိစေရန်

Asia Pacific Canter For Enterprise Co., Ltd

အများပြည်သူသိရှိစေရန် ကြော်ငြာခြင်း

Phone - 0973099026, 0973000531, 09968245586, 09968245587.

ဥတုရာသီ တောကိုမှီ၏

- ၂၁ ရာစု၏ သတင်းအချက်အလက်နှင့် နည်းပညာတော်လှန်ရေးကြီး၏ အခင်းအကျင်းတွေနဲ့ ကမ္ဘာပြားပြီ…
- တပ်မတော်ဆဲကအရေကိုတစ်ဦး၊ တက္ကသိုလ်ကျောင်းသားတစ်ဦး၊ ပါတီနိုင်ငံရေးလောကသားတစ်ဦး၊ နှစ်ဦးတိတ္ထင်ချင်သော ဘက်စုံက သဘောတစ်ယောက်၊ ဘယ်သူ့ဖတ်ဖတ် နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး အကျုံးဝင်ရာ ပြဿနာများ…
- ၂၀၀၆ ခုနှစ် အမျိုးသားစာပေဆု (ဘာသာပြန် သုတ) ရရှိခဲ့သော စာအုပ်ကို ပ-၃-တ ၃ ထုံပေါင်းပြီး ကမ္ဘာပြားကြောင်းကို ထုတ်ဝေသော ခေတ်ပြိုင် ဘောဂဗေဒပညာရှင်တွေ၏ စာတမ်း ၄ စောင်ကို ထပ်မံဖြည့်စွက်ထားသည်။ သို့အတွက် စာဖတ်သူတွေ အဖို့ ဦးနှောက်ဖုန်တိုင်းဆင်ရာတွေ ရှိမှ တွေ့လာရမည်ဖြစ်ပါကြောင်း…

## ကမ္ဘာပြားပြီ

(နှစ်ဆယ့်တစ်ရာစု သမိုင်းအကျဉ်း)

ကျော်ဝင်း ဘာသာပြန်သည်။ (ဒုတိယအကြိမ် ဖြည့်စွက်ထုတ်ဝေခြင်း)

WORLD IS FLAT *(A brief History of The Tweety First Century)* By THOMAS L. FRIED MAN

ဘာသာပြန်သူ ဆရာကျော်ဝင်း၏ လက်မှတ်နှင့်အတူ အိမ်အရောက် မှာယူလိုသူများ ဖေ့စ်ဘွတ်ပေါ်တွင်များသို့ ဆက်သွယ်မှာယူပါက စာတိုက်မှ ပို့ဆောင်ပေးပါမည်။ ပို့ခ ၁၀၀၀ ကျပ်။

ရန်ကုန်မြို့နှင့် မြန်မာတစ်ပြည်လုံးရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။ တန်ဖိုး - ၁၀၀၀၀ ကျပ်

ဖြန့်ချိရေး - လွင်ဦးစာပေ (လှည်းတန်း)

အမှတ် ၁၆ (ဇေ)၊ လှည်းတန်း ၂ လမ်း၊ (လှည်းတန်းဈေးအနီး)၊

အမှတ် (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၁၂၈၀၁၅၀၊ ၀၉ ၃၁၀၂၆၆၂၃

FAME LADYMAX™

Breast Beauty Cream

ရင်သားပြည့်ဖြိုး အလှတိုးစေရန်…




Ph: 09-965 559 860, 09 731 422 16

## Great One Mart ကုန်အမှတ်တံဆိပ်နှင့်ဝတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

Great One Mart

စာချုပ်မှတ်ပုံတင်အမှတ်- ၈၁၄၉ (၂၆-၇-၂၀၁၇)

ကြော်ငြာသူ -

ဦးစိန်မင်း A.G.T.I (M.T), LL.B (စဉ်-၅၀၆၆)

တရားလွှတ်တော်ရှေ့နေ

# 4TV ၏ တစ်ပတ်စာ ကြည့်ရှုရာ အစီအစဉ်ကောင်းများ

**(၃၀ - ၁၂ - ၂၀၁၇ မှ ၅ - ၁ - ၂၀၁၈ အထိ)**

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ် ထုတ်ဝေသည်။

4TV Vol.2 No-51

4TV HD Receiver ကို ဝယ်ယူတပ်ဆင်လိုပါက 01-230 6166 ကို ဖုန်းဆက် ဆက်သွယ်နိုင်ပါသည်
01-230 6166






## MRTV-4
## ရင်ခုန်သံထပ်တူ
**8:00 PM ,1.1.18 (Everyday)**

[illegible]




[illegible]







## MRTV-4 လျှောကာင်းလှုဆိုး
**6:05 PM ,29.12.17 (Everyday)**

[illegible]








5 ကာတွန်း **Brave** 9:00 PM, 4.1.18 (Thu)



5 SERIES **ဝတားများရဲ့ ရင်ခုန်သံ** 7:45 PM ,31.12.17 (Sun)



5 SPECIAL **မက်ဟပ်တန်အရှုပ်တော်ပုံ အတွဲ(၅)** 8:00 PM, (Mon to Fri) 2-Jan-18



5 MOVIES **Sector** 7:55 PM, 30-Dec-17 (Sat)

Merry Christmas & Happy New Year!

All Branches

Up To 50%

16.12.2017 ~ 4.1.2018

YY Kids | Forever | HORN Fashions | BABY House | SOLO Collection | b'coz | OM | Style Kids | Sweetie kids | Pu Pu Kids Fashion
TODAY | i-MAX | SHOE GALLERY | KS Collection | VANSON | PERSONA | T-Zar | HEINH | UNIQUE
TRI | TRUE | PWINTOO | ရွှေနဒီ | ZEAL | 1st GENERATION | Fashion Idol | limelight | Forever Store | YUKI
KOOL | Q.C | Kiddo | PTK | CALDE CLUB | TEN | kidsplanet | About-U | MT Collection | FOLLOW ME

( ၂၃–၁၂–၂၀၁၇ ) မှ (၄–၁–၂၀၁၈) အထိ ... (ကျွန်းသာ)၊ (ဘိုကလေးဈေး) နှင့် (စံရိပ်ငြိမ်) တို့တွင် ကျင်းပပါမည်။

# ကိုမျိုးမင်း

LCD, PLASMA, LED အထူးပြုပြင်ရေး

LCD, PANELS များ ...

LCD, LED, PANLELS နှင့် 32" များ

...

# ရွှေယုန်မင်း

# ဥဘဲမည် (OR) အကျိုးတူပူးပေါင်းလုပ်ကိုင်မည်

မြို့ကျယ်ကြီးတစ်ခုတွင်

A. 60 ပေ × 60 ပေ ...

B. 60 ပေ × 100 ပေ ...

D. 40 ပေ × 80 ပေ ... Steel Structure ...

F. 40 ပေ × 66 ပေ ... Steel Structure ...

ရုံးခန်း KTV စားသောက်ဆိုင် စသော လုပ်ငန်းစုံ လုပ်နိုင်သည်။

...

ဆက်သွယ်ရန်ဖုန်းနံပါတ် - 09 - 5083315

(တရုတ်/မြန်မာ ဘာသာဖြင့် ဆွေးနွေးနိုင်ပါသည်။)

"ရွှေရည်"

အိမ်ပြောင်း၊ အိမ်ရွှေ့ ...

လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

09-73122029, 09-795669534

GW 0973220006 0973133528 0973077569

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

...

09401505559

ဦးကြည်ညိုမိုးခေါင်း M.A. Teaching of English as a Foreign Language
Dip. English Language Teaching Methodology
(...)

**Must ENGLISH LANGUAGE CENTRE**

- M.Med. Sc Entrance for Medical Doctors and other Health Professionals
- IELTS PREPARATION COURSE

* IELTS Speaking Test အတွက် ... Native Speaker တစ်ဦးမှ ...
* သင်တန်းအားလုံးကို 6th January, 2018 (Sat) တွင်စတင်ပါမည်။

English is a Must for everyone. Must is a Must for the learners of English.

32 A (ဒုတိယထပ်) ... ရန်ကုန်မြို့
Ph : 09 5043424, 09 73152995, 09 73099562

SEVEN ...

အိမ်ခြံမြေများ ရောင်းလိုပါသလား ?

"ပွဲခ လုံးဝ မယူပါ"

09-33 333 511
09-33 333 514
09-33 333 644

# အိမ်နှင့်ခြံရောင်းမည်

၁။ အင်းစိန်ဈေးအနီး၊ နှစ်(၆၀)ဂရန်မြေ (60'x70')၊ ဂိုဒေါင်၊ (30'x55')၊ တစ်ထပ်ပျဉ်ထောင်၊ ရေမီး (အိမ်သုံးနှင့်ပါဝါ)

၂။ ရွှေပေါက်ကံ (ဗိုလ်တေဇလမ်းမတန်း)၊ ယခင်ကျောက်လမ်း၊ နှစ်(၆၀)ဂရန်မြေ ပေ(၄၀×၆၀)၊ 1RC ရေ၊ မီး

HP;09-263406665

...

ဦးတင်မောင်သိန်း ... ဒေါ်ယဉ်ယဉ်အောင် ...
B.A, RL, D.B.L, D.I.L  LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ချမ်းမြေ့နှင်း ( LL.B )
...

# "ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ ကျောင်းလမ်း အမှတ်-( ၃၅ )တွင် နေထိုင်သူ **ဒေါ်မြမြသွယ်** ( ၁၂/အလန (နိုင်) ၀၁၆၄၈၈ )သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတစ်ဦးတည်းပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

ABC

( IV- ၃၄၁၂/၂၀၁၅ )

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော " ABC " ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ **ဒေါ်မြမြသွယ်**သည် " Baby Wipes & Family Wipes " တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှား တုပပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

ဦးသွင်ဇာနည်ဦး(အထက်တန်းရှေ့နေ) (စဉ်-၄၈၄၇၄)    ဦးအီနစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)

အမှတ်-(၁၇၆) ပထမထပ် ... ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၃၉၃၂၈၈ ၃၉၃၂၈၅၊ ၂၉၈၀၇၂

တာဝတိံသာ

အိမ်ပြောင်း အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

...

09-32152526
09-421024222
09-31483218
09-49344288

ဆောင်ချမ်းသာ

အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

... DYNA 14',16' ...

09 43182828
09 73140091
09 5037847

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

...

make your innovation
G•BOND
ALUMINIUM COMPOSITE PANEL
ISO 9001: 2008, ISO 14001 : 2004, OHSAS 18001
NO.1 BEST SELLING BRAND IN MYANMAR

အကောင်းဆုံး အရည်အသွေး နှင့် အရောင်အစုံလင်ဆုံး အလူမီနီယံ ရောင်စုံပြားများ
PVDF Coated
09-50 19019
09-51 42428
KING METAL TRADING COMPANY LIMITED.
facebook.com/KingMetal Aluminium Supply

SNN
ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်
ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
Happy New Year Promotion အထူးအစီအစဉ် (1.1.2018 မှ 31.3.2018)
Customer များကို
PH: ၀၉-၇၇၇၃၀၀၂၆၉၇၊ ၀၉-၂၅၇၂၀၀၀၀၂

2018
New Year
PARTY
Need Fair
တစ်ခု မှ တစ်ခု
Buy - 1
Get - 1
Slected Item
Buy 20,000Ks Purchase
Sein Gay Har
December 30 & 31
Hotpotနှင့် BBQ အကင်များပြုလုပ်ရန်လိုအပ်သော
အချောင်းအသားလုံးနှင့်တွဲဖက်သောက်သုံးရန်
လိုအပ်သောအချိုရည်မျိုးစုံကို
အထူးသက်သာစွာရောင်းချပေးမည့်ဈေးရောင်းပွဲတော်
No.44, Pyay Road, Dagon Township.

ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်
Since 2001
နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ
Rain Flower
5 Year Warranty



ချောင်းသာယာ အပျော်စီးသင်္ဘော
ချောင်းသာယာဆိပ်ကမ်း (ဥတ္တိတ်ဘားထိပ်)။ ချောင်းသာကမ်းခြေ
ဆက်သွယ်ရန်-09 452 955 661 မှ (5) အထိ။

**တစ်ဦးတည်းဖြစ်ပါကြောင်း**
အမက ရေကဒ်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော ကွန်မ ဒေါ်ခင်ခင်အေး၏ ဖခင်အမည်မှာ ဦးကျင်ရှိန်နှင့် ဦးကြင်ရှိန် [၁၂/ရကန(နိုင်) ၀၇၅၇၉၄]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

Beauty Salon နှင့် KTV
တွင် တာဝန်ထမ်းဆောင်ရန်
အမျိုးသမီး ဝန်ထမ်းများ
အမြန်အလိုရှိသည်။
09 952225350

**ရောင်းမည်**
STAR CITY ကွန်ဒို
Thanlyin Zone-B,
2 BED ROOM
Ph:09-2005567
(ကြော်ငြာမလိုပါ)

နန်းထိုက်အောင်
09 3128 2593
09 3128 2594
09 3128 2595



JEWEL HOTEL
Ph:01 549345, 541503, 541051 FAX:543174

Bye Bye 2017

LOCK & LOCK

30/31 December, 2017 (Saturday, Sunday)

1.Ocean Supercenter (Shwe Gone Daine)
No.148/150/151, Shwe Gone Daine Road, Bahan Township, Yangon.

2. Ocean Supercenter (73)
73th Street Br (OC 73), Building 2, 73 Road, Between Thazin & Ngu Shwe Wah Street, Mingalar Mandalay Compound, Chan Mya Thar Si Township, Mandalay.

3.Ocean Supercenter (Ottara Thiri)
No.9-A, Room-303, Commercial Complex, Corner of Zaya Hta Ni Road & Mandalay Road, Nay Pyi Taw.

4.Ocean Supercenter (Mawlamyine)
Than Lwin Garden, Between Thein Gone Street and Tanin Thar Yee Street, * Upper Mawlamyine Road, Bo Gone Quarter, Mawlamyine.

UP TO 50% Discount



နှစ်သစ်ကူးမှာ ရွှင်လန်းချမ်းမြေ့ကြပါစေ
ဆုမွန်ကောင်းဖြင့် ပိုင်ဖရှန်
အားဆေး
ငွေရတုတိုင်ခဲ့ပြီ
၂၅
Since 1992
Viferron®



GDBM
BBA, EMBA, MBA
Graduate Diploma in Business Management
MIE နှင့် AeU Dual Awards
GDBM
09254045682 / 09972656540 / 01667009

ငှားမည်
1 ကွက် ကျပ်သိန်း - 2500
ဆက်သွယ်ရန်ဖုန်း - 09-5131294,09-2000866
(40'x60') 2 ကွက်

**မိဘအမည်မှန်**

မိုင်းရှူးမြို့နယ်၊ အထက ဝမ်ကန်၊ ပဥ္စမတန်း ကျောင်းသားမောင်ကျော်ဆန်းဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းနှင့် မိခင်အမည်မှန်မှာ ဒေါ်စန်းစန်း ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဆန်းဝင်း-ဒေါ်စန်းစန်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ တွံတေးလမ်း၊ အိမ်အမှတ်(၄၂၃)တွင် နေထိုင်သော(ဘ) ဦးမောင်မောင်မြင့်၏ သမီးမဆုချောချစ်(ခ)မစုရတနာချောချစ်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးနုင်းဦး(တာဝယ်)
ထိပ်တန်း
အခြေခံ စက်ပြင်ယာဉ်မောင်းသင်တန်း
Manual/Auto

English Language Centre
RESEARCHERS
Foundation & Speaking Course

| Start Date | Class | Time | Duration |
|---|---|---|---|
| 6.1.2018 | Morning Sat, Sun | (8:30 to 11:30)am | 6 months |
| 5.1.2018 | Evening Fri, Sat, Sun | (6:00 to 8:00)pm | |

BIO U THAN LINN
BIOLOGY
Grade - 10
Chapter - 6,7,10,12
Summer Class
Ph : 09 73005991
09 443005991
09 773005991



အာယုဖြင့်၏
စကြာမင်း
အမှတ်တံဆိပ်
သကြားနီ အသည်းဆေး
(Anti-oxidant property)
TMR 013845(1020)

Since 1986
KMD Institute

အလုပ်ရှာဖွေလိုသူများအတွက် KMD တွင်
သင်တန်းတက်ရောက်ပြီးလုပ်ငန်းခွင်သို့ဝင်ရောက်နိုင်ပါသည်။

လုပ်ငန်းခွင်သုံး ကွန်ပျူတာသင်တန်းများ

- i-Office 2016
- i-Office 2016 (Advance)
- Layout Design Course
- Graphic Design Course
- Effective Presentation with PowerPoint
- Computerized Accounting (MYOB)
- LCCI Level I, II, III(Book Keeping & Accounting)
- AutoCAD 2014
- 3D Max Engineering
- Revit Architecture
- Excel in Business Application
- Excel Functions and Formulas
- Computer for Kids



Hotline:
09 262600450
ISO
www.facebook.com/kmdedu.mm

# ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းနှင့်အတူ အလိုအလျောက်စနစ်သုံး ဂိတ်များ အသုံးပြုမည်



**ရန်ကုန် ဒီဇင်ဘာ ၂၉**

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုများ စတင်ဆောင်ရွက်နေခြင်းနှင့်အတူ ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက် ရထားလမ်းနှင့် ကားလမ်းဆုံရာ တရားဝင်ဖြတ်ကူးဂိတ်များတွင် အလိုအလျောက်စနစ်သုံး Automatic Level Crossing Gate များ အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ဂျပန်နိုင်ငံအစိုးရ၏ ကူညီထောက်ပံ့မှုနှင့်အတူ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် မြန်မာ့မီးရထားတို့ ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုတွင် မြို့ပတ်ရထားများ၏ သွားလာမှုနှုန်း ပိုမိုမြန်ဆန်လာမည့်အပြင် ရထားအစင်းရေတိုးမြှင့်ပြေးဆွဲလာနိုင်မည်ဖြစ်ပြီး ရထားလမ်းနှင့် ကားလမ်းဆုံရာ တရားဝင်ဖြတ်ကူးခွင့်ပြုထားသည့် ဂိတ်တံခါးများ၏ လုံခြုံစိတ်ချရမှုများသည်လည်း အရေးပါလာမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ယင်းကြောင့် အဆိုပါ တရားဝင် ဖြတ်ကူးခွင့်ပြုထားသော ရထားလမ်းဆုံဂိတ်တံခါးများအနက် ဂိတ်တံခါး ၂၅ ခုတွင် လူအင်အားသုံးကာ အဖွင့်အပိတ်လုပ်နေသည့်စနစ်မှ အလိုအလျောက်စနစ်သုံး ဂျပန်နည်းပညာ ဂိတ်တံခါးများ အသုံးပြုမှုသည်လည်း ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုတွင် ပါဝင်သော လုပ်ငန်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဂျပန်အစိုးရရဲ့ ကူညီထောက်ပံ့မှုနဲ့ ဆောင်ရွက်နေတဲ့ စီမံကိန်းကြီးမှာ အချက်ပြစနစ်အဆင့်မြှင့်တင်ခြင်းတွေပါမယ်၊ ခေတ်မီတွဲဆိုင်းတွေ ဝယ်ယူတာတွေပါမယ်၊ မြို့ပတ်ရထားစီမံကိန်း အဆင့်မြှင့်တင်မှုမှာ မြို့ပတ်ရထားခရီးစဉ်တစ်လျှောက် အသွားအလာများတဲ့နေရာတွေမှာ အော်တိုစနစ် ဂိတ်တံခါးတွေဖြစ်လာမှာပါ၊ ဒါတွေဟာ ၂၀၂၂ အထိ လျာထားတဲ့စီမံကိန်းမှာ ပါသွားမှာဖြစ်ပါတယ်၊ အော်တိုစနစ် ဂိတ်တံခါးတွေဟာ ကုန်ကျစရိတ်ကလည်း အင်မတန်ကြီးမြင့်ပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ○**

# အာဆီယံပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးအသင်း အချိန်ယူပြင်ဆင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၁၈ ခုနှစ်တွင် အာဆီယံအမျိုးသမီးပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံပြိုင်ပွဲတွင် တစ်ကျော့ပြန်အောင်မြင်မှုရရန်၊ အာရှအားကစားပြိုင်ပွဲတွင် ခြေစွမ်းအဆင့်မီစွာယှဉ်ပြိုင်နိုင်ရန် ဂျပန်နည်းပြခန့်အပ်၍ အချိန်ယူ ပြင်ဆင်မည်ဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းသည် လာမည့်နှစ်တွင် ဇွန် ၂၁ ရက်မှ ဇူလိုင် ၄ ရက်အထိ ကျင်းပမည့် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲ၊ ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲနှစ်ခုစလုံးကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ခန့်အပ်မည့်

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❋**



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာအမျိုးသမီးအသင်း။

## KBZ Bank Women's League ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် YREO အသင်း သရေကျ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁)တတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် YREO အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

အား/ကာသိပ္ပံအသင်းနှင့် YREO အသင်းသည် လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားသောကြောင့် ပွဲစကတည်းက အားကုန်ထုတ်ကစားခဲ့ပြီး အပြန်အလှန်ရှိခဲ့သည်။ သို့သော် ရရှိသည့်အခွင့်အရေးများကို အသုံးချနိုင်ခြင်းမရှိဘဲ အဆုံးသတ်အားနည်းခဲ့၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၁) နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂန္ဓမာအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**





မန်တုံမြို့နယ်အတွင်းမှ စပါးခင်းများ။ ဓာတ်ပုံ - JDK

# ရှမ်းမိုး ရှမ်းမြေ ရှမ်းစိုက်ခင်း

■ မောင်အောင်မွန်

ဧရိယာစတုရန်း ၆၀၁၅၅ မိုင်ကျယ်ပြီး မြို့နယ်ပေါင်း ၅၅ မြို့နယ်၊ ကျေးရွာပေါင်း၁၆၂၉ အုပ်စုဖြင့် ဖွဲ့စည်းထားသော ရှမ်းပြည်နယ်ကား ကျယ်ဝန်းလှသည်။ နေထိုင်ကြသော လူဦးရေ ငါးသန်းရှစ်သိန်းကျော်အနက် အများစုမှာ ရှမ်းဖြစ်သော်လည်း ပအိုဝ်း၊ ပလောင်၊ ဓနု၊ ဝ၊ လားဟူ၊ မူဆေး၊ မိုင်းသား၊ ကယမ်း၊ တောင်ရိုး၊ ကယား၊ လီရှော၊ ကိုးကန့်၊ ယင်းကြား၊ မြောင်ဇီး၊ ဆိုင်နေ၊ ထိုလွိုင်ကော်၊ အင်းသား၊ မော၊ မြန်မာ စသည်ဖြင့် တိုင်းရင်းသားစုံလင်စွာ နေထိုင်ကြသည်။

ရှမ်းပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်၏။

ရှမ်းပြည်နယ်သည် ရာသီဥတု ကောင်းမွန်ခြင်း၊ ရွာသွန်းသော မိုးရေချိန်မျှတခြင်း၊ သဘာဝမြေဩဇာ အမြောက်အမြားရှိခြင်းတို့ကြောင်း စိုက်ပျိုးရေးအလွန်ဖြစ်ထွန်းသည်။ ယနေ့ကမ္ဘာတွင် စားနပ်ရိက္ခာပြဿနာ ဖြစ်နေသည်။ တရိပ်ရိပ်တိုးနေသည့် လူဦးရေကို အစာထုတ်လုပ်ရေးက အမီမလိုက်နိုင်၍ စိုးရိမ်နေကြသည်။

စိုပြည်စိမ်းလန်းသော ရှမ်းပြည်နယ်ကား စိုက်ပျိုးရေး ကောင်းမွန်သည်ထက် ပိုမို ကောင်းမွန်နေသဖြင့် ပြည်ထောင်စုကြီး၏ ထမင်းအိုးတစ်လုံးဟု တင်စားလောက်ပေသည်။

ရှမ်းပြည်နယ်၏ မြေမျက်နှာပြင်ကိုကြည့်ပါ။ ကုန်းမြင့်ဖြစ်နေသည်များကို ကြည့်မလား။ တောင်စောင်း တောင်ကမ်းပါးများ မြင်ချင်သလား။ မြေဩဇာကောင်းသော မြစ်ဝှမ်းများတွင် စိုက်ချင်သလား၊ ရေပြင်ပေါ်မျောနေသော ကျွန်းတွေပေါ် ပျိုးချင်သလား။ အမြင့်အနိမ့်အမျိုးမျိုး၊ အကျဉ်းအကျယ် အထွေထွေ စုံလင်လှပါဘိ။ တစ်နေရာနှင့် တစ်နေရာ၊ တစ်ဒေသနှင့်တစ်ဒေသ မတူကြပါ။ လူမျိုးစု တစ်စုနှင့်တစ်စု စိုက်ပျိုးကြပုံလည်း မတူကြပါ။

သူတို့စိုက်ပျိုးကြပုံများကို လေ့လာကြည့်ကြပါစို့။

ရှမ်းပြည်နယ်တွင် စပါး၊ ဂျုံ၊ ငရုတ်၊ ကြံ၊ ဝါ၊ အာလူး၊ မြေပဲ၊ ပဲပုပ်၊ ပဲယဉ်း၊ ထောပတ်ပဲ၊ မတ်ပဲ၊ ကုလားပဲ၊ ကြက်သွန်ဖြူ၊ ပြောင်းဖူးစသည်တို့ကို စိုက်ပျိုးကြသည်။ အေးမြသော ရာသီဥတုနှင့်လိုက်ဖက်သော လိမ္မော်၊ သစ်တော်၊ မက်မန်း၊ ပန်းသီး၊ စပျစ်သီး စသော ဥယျာဉ်ခြံ သစ်သီးဝလံများလည်း ထွက်သည်။ လက်ဖက်နှင့် ဗာဂျီးနီးယားဆေးတို့ကလည်း ကျော်ကြားလှ၏။ မြစ်ကမ်းနားတစ်ဝိုက် သို့မဟုတ် နုန်းမြေရှိပြီး ရေတင်နိုင်သော ဒေသများတွင် လယ်ယာစိုက်ပျိုးကြသလို ရေမတင်သော တောင်စောင်း၊ တောင်ကမ်းပါးများတွင်လည်း လှေကားထစ်လုပ်၊ မြောင်းများ၊ ဝါးတံလျှောက်များဖြင့် အဆင့်ဆင့်ရေသွင်းပြီး စိုက်ပျိုးကြသည်။

တောင်ပေါ်စပါးအပြင် ခေါင်မိုင်လွေ၊ ခေါင်နွန်၊ ခေါင်ဆန်းဟောင်၊ ခေါင်လိုင်ဟု ရှမ်းဘာသာဖြင့်ခေါ်သော စပါးများ၊ ခေါင်ဆိုင်၊ ခေါင်ကျိန်နှင့် ခေါင်ယောက်ခေါ် ကောက်ညှင်းများကို ပြည်နယ်တစ်ခွင်ရှိ မြေပြန့်၊ မြစ်ဝှမ်း၊ ချိုင့်ဝှမ်း၊ အင်းလေးဒေသတစ်ဝိုက်၊ ဟဲဟိုး၊ အောင်ပန်း၊ သီပေါ၊ ကိုးကန့်၊

အထူးကဏ္ဍ [ ခ ] သို့ »»



ကလောမြို့နယ်မှ လိမ္မော်ခြံတစ်ခြံ။ ဓာတ်ပုံ - www.ourglobaltrek-com

အထူးကဏ္ဍ [ က ] မှ »»
ဆင့်ကိုင်း၊ ကျိုင်းတုံတို့တွင် အနှံ့စိုက်ကြ၏။

သာစွအင်းလေးကိုလည်းကြည့်ပါ။ ဥဇာ၊ ဝီရိယနှင့် ဖွဲ့ရှိသည့်အပြင် ကြံ့ရည်ဖန်ရည်ကလည်း တော်သောကြောင့် အင်းသားတို့အား စီးပွားရေးလာဘ်မြင်သူများဟု တင်စားကြသည်ဆိုလည်း ဆိုလောက်ပေသည်။ အင်းသားတို့ကား မြေကြီးမှရွှေသီးရန် ဖန်တီးနိုင်ရုံမက ရေပြင်မှ မြေအသွင်သို့ ပြောင်းလဲနိုင်စွမ်းသူများတည်း။

တောင်တန်းကြီးများအကြားတွင် ၁၂ မိုင်ရှည်၍ လေးမိုင်ကျယ်သော အင်းလေးကန်ကြီးရှိ၏။ မှိုင်းညို့ညို့ တောင်ပြာတန်းကြီးများ၊ စိမ်းစိုစို ထင်းရှူးတောအုပ်ကြီးများ၊ ပြာလဲ့လဲ့ ရေပြင်၊ ချမ်းမြမြရာသီဥတုတို့က အင်းလေး၏အလှကို ပိုမိုသာယာစေသည်။

စိမ့်၊ စမ်း၊ ချောင်း၊ မြစ်များစွာတို့သည် အင်းလေးကန်တွင်းသို့ စီးဝင်ကြသည်။ ပတ်ဝန်းကျင် တောတောင်များကို ဖြတ်ကျော်တိုက်စားလာရသောကြောင့် အမှိုက်များ၊ ဒိုက်များ ပါလာကြ၏။ ယင်းတို့ကို အင်းသားတို့က နေစရာမှီတွယ်စရာ မြေများ၊ စိုက်ပျိုးရန်မြေသြဇာများအဖြစ် သုံးကြ၏။ ထို့ပြင် အင်းလေးကန်ပတ်လည်တွင် ရေဝင်ညွန်နုန်းမြေကွက်များရှိသောကြောင့်လည်း လယ်ယာစိုက်ပျိုးနိုင်ကြသည်။

တန်ခူး၊ ကဆုန်မှာ ထွန်ယက်၊ တန်ဆောင်မုန်းတွင် ရိတ်သိမ်းလေ့ရှိသော အင်းသားတို့၏ လင်ပန်းရှောနှင့် ကောက်လျှဉ်တို့ကား အကောင်းဆုံးစပါးများတည်း။ ကျွဲကိုပင် အသုံးပြုကြသည်။ ကျွန်းမျောစိုက်ပျိုးနည်းနှင့် မြေဖို့ စိုက်ပျိုးနည်းဟူ၍ ရှိ၏။

အင်းလေးကန်တွင်း စုန်ဆန်မျောနေသော ရေပေါ်ကျွန်းခေါ် မြေခဲများကို စုပေါင်းယူ၊ ရေထဲမျောပါမသွားအောင် ဝါးစည်းများဖြင့် တုပ်နှောင်ပြီး ကျွန်းမျောနည်းဖြင့် စိုက်ပျိုးကြရသည်။ ရေခြံလုပ်ငန်းဟုလည်း လူသိများ၏။

ကျွန်းမျောများကို ရေအောက်မြေရောက်သည့်တိုင် တစ်ခုပေါ်တစ်ခု ထပ်ဆင့်ဖိချ၊ အပေါ်ကနေ အဆင့်ဆင့်ဖို့၊ ကျွန်းမျောများ ရေထဲမျောမသွားစေရန် ကျွန်းမြေပတ်ဝန်းကျင်တွင် သံဒင်များဖြင့် ပေါင်ခတ်၊ စူးများ ဝါးများဖြင့် ထိုးရိုက် စသည်ဖြင့် ကြိုးစားလုပ်ကိုင်သောအခါ ကျွန်းမျောများသည် ကျွန်းမြေများ ဖြစ်လာတော့သည်။

မြေများကို ဆွပေး၊ ရေမှော်ပင် နွားချေးတို့နှင့် မြေသြဇာကောင်းမွန်အောင် ပြုပြင်စိုက်ပျိုးသည်ကို မြေဖို့စိုက်နည်းဟု ခေါ်၏။

လယ်ယာစိုက်ပျိုးရေးအတွက် ခေတ်မီစက်အမျိုးမျိုးတီထွင်နိုင်ကြသော်လည်း ကျွန်းမြေများပေါ် မသုံးနိုင်သေးချေ။

ရှမ်းပြည်နယ်တွင် လုပ်ကိုင်စားသောက်နေထိုင်ကြသည့် တိုင်းရင်းသားများအနက် အတွင်ကျယ်ဆုံး အဖွံ့ဖြိုးဆုံးစာရင်းထဲ ပါဝင်သော ပအိုဝ်းတို့သည်လည်း စိုက်ပျိုးရေးကိုပင် အဓိကထား၏။ ပလောင်များကိုကြည့်ပါကလည်း စိုက်ပျိုးရေးက ထိပ်ဆုံးဖြစ်သည်။ ဝအမျိုးသားတို့ လုပ်ကိုင်စားသောက်ပုံကို ကြည့်သည်ဖြစ်စေ၊ ကိုးကန့်တို့၏ အသက်မွေးဝမ်းကျောင်းပုံကို လေ့လာသည်ဖြစ်စေ၊ တိယန်တို့၏ စီးပွားရေးကို သုံးသပ်သည်ဖြစ်စေ အဓိကမှာ လယ်ယာစိုက်ပျိုးရေးပင် ဖြစ်သတည်း။

လားဟူအမျိုးသားတို့မှာ သီးထပ်သီးညှပ်မရှိဘဲ တစ်သီးစားသာ စိုက်ပျိုးခြင်းနှင့် ခနဲတို့သည် မိုးကောင်းလယ်များနှင့် မိုးရေကျလယ်များမှာ စပါးစိုက်ခြင်းတို့လောက်သာ ကွာခြား၏။ မြောင်ဇီးတို့က စိုက်ပျိုးကြ၊ ကော်တို့ကလည်း လယ်ယာကိုသာ အားကိုးကြသည်။

စုပေါင်းလုပ်ကိုင်ကြသည့်နေရာတွင်လည်း တူညီကြ၏။ လယ်ရေသွင်းယူရန် မြစ်များ၊ ချောင်းများမှ ရေကို အတူတကွယူသုံးကြ၊ တောင်သူလယ်သမားအားလုံး စုပေါင်းပြီး သစ်သားတိုင်၊ ဝါးလုံးကြီးများဖြင့် ဆည်ပြုလုပ်ကြ၊ ရေအင်အားနည်းသော်လည်း အလှည့်ကျစနစ်ကျစွာ ခွဲဝေယူကြပုံများမှာ အားရစရာပင်။

ယနေ့ ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးကား များစွာတိုးတက်နေပြီ။ သီးနှံမျိုးစုံစိုက်ပျိုးမှုများပြားလာလေပြီ။ ပြည်နယ် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရန် အဘက်ဘက်က တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိရာ ဆည်မြောင်းကြီး များစွာရှိနေလေပြီ။

ဟဲဟိုးချိုင့်ဝှမ်းဆည်မြောင်း၊ ဘန်းယဉ်ဆည်မြောင်း၊ နန်းကပ်ဆည်၊ နန်းခွပ်ဆည်၊ မိုင်းပါလျှိုဆည်၊ နန်းရေလွှဲဆည်၊ မိုင်းဆတ်ချိုင့်ဝှမ်းဆည်၊ မိုင်းလွီရေလွှဲဆည်၊ မိုင်းလုံဆည်တို့မှ လယ်ယာစိုက်ဧက နှစ်သောင်းကျော်တို့သို့ ရေများဖြန့်ဝေပေးလျက်ရှိနေပြီ။

ရှေးယခင်နှင့် ယခု နှိုင်းယှဉ်၍သာ ခန့်မှန်းကြည့်ပါတော့။

ရှမ်းအမျိုးသားတို့၏ စိုက်ပျိုးရေးမှ စိတ်ဝင်စားစရာကောင်းသော နောက်တစ်ချက်မှာ လယ်စထွန်သော နေ့၊ လ၊ ရက်တို့၊ ပျိုးကျဲသော နေ့၊ လ၊ ရက်တို့ကို မှတ်သားခြင်းပင်ဖြစ်သည်။ အချိန်ပြည့်မပြည့် သိရန်တည်း။ ဥပမာ၊ ပျိုးထောင်သက်သည် ၄၅ ရက်မှသည် ရက် ၅၀ အထိရှိရမည်မို့ ရက်မှတ်သားထားပါက အလွယ်တကူ တွက်နိုင်သည်။

ကောက်စိုက်ပြီးသည့်နောက် လယ်ထဲယာထဲ ကျွဲ၊ နွားတို့ ဝင်ရောက်မနှောင့်ယှက်နိုင်စေရန် အချို့နေရာများတွင် ဝါးများဖြင့်၊ အချို့နေရာများတွင် ရှားစောင်းပင်၊ ကြက်လျှာပင် စိုက်ခြင်းဖြင့် ခြံစည်းရိုးခတ် ကာကွယ်ကြသည်။

ရိတ်ပြီးသောကောက်ပင်များ သိမ်းပုံကလည်း စနစ်ကျလှပါဘိ။

ရေမဝပ်နိုင်သော၊ ခြောက်သွေ့သော ကုန်းကမူကို ရွေးရသည်။ စပါးနှံများကို အတွင်းဘက်လှည့်ထားပြီး တစ်ဆင့်ပြီးတစ်ဆင့် ဝိုင်းစည်းသွားပါက အထက်အမြင့်ဆုံးနေရာတွင် ထိပ်ချွန်ဖြစ်နေတော့သည်။ မိုးရွာသည့်တိုင် အတွင်းမှစပါးများရေမစိုဘဲ မိုးရေများဘေးသို့ လျှောကျသွားစေသည့်နည်းဖြစ်၏။

တလင်းနယ်သည့် နေရာတွင်လည်း ကျွဲ၊ နွားများကို အသုံးမပြု၊ ကောက်လှိုင်းအစည်းကို ပြင်ထားသောနေရာတွင် ရိုက်ခါချသည်။ တစ်လံခန့်ရှည်သော ထိပ်ကောက်ဝါးဖြင့် ထပ်ရိုက်ပြီး ကျလာသောစပါးများကို ပုံထားရသည်။ တောင်းတွင်ထည့်ပြီး အပေါ်သို့ လွှင့်တင်လိုက်သောအခါ အမှိုက်သရိုက်များ လွင့်စဉ်ကုန်ကြ၏။

နောက်တစ်နည်းကား အပေါ်သို့လွှင့်တင်လိုက်ပြီး ပြန်ကျလာသည့်စပါးပုံကို ယပ်တောင်များဖြင့် ဝိုင်းခတ်ကြသည့်နည်းဖြစ်သည်။ စပါးဖျင်းစပါးသိမ်များလွင့်ကုန်ပြီး အောင်မြင်သော စပါးများသာ ကျန်ခဲ့စေသည်။

ရှမ်းပြည်နယ်၏ ဧရိယာသုံးပုံနှစ်ပုံကို တောင်တန်းကြီးများက နေရာယူထားသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို တောင်စောင်းများတွင် လှေကားထစ်စိုက်ပျိုးရေးနည်းဖြင့် စိုက်ပျိုးကြရသည်။ လှေကားထစ်နည်းစနစ်ဆိုသည်ကား တောင်စောင်းများတွင် လှေကားထစ် မြေကွက်များ အဆင့်ဆင့်ပြုလုပ်၍ အမြင့်ဆုံးအထစ်မှ ရေသွင်းယူကာ အောက်ဆုံးအထစ်ရောက်အောင် ရေသွယ်ချရသည်။

ယနေ့ ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးကား ခေတ်မီတိုးတက်လာသည်နှင့်အမျှ လယ်ယာကုန်ထုတ်လုပ်မှုသည်လည်း တိုးတက်နေပြီ။ စပါးအထွက်၊ ဂျုံအထွက်၊ မြေပဲအထွက် နှမ်းအထွက်ကိုကြည့်လျှင် အားရစရာကောင်းလိုက်ပါဘိ။

တစ်ဖန် ဗာဂျီးနီးယားဆေးအထွက်ကလည်း တိုးတက်နေသည်။

တောင်ပေါ်ဒေသ၏ ရာသီဥတုနှင့် ပထဝီဝင်အနေအထားအရ ဘိန်းစိုက်ပျိုးကြသည်ကိုလည်း တွေ့ရ၏။ ဘိန်းသည် တစ်မျိုးသားလုံးအား လူညွန့်တုံးစေသည့် မူးယစ်ဆေးဝါးပင်ဖြစ်သောကြောင့် အမျိုးသားရေးအမြင်ဖြင့် စည်းရုံးဖျက်သိမ်းလျက်ရှိသည်။

ဖျက်ဆီးခဲ့သော ဘိန်းခင်းများနေရာတွင် စပါး၊ ပြောင်း၊ ပဲပုပ်၊ နေကြာ၊ အာလူး၊ လက်ဖက်၊ ကော်ဖီ၊ သစ်တော်၊ မက်မန်း၊ ထောပတ် စသောသီးနှံများဖြင့် အစားထိုးစိုက်ပျိုးကြစေသည်။ သင်တန်းများပို့ချပေးပြီး မျိုးစေ့မျိုးပင်၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့်လယ်ယာသုံးပစ္စည်းများလည်း ထောက်ပံ့ပေးနေသည်။

စီမံချက်များချမှတ်၍ စည်းရုံးဆောင်ရွက်သောကြောင့်လည်း လူသားမျိုးနွယ်ကို ဖျက်ဆီးနေသော မူးယစ်ဆေးဝါးထုတ်လုပ်ရာ ပင်ရင်းအခြေအမြစ်ဖြစ်သည့် ဘိန်းခင်းများ ဖျက်ဆီးရာတွင် ဒေသခံပြည်သူတို့ ပါဝင်လာကြခြင်းဖြစ်သည်။

ယခုအခါ ဘိန်းအစားထိုး စိုက်ပျိုးကြသော ဧရိယာကျယ်ဝန်းလာလေပြီ။ အစားထိုးကောက်ပဲသီးနှံတို့ စုံလင်သည်ထက် ပိုမိုစုံလင်လာလေပြီ။

ရှမ်းပြည်နယ်၏ စိုက်ပျိုးကွင်းများကို စိတ်ကူးကြည့်ကာမျှနှင့် အလွန်မျက်စိအေးစေသည့် ပန်းချီကားချပ်ကြီးတစ်ချပ်ကို တွေ့မြင်ရပေမည်။ စပါးခင်းများ၊ ကြက်သွန်ဖြူခင်းများ၊ လိမ္မော်ခြံများ၊ လက်ဖက်ခင်းများ၊ မက်မန်းပင်များ စသည်ဖြင့် မကုန်နိုင်၊ မဆုံးနိုင်။

ကလောမြို့နယ်၏ အာလူးအထွက်တိုးစီမံကိန်းကိုလည်း ကြားဖူးကြပေလိမ့်မည်။ အထွက်ကောင်းစေရန် နည်းလမ်းသစ်များ ဖြန့်ဖြူးသည်။ လိုအပ်သောပစ္စည်းများ ပေးသည်။ အထွက်တိုးနေသည်ကို စာရင်းဇယားများနှင့် အတိအကျပြသ၏။

ရှမ်းပြည်နယ်ကား မြေကလည်း ကျယ်ပါဘိ။ ရာသီဥတုကလည်း ကောင်းပါဘိ။ နေထိုင်ကြသူများကလည်း စိုက်ပျိုးရေးကို ခုံမင်ကြပါဘိ။

ယခုအခါ မျိုးကောင်းမျိုးသန့်ကိုစိုက်၊ အစွမ်းထက် ဓာတ်မြေသြဇာကိုထည့်၊ ခေတ်မီစက်ကိရိယာကိုသုံး၊ သိပ္ပံနည်းကျသော အထွက်တိုးစနစ်ကိုယူသဖြင့် စိုက်ပျိုးရေးတိုးတက်မှုသည် ပေ ၅၀၀၀ ကျော်မှ ပေ ၇၀၀၀ ကျော်အထိ မြင့်မားသော ရှမ်းတောင်တန်းကြီးများကိုပင် ကျော်လွှန်နေချင်ပြီ။

■■■


အင်းလေးကန်အတွင်းမှ ကျွန်းမျောစိုက်ခင်း။ ဓာတ်ပုံ - အင်တာနက်


ကလောမြို့နယ်အတွင်းမှ လက်ဖက်စိုက်ခင်း။ ဓာတ်ပုံ - www.ourglobaltrek.com

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို **mirrormyosathit@gmail.com** သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]



# အာခါတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျိုင်းတုံ ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ (၄၃)ကြိမ်မြောက် အာခါတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက်က အာခါတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး၊ ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံနှင့် အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးက စုပေါင်းနှစ်သစ်ကူးပွဲတော် မိန့်ခွန်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံက (၄၃) ကြိမ်မြောက် အာခါတိုင်းရင်းသားစုပေါင်းနှစ်သစ်ကူးပွဲတော်သို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံမှပေးပို့သော သဝဏ်လွှာကိုဖတ်ကြားပြီး အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအာဗေလှက ဗမာဘာသာဖြင့်လည်းကောင်း၊ အာခါတိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပရေး နာယက ဦးမင်းညိုက အာခါဘာသာဖြင့်လည်းကောင်း စုပေါင်းနှစ်သစ်ကူးပွဲတော် နှုတ်ခွန်းဆက်စကားကို ပြောကြားပြီးနောက် စုပေါင်းနှစ်သစ်ကူးပွဲတော် အလှူငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ (၄၃) ကြိမ်မြောက် အာခါတိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်



ဖူဆယ်ဖလားဘောလုံးပြိုင်ပွဲ ဆုရအသင်းအား ဆုများချီးမြှင့်ခြင်း၊ အာခါတိုင်းရင်းသား လူငယ်မောင်မယ်များက နှစ်သစ်ကူးတေးသီချင်းနှင့် အာခါတိုင်းရင်းသားများ၏ ရှေးရိုးရာ အဆိုအကနှင့် ခေတ်ပေါ်တိုင်းရင်းသားအက၊ ပဒေသာအကများဖြင့် ဖျော်ဖြေခြင်း၊ အာခါတိုင်းရင်းသားများ၏ ယဉ်ကျေးမှုပြခန်းများ လိုက်လံပြသခြင်း၊ အာခါတိုင်းရင်းသားများ၏ ရိုးရာဟင်းလျာများဖြင့် တည်ခင်းဧည့်ခံခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အာခါတိုင်းရင်းသားများသည် ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာဒေသအလိုက် ကျင်းပခဲ့ရာ ၁၉၇၅ ခုနှစ်တွင် အာခါတိုင်းရင်းသားလူမျိုးစုကို အခြေခံကိုယ်စားပြုသည့် "အာခါတိုင်းရင်းသား စုပေါင်းနှစ်သစ်ကူးပွဲတော်"တစ်နည်းအားဖြင့် "အာခါအမျိုးသားနေ့"ကို နှစ်စဉ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၃) ကြိမ်မြောက် ဖြစ်သည်။

ပွဲတော်သို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးနှင့် စစ်ဘက်ဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီး၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အာခါတိုင်းရင်းသားရိုးရာထိန်းသိမ်းရေးအဖွဲ့ အကြီးအကဲ ဦးမင်းညို၊ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအဖွဲ့များ၊ နိုင်ငံခြားသားလေ့လာသူများ၊ သတင်းမီဒီယာများ စုံလင်စွာတက်ရောက်ကြောင်း သိရသည်။ **၁၁၁**

**အထူးကဏ္ဍ [ ယ ] မှ »»**

ကယန်းအမျိုးသားဝတ်စုံတွင် အကျႌဖြူဘောင်းဘီနက်နှင့် ခေါင်းပေါင်းပေါင်းကြသည်။ ရှေးယခင်က အနက်ရောင်ဆိုးသည့်ဓလေ့ရှိခဲ့သော်လည်း ယခုအခါ ကွယ်ပျောက်သွားပြီဖြစ်ကြောင်း ရှေ့မီနောက်မီ ကယန်းလူကြီးများ၏ ပြောကြားချက်အရ သိရသည်။

ကျွဲ၊ နွား၊ ကြက်၊ ဝက်မွေးမြူခြင်း၊ အမဲလိုက်ခြင်း၊ အဝတ်အထည်ရက်လုပ်ခြင်း၊ ပန်းပဲ၊ ပန်းထိမ်၊ မြေအိုးလုပ်ငန်းများ အစရှိသည်တို့ဖြင့် အသက်မွေးကြသော ကယန်းတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များတွင် တံခွန်တိုင်ပွဲတော်သည် အစည်ကားဆုံးပွဲတော်ကြီးဖြစ်သကဲ့သို့ ယဉ်ကျေးမှုရိုးရာအကများတွင်လည်း ကမ်းခွန်(ခေါ်) တံခွန်အက၊ ဖားစည်အက၊ ဗုံရှည်အက၊ ဝါးညှပ်အက၊ ယွှိုင်းအကတို့အပြင် အထိမ်းအမှတ်ပွဲအလိုက် ရိုးရာအကများလည်း ရှိနေပေသည်။

ကယန်းရိုးရာ တူရိယာပစ္စည်းများတွင် ဖားစည်၊ ပန်(ခေါ်)မောင်းကြီး၊ ထုံ့(ခေါ်)ဗုံတို၊ ဗုံရှည်၊ မန့်(ခေါ်) တွဲပုလွေ၊ ကွိုင်(ခေါ်) ကျွဲချိုခရာ၊ အိုးစည်ဗုံမောင်းနှင့် ဗုံပုလွေတို့ရှိကြသည်။

ရှေးခေတ်ကယန်း(ပဒေါင်)အမျိုးသားများသည် လည်ပင်းကုပ်သားနေရာ၌ လူမျိုးအမှတ်အသား ဆေးမင်ကြောင်ထိုးရကြောင်း သက်ကြီးစကား ကြားသိခဲ့ရသော်လည်း သက်သေပြစရာမရှိတော့ဘဲ နေထွက်စရောင်ခြည်ထိုးနှံ့ခဲ့သည်ဟု ခန့်မှန်းခြင်းသာရှိတော့သည်။ ကယန်းလထာ(ဇယိမ်)တို့သည် မေးရိုးအောက် လည်ပင်းနေရာကို အမှတ်အသားဖြင့် ဆေးမင်ကြောင်ထိုးကြသည်။ ဦးချိုနှစ်ဖက်အောက်ဘက်သို့ ကွေ့ဆင်းသည့် ပုံစံဖြစ်သည်။ အသက်အရွယ်ကြီးလင့်သည့် တစ်ဦး၊ နှစ်ဦးသာ ရှားပါးစွာကျန်ရှိတော့သည်။ သို့သော်ငြားလည်း ဝတ်ဆင်ရန်ခက်ခဲခြင်း၊ တန်ဖိုးကြီးမြင့်ခြင်း၊ သွားလာလှုပ်ရှားရာတွင် အကန့်အသတ်ဖြစ်စေသော ကယန်းတိုင်းရင်းသား လူမျိုးများ၏ ရိုးရာဓလေ့ဆင်ယင်ထုံးဖွဲ့မှု ယဉ်ကျေးမှုများသည် ထိန်းသိမ်းဝတ်ဆင်သူ အလွန်နည်းပါးလာပြီဖြစ်၍ တိုင်းရင်းသားမျိုးနွယ်စုတစ်ခု၏ ပြယုဂ်ဖြစ်သော ယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကော မပပျောက်စေရေး ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် တာဝန်ရှိပါကြောင်း. . .။

# ထားဝယ် ငါးစဉ်းကော

ထားဝယ်ငါးစဉ်းကောထိုးရာတွင် မပါမဖြစ်ပစ္စည်းနှစ်မျိုးမှာ ငါးဇင်းပြားနှင့် ပအုံးရည်တို့ဖြစ်ပါ၏။ ပအုံးရည်ဆိုသည်မှာ ဓနိရည်ကို နှစ်နေပြကာဖောက်ထားသော ထားဝယ်ရိုးရာ အချဉ်ရည်ဖြစ်သည်။ ငါးဇင်းပြားမှာ ပင်လယ်ငါးတစ်မျိုးဖြစ်၍ ထူးခြားချက်မှာ မျက်လုံးအိမ်ကျယ်ပြီး မျက်စိကြီးမားသည်။ အသားမှာချိုပြီး နုသော်လည်း အရိုးငယ်လေးများ အထူးများသည်ဖြစ်ရာ စဉ်းကောထိုးစားမှ အဆင်ပြေသော ငါးမျိုးဖြစ်၏။

စဉ်းကောထိုးမည်ဆိုပါက ငါးဇင်းပြားကိုသန့်စင်ပြီး အသားလွှာရသည်။ ပြီးလျှင်ငါးအသားအတွင်း စိုက်ဝင်နေသော အရိုးငယ်များ ပြတ်တောက်သွားရန် ငါးအသားလွှာကို နုပ်နုပ်ပါအောင် စဉ်းရ၏။ ပြီးက စဉ်းထားသောငါးကို ဆားနှင့်နယ်ပြီး ပအုံးရည်၌ စိမ်ရပါမည်။ ၁၀ မိနစ်ခန့်ထားပါက အရိုးနူးပြီး အသားကျက်သွားပြီဖြစ်၍ အရည်ကိုညှစ်ပစ်ပါ။ ဤသို့ နှစ်ကြိမ်ခန့်စိမ်၍ အရည်ညှစ်ပစ်ပါက ငါးအစိမ်းနံ့ပျောက်ကာ စဉ်းကောထိုးရန် အသင့်ဖြစ်ပါပြီ။ မှျင်ငါးပိနှင့် ငရုတ်စိမ်းတောင့်ကို မီးကင်၍ ညက်ညက်ထောင်း၊ ကြက်သွန်နီပါးပါးလှီးကာ ငရုတ်ကောင်းမှုန့်ဖြူးပြီး သုပ်လိုက်လျှင် ထားဝယ်သားများ မက်မက်စက်စက်ကြိုက်သော ဆီမလိုသည့် ငါးစဉ်းကောဟင်းတစ်ခွက်ရပါပြီ။ ထားဝယ်ဒေသ၌ ငါးစဉ်းကောကို သီဟိုဠ်ရွက်နုကလေးများနှင့် တွဲဖက်စားသုံးကြ၏။

**မှတ်ချက်**။ ။ ငါးဇင်းပြားမရနိုင်က ငါးကုန်းညို၊ ငါးမုတ်၊ ငါးဓားလွယ် ငါးမျိုးများနှင့် စဉ်းကောထိုးစားကြသည်။ ပအုံးရည်မရှိက ရှောက်သံပရာနှင့် ရှာလကာရည်တို့ကို အစားထိုးသုံးသည်။

**စံလွင် (ငါးဦးစီး)**



ငါးဇင်းပြား



ပအုံးရည်

# ကယန်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ဆင်ယင်ထုံးဖွဲ့မှု

■ ရာမည

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စုပေါင်းနေထိုင်ကြသည်။ ယခင်က ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရန်ခက်ခဲသော အချိန်ကာလများရှိခဲ့သည်။ ယနေ့ကာလတွင်မူ ခရီးလမ်းပန်းအခက်အခဲများ လျော့ပါးလာခဲ့ပြီဖြစ်သည့် အားလျော်စွာ သွေးချင်းညီအစ်ကိုမောင်နှမများ၏ ဒေသန္တရသဘာဝအလှအပများ၊ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများကို ပိုမိုထိတွေ့ခွင့်ရရှိလာပြီဖြစ်သည်။

တစ်ချိန်တည်းမှာပင် ယနေ့ နည်းပညာခေတ်၏ အမျိုးမျိုးသော တိုးတက်မှုများကြားမှ ဘေးထွက်ဆိုးကျိုးများဖြစ်သော အမျိုးသားကိုယ်ပိုင်ယဉ်ကျေးမှု ပွန်းပဲ့တိုက်စားခြင်းများသည် သွေးချင်းတို့၏ လူငယ်များတွင်လည်း သက်ရောက်လျက်ရှိနေပြီဖြစ်သည်။ မိမိတို့မျိုးနွယ်စု၏ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို အရှည်တည်တံ့အောင် မြတ်နိုးသော စိတ်ဓာတ်ဖြင့် ထိန်းသိမ်းရန်အရေးကြီးသကဲ့သို့ မျိုးနွယ်စုတစ်ခုမှ လူကြီး၊ လူငယ်တို့၏ လက်ဆင့်ကမ်းအမွေပေးအပ်ရန်လည်း အထူးလိုအပ်လှပေသည်။

ကယားမျိုးနွယ်စုကိုးမျိုးတွင် ကယန်း(ပဒေါင်)မျိုးနွယ်စုလည်း ပါဝင်သည်။ ကယန်းမှာ မျိုးနွယ်စုဖြစ်၍ ပဒေါင်မှာ ကြေးကွင်းဟု အဓိပ္ပာယ်ရသည်။ ကယန်းတိုင်းရင်းသားများက မိမိတို့သည် ကမ်းယံဟူသော မူလို့က်မှ ဆင်းသက်လာသည့် ကရင်အစုငယ်အုပ်စုမှ ဖြစ်သည်ဟု ယုံကြည်ကြသည်။ မြန်မာ ခုနစ်မျိုးတွင် "သက်နှင့် ရခိုင်၊ နိုင်းမြိုင် တောင်သူ၊ ပျူ ကမ်းယံ၊ ယော၊ ထားဝယ်နှောက မျိုးသတ္တ" ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပေရာ ပထဝီဝင် အနေအထား၊ ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် တစ်ဦးနှင့်တစ်ဦး အဆက်ပြတ်ကာ ရောက်ရာအရပ်တွင် ကိုယ့်အစုနှင့်ကိုယ် နေထိုင်ခြင်းတို့ကြောင့် အပြောအဆို၊ အနေအထိုင်၊ ဝတ်စားဆင်ယင်မှု၊ အမူအရာ၊ ဓလေ့ထုံးစံများ အနည်းငယ်ကွဲပြားကြသော်လည်း "အရင်းစစ် အမြစ်မြေက"ဆိုသလို ပင်စည်တစ်ပင်တည်းမှ ဖြာထွက်လာသော အကိုင်းအခက်များ ဖြစ်သည်။ လူသိနည်းသည့် တိုင်းရင်းသား ကယန်းလူမျိုးသည်လည်း ထိုပင်စည်မှ ဖြာထွက်လာသော အကိုင်းအခက်တစ်ခုပင် ဖြစ်သည်။

တိုင်းရင်းသား ကယန်းလူမျိုးတို့သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် သံတောင်ကြီးမြို့ မြောက်ပိုင်းနှင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အရှေ့ဘက်တောင်ပေါ်ဒေသတွင် ပျံ့နှံ့စွာနေထိုင်ကြသည်။ ဝတ်စားဆင်ယင်မှု၌ ကယန်း(ပဒေါင်)အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုသည် တစ်မူထူးခြားနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ၎င်းတို့သည်ဦးခေါင်းထိပ်ပိုင်း၌ ဆံထိုး ထိုးထားကြသည်။ နဖူးအထက်တွင် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်ပါသည့် သိုးမွေးနှင့် ပိတ်စဖြင့်စည်း၍ ဆင်မြန်းကြသည်။ နားနှစ်ဖက်တွင် ငွေနားတောင်း၊ ငွေနားဆွဲများဆွဲ၍ ဆင်မြန်းကြသည်။ လည်ဆွဲအဆင်တန်ဆာများဖြင့် ကွင်းဆက် ငွေကြိုးနှစ်ကုံး၊ ငွေပြားကြီး ခုနစ်ချပ်၊ ငွေပြားငယ် ၁၀ ချပ်ကို သီးခြားဝတ်ဆင်ကြသည်။

ထို့ပြင် လည်ပင်းအနောက်ဘက်တွင်လည်း ငွေပြားငယ်များ ဆင်မြန်းကြသည်။ လည်ပင်းတွင် ကြေးကွင်းများပတ်ထားပြီး မေးရိုးအောက် လည်ပင်းနှင့် ကြေးကွင်းအကြားတွင် ကြေးကွင်းပွတ်တိုက်မှုဒဏ်ကို ခံနိုင်ရည်ရှိစေရန်အတွက် အနက်ရောင်ပိတ်စဖြင့် ခုထားသည်။ ပိတ်စကို ရောင်စုံသိုးမွေးချည်၊ ပုလဲ၊ ပုလဲပုတီးများဖြင့် အနားကွပ်၍ အနားနှစ်ဖက်ကို ပုလဲများ၊ ရောင်စုံသိုးမွေးများ အမြိတ်ဆွဲထားသည်။ မိုင်း(ခေါ်)တစ်ပေခွဲခန့်ရှည်လျားသည့် ခေါင်းပွ ငွေပုတီးကို လည်တိုင်အောက် ငွေကြိုးနှင့်ချိတ်ဆက်၍ ပုတီးကုံးအခြားတစ်ဖက်မှ ငွေပြားကြီးသည် နားအောက်ရှိ ကြေးကွင်းကြားတွင် ညှပ်ထားရသည်။ ငွေပုတီးလုံးများ(ငွေပုတီးကုံးများ)ကို လည်တိုင်ညာဘက်နှင့် ရင်ဘတ်ပေါ်တွင် ချိတ်ဆွဲဆင်မြန်းကြသည်။

ထို့အပြင် ခန္ဓာကိုယ်အောက်ပိုင်းတွင် ချည်ထည်အနက်ရောင်ဖြင့် ရက်လုပ်သည့် ဂျပ်ခုတ်ထဘီကို ဒူးခေါင်းအဆစ်ဖုံးသည်အထိ ဝတ်ဆင်ကြသည်။ လက်တွင် အခေါင်းပွ ငွေလက်ကောက်လေးကွင်းနှင့် တစ်မတ်လုံးရှိ အခေါင်းပိတ် ငွေလက်ကောက်သုံးကွင်းစီကို လက်နှစ်ဖက်တွင်ပတ်၍ ဝတ်ဆင်ကြသည်။ ဒူးခေါင်းအောက် ခြေသလုံးအရင်းတွင် ကြေးကွင်းများပတ်ပြီး တစ်ဖက်လျှင် ချုသီး နှစ်လုံးစီ ချိတ်ဆွဲထားသည်။ ခြေသလုံးကို ပိတ်စအနက်ရောင်ဖြင့် ဖုံးအုပ်ပိတ်ထားသည်။ အချို့သော အမျိုးသမီးများက ခြေချင်းဝတ်နေရာတွင် (ဘုတ်သ)ခေါ် အသီးဖြူတစ်မျိုးကို ပုလဲသီကုံးသကဲ့သို့ သီကုံးပြီး ခြေတစ်ဖက်လျှင် သုံးကွင်းစီပတ်၍ ဝတ်ဆင်ကြသည်။

အထူးကဏ္ဍ [ ဂ ] သို့ »»



ကယန်း(ပဒေါင်)ရိုးရာမြေအိုးပြုလုပ်နေသည့် ကယန်း(ပဒေါင်)အမျိုးသမီးတစ်ဦး။ ဓာတ်ပုံ - ခွန်းဆက်နေ

# ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများပြပွဲ ကျင်းပ



**ထားဝယ် ဒီဇင်ဘာ ၂၉**

ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများကို ထိန်းသိမ်းတန်ဖိုးထားတတ်လာစေရန်၊ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို မပျောက်ပျက်အောင် လက်ဆင့်ကမ်းထိန်းသိမ်းထားတတ်လာစေရန်ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ထားဝယ်ဒေသအတွင်းရှိ ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ထားဝယ်ခရိုင် ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာလာဝင်းက ပြပွဲဆောင်ရွက်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာရေးဆရာကြီး ဦးဘမြင့်က ထားဝယ်စာပေစကား၊ ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားကာ ထားဝယ်ရိုးရာယဉ်ကျေးမှုအဖွဲ့မှ ဆရာဦးကိုကိုကြီးက ထားဝယ်ရိုးရာယဉ်ကျေးမှု၊ ဝတ်စားဆင်ယဉ်မှုနှင့် ဓလေ့ထုံးတမ်းများအကြောင်းနှင့် ထားဝယ်ရိုးရာယိမ်းအကဖြစ်ပေါ်လာမှုသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ စာရေးဆရာကြီး ဦးဘမြင့်နှင့် ဦးထွန်းကြည်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသော ထားဝယ်ရိုးရာယဉ်ကျေးမှု အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် ရှေးဟောင်းပစ္စည်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြသည်။

ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများကို ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြတိုက်ငယ်တွင် ခင်းကျင်းပြသထားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်

**မိုးကုတ်အဖွဲ့ချုပ် အသိအမှတ်ပြုဓမ္မကထိကများအား ပင့်လျှောက်လွှာပါဘုရား---**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယကချုပ်ဆရာတော်ကြီး ဘဒ္ဒန္တဇနိတာလင်္ကာရမထေရ်မြတ်နှင့် ဒုတိယနာယကချုပ်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တအဂ္ဂဉာဏမထေရ်မြတ် နှစ်ပါးတို့အား မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက ဆရာတော်၊ သံဃာတော်အားလုံးတို့နှင့် အလုပ်အမှုဆောင်များ၊ စေတနာရှင် အလှူရှင်အားလုံးတို့မှ ပူဇော်သည့် "အာစရိယဂုဏဝိသိဋ္ဌဝန္ဒနာပူဇာမင်္ဂလာ"ပွဲမဟာနှင့် နာယကဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည့် "ဩဝါဒပဋိဂ္ဂဟဏမင်္ဂလာ"ပွဲမဟာတို့ကို (၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်)၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်(သောကြာနေ့)၊ နံနက် ၉း၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ပြည်နယ်/တိုင်းဒေသကြီးရှိ မိုးကုတ်အဖွဲ့ချုပ် အသိအမှတ်ပြုဓမ္မကထိက ဆရာတော်များသည် ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် (မပျက်မကွက်) ကြွရောက်တော်မူပါရန် ပင့်လျှောက်အပ်ပါသည်ဘုရား။

**အမှုဆောင်အဖွဲ့**


**ထီပီတန်း**
အိမ်ခြံမြေ / အိမ်ငှားလုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259



**ဆင်ဖြူတော်**
ထယ်မြေအကျိုးဆောင်မှ
ရောင်းမည်
ထယ်မြေ (22.92)ဧက
09 799285868
09 260593388


## မဟာဓမ္မရံသီအိမ်တော်ရာစေတီတော်(ရန်ကုန်)
## ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရံသီအိမ်တော်ရာစေတီတော်မြတ်ကြီး၏ (၁၆၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးအား နှစ်သစ်ကူးရက်မြတ်မင်္ဂလာဖြစ်သည့် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁ရက်(ပြာသိုလပြည့်နေ့) (တနင်္လာနေ့) ညနေ ၄နာရီတွင် စေတီတော်ရင်ပြင်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပါမည်။ ယင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးသို့ ဘုရားအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အပါအဝင် ဆရာတော် သံဃာတော်(၅၁)ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခံကြမည်ဖြစ်ပါသည်။ သို့ပါ၍ ပွဲတော်ကြီးဝေယျာဝစ္စအတွက် တတ်အားသရွေ့ ပါဝင်လှူဒါန်းကြပါရန်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူလိုကြသူများအနေဖြင့် ဂေါပကအဖွဲ့ရုံး၊ ဖုန်း-၁၈၁၇၇၉၄နှင့် ၁၇၉၈၄၁ သို့ ဆက်သွယ်နိုင်ပါကြောင်း လေးမြတ်စွာ ဖိတ်ကြားနိူးဆော်အပ်ပါသည်။

**ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးကော်မတီ**

## အမှတ်(၂)၊ ဒေသကောလိပ်(၁၉၇၈-၁၉၈၀)ခုနှစ်၊ ရုပ်ရှင်လုပ်ငန်းအတတ်ပညာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အာစရိယပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားနိူးဆော်အပ်ပါသည်။

နေ့ရက် - ၁၄-၁-၂၀၁၈ ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၈း၃၀-၁၁း၀၀ နာရီ
နေရာ - M3 Food Center (Diamond Hall)

**ဆက်သွယ်ရန် -**
**ဦးခင်ဇော်-၀၉-၅၀၉၂၆၇၅**
**ဦးဇော်မြင့်ဦး-၀၉-၅၀၀၆၉၁၄**
**ဦးသီဟကျော်စိုး-၀၉-၅၁၇၆၄၃၂**
**ဒေါ်ခင်နီလာ-၀၉-၇၉၉၈၇၇၉၉၈**
**ဒေါက်တာလှလှမိုး-၀၉-၇၉၆၃၂၆၆၅၇**
**ဒေါ်ခင်ညို-၀၉-၂၅၂၀၅၅၆၀၉**
**ဒေါ်လှလှမြင့်-၀၉-၅၁၈၁၉၂၄**


"သင်တန်းဆိုတာ ... "
ALL Trainings Are Essemential For Your Success
Vehicle Driving & Maintenance Training
**ရောင်နီဦး**
AURORA
ယာဉ်မောင်း၊ စက်ပြင်သင်တန်းကျောင်း
Ph-09-73235126, 09-43163080, 09-43170116
Ph-09-43187831, 09-420317778


### အမည်ပေါက်ရောင်းမည်

ပေ(၄၀×၆၀)၊ စံချိန်မှီ (၁)၊ ကျောက်တန်း၊ အရှုပ်အရှင်းကင်း၊ အမည်ပေါက် ပါမစ်၊ ရှင်းနီးမြုပ်နှံသင့်သည့်မြေ၊ (၉၇)သိန်း။

**ဖုန်း-၀၉-၉၇၂၆၆၃၃၆**


**ရွှေနှင်းဆီ**
အိမ်ခြံမြေ / အိမ်ငှားလုပ်ငန်း
မြို့တွင်း / နယ်ဝေး
09 770639155
09 773733163


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

(Revision Class)

[illegible]

### ချဉ်ပေါင်ပွင့်အခြောက်ဝယ်သည်

အတွင်းချဉ်ပေါင်စေ့နှင့် အူတိုင်အမာဖယ်ပြီးဖြစ်ရမည် အနီပွင့်ကိုသာ ဝယ်မည်။

အခြောက်လှန်းပြီးသားသာ ဝယ်မည်။

**ဖုန်း-၀၉-၄၀၄၄၇၄၄၁၇**





### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

[illegible] မြေ (၄၀ × ၆၀)၊ [illegible] (၆၇ သိန်း)၊ ညှိနှိုင်း။

[illegible]


### ပျောက်ဆုံးကြောင်း

ကျွန်တော် မျိုးမင်းအောင်၏ သင်္ဘောသား လုပ်သက်မှတ်တမ်းစာအုပ် ရန်-၉၇၁၈/၁၆ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၂၄၇၁၈**

### ကန့်ကွက်နိုင်ပါကြောင်း

[illegible]

ဦးအောင်နိုင် ( LL.B, D.B.L, D.I.L )

[illegible]

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းထက်လင်းသည် ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ စိန်ချယ်ရီလမ်း၊ မြေကွက်အမှတ်(၄၇၁)၊ (အလျားပေ ၄၀×အနံပေ ၆၀)မြေကွက်ကို အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အရောင်းအဝယ်ပြုလုပ်မည်ဖြစ်၍ ဤမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်မာသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာစာပါသည့်နေ့မှ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ရန်နှင့် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်စွာထက်(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၂၈၉၁)၊ ဖုန်း-၀၉-၇၉၅၁၅၈၀၄၀**

### ဖခင်အမည်မှန်

သန်လျင်မြို့၊ အလက(ကုလားဝဲ) သတ္တမတန်းတွင် ပညာသင်ကြားနေသော မခင်သီဦး၏ ဖခင်အမည်မှန်မှာ ဦးရင်ထွန်း[၁၂/သလန(နိုင်)၁၃၄၈၉၆]ဖြစ်ပါကြောင်း။

**ဦးရင်ထွန်း**

### မွေးသက္ကရာဇ်အမှန်

ပဲခူးမြို့၊ ကလျာဏီရပ်(၄)လမ်း၊ အမှတ်(၄၇၈)နေ အဖ ဦးမိုးကျော်လွင်၏သား မောင်ထွန်းလင်းနေ[၇/ပခန(နိုင်) ၃၇၅၂၂၅]၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အရ (၃၀-၇-၁၉၉၈)ဖြစ်ပါသည်။ **ထွန်းလင်းနေ**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ လှိုင်အေးရိပ်သာအိမ်ရာ၊ ဘုရင့်နောင်လမ်းမ၊ တိုက်(၁)၊ အခန်း(၁၀၄)၊ ပထမထပ်တိုက်ခန်းသည် မြို့ပြနှင့် အိမ်ရာဦးစီးဌာနတွင် ဦးကြည်လွင်[၁၂/လမန(နိုင်)၁၃၀၄၇၄] အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ ဦးကြည်လွင်ထံမှ အဆင့်ဆင့် တရားဝင် ဝယ်ယူပြီး လက်ရှိပိုင်ဆိုင်ထားရှိသူ ဒေါ်တင်တင်ဝင်း[၁၂/စခန(နိုင်)၀၂၈၉၇၅]ထံမှ ဦးသိန်းစိုး[၁၂/လမန(နိုင်)၁၃၅၁၆၉]+ဒေါ်လှယုမော်[၁၂/စခန(နိုင်)၀၅၂၄၇၄]တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းစိုး+ဒေါ်လှယုမော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀**

